# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၇ ရက်  ၂၀၂၁ ခုနှစ်၊ ဇွန် ၁ ရက်၊ အင်္ဂါနေ့  အတွဲ (၆၀)၊ အမှတ် (၂၄၁)


**မိမိပြုဖွယ် အမှုကိစ္စ**

သီလနှင့်လည်းပြည့်စုံ၊ ဉာဏ်အမြင်နှင့်လည်း ပြည့်စုံ၍ တရားဌ်တည်ကာ အမှန်တရားကိုလည်း သိတတ်သော မိမိပြုဖွယ်အမှုကိစ္စကိုလည်း ပြုတတ်သူကို လူအပေါင်းသည် ချစ်မြတ်နိုး၏။

ပိယဝဂ်(ဓမ္မပဒ-၂၁၇)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကရင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား တွေ့ဆုံ အမှာစကားပြောကြားစဉ်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကရင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား တွေ့ဆုံအမှာစကားပြောကြား

## တပ်မတော်အနေဖြင့် နိုင်ငံနှင့်ပြည်သူလူထုမှ လိုလားသည့် ဖက်ဒရယ်စနစ်ကိုအခြေခံသော ဒီမိုကရေစီစနစ်ကို ခိုင်ခိုင်မာမာ လျှောက်လှမ်းနိုင်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၃၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ကရင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား ဘားအံမြို့ရှိ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံး၌ သွားရောက်တွေ့ဆုံ အမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ မန်းငြိမ်းမောင်၊ ဒေါက်တာ ဗညားအောင်မိုး၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာ ညွန့်ဖေ၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဦးရွှေလေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ကရင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးစောမြင့်ဦး၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုမောင်၊ ပြည်နယ်တရားသူကြီးချုပ်၊ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များအား ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်

*စာမျက်နှာ ၃ ကော်လံ ၁* ✻

---


**နိုင်ငံတကာခရီးသည်တင်လေကြောင်းခရီးစဉ်များ မြန်မာနိုင်ငံသို့ ပျံသန်းဆင်းသက်ခြင်းကို ယာယီကန့်သတ်ခြင်းဆိုင်ရာ ညွှန်ကြားချက်၏ သက်ရောက်မှုကာလ တိုးမြှင့်သတ်မှတ်**

(ပြည်တွင်းသတင်း) (စာ-၄)

**ပညာသင်ယူခွင့်ကို နှောင့်ယှက်ဟန့်တား အကြမ်းဖက်မှုတွေ အဆုံးသတ်ပါ**

(ဆောင်းပါး) (စာ-၁၈)





**အာရှသည် ကိုဗစ်-၁၉ ကူးစက်မှုမှ ပြန်လည်နာလန်ထူလာချိန်တွင် တရုတ်နိုင်ငံက ကိုဗစ်-၁၉ ကာကွယ်ဆေးထိုး ဆောင်ရွက်မှုများကို အရှိန်မြှင့်တင်လုပ်ဆောင်**

(နိုင်ငံတကာရေးရာ) (စာ-၁၃)

မြန်မာ့အလင်း

# စီးပွားဖွံ့ဖြိုးမှုနှင့် အဂတိကင်းစင်ရေး

အဂတိလိုက်စားမှုသည် လူ့သမိုင်းအစမှ မျက်မှောက်ခေတ်ကာလအထိ လူ့အဖွဲ့အစည်းများအတွင်း စွဲမြဲစွာလိုက်စားလျက်ရှိပြီး ၎င်း၏အကျိုးဆက်များမှာလည်း ကျယ်ပြန့်လှသည်။ အဂတိလိုက်စားမှုအပေါ် ဝေါဟာရအဓိပ္ပာယ်ဖွင့်ဆိုချက်များမှာလည်း အမျိုးမျိုးရှိနေကြပြီး အနှစ်သဘောအားဖြင့်မူ ကျင့်ဝတ်ပျက်ပြားခြင်းပင်ဖြစ်သည်။

အဂတိလိုက်စားမှုဟူသည် အများပြည်သူဆိုင်ရာ လုပ်ပိုင်ခွင့်အာဏာကို ကိုယ်ကျိုးအတွက် အသုံးချခြင်းဟူ၍ သာမန်အားဖြင့် အဓိပ္ပာယ်ဖွင့်ဆိုမှုမှာ လုံလောက်ခြင်းမရှိ။ ရိုးသားမှုပျောက်ဆုံးခြင်း၊ အမှန်တရားမှ သွေဖည်ခြင်း၊ ယိုယွင်းပျက်စီးခြင်း၊ မရိုးမဖြောင့်ခြင်း၊ ဖုံးကွယ်ထားခြင်း၊ ပုပ်သိုးဆွေးမြည့်ခြင်း စသည့် အနက်အဓိပ္ပာယ်များကိုပါ ပေါင်းစပ်ထည့်သွင်းရန် လိုအပ်သည်ဟု ဆိုကြသည်။ အဂတိလိုက်စားမှုကြောင့် အစိုးရနှင့်ဈေးကွက်များအပေါ် ပြည်သူ၏ယုံကြည်မှုကို ပျက်စီးစေသည်။ နိုင်ငံ၏နိုင်ငံရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို လျော့နည်းစေသည်။ နိုင်ငံရေးနှင့် စီးပွားရေးစနစ်တို့၏ ဖြောင့်မတ်တည်ကြည်မှုကိုလည်း လျော့ပါးစေသည်။ ဆင်းရဲနွမ်းပါးမှုကို မြင့်တက်စေပြီး လူ့အခွင့်အရေးကို လျော့ကျစေသည်။ လူတို့၏ တွေးခေါ်မှုများကို မမှန်မကန်ဖြစ်စေသည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒများကို ထိပါးစေပြီး လူ့အဖွဲ့အစည်းအတွင်း မညီမျှမှုကို လွန်လွန်ကဲကဲ ဖြစ်ပေါ်စေသည်။ အဂတိလိုက်စားမှု၏ အကျိုးသက်ရောက်မှုမှာ ကြီးမားကျယ်ပြန့်လွန်းလှသဖြင့် နိုင်ငံတိုင်း၊ လူမျိုးတိုင်းက အကြီးမားဆုံးသောစိန်ခေါ်မှုအဖြစ် သတ်မှတ်ထားကြသည်။

အဂတိလိုက်စားမှုများကြောင့် နိုင်ငံ၏ အသားတင်ကုန်ထုတ်လုပ်မှုတန်ဖိုး (GDP) ဆုံးရှုံးမှုများဖြစ်ပေါ်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်မှု လျော့နည်းရသည်။ ကန်ထရိုက်စာချုပ်များတွင်လည်း အဂတိလိုက်စားမှုကြောင့် မျှတသောယှဉ်ပြိုင်မှုကို ထိခိုက်စေပြီး အရည်အသွေးရှိသည့် ပုဂ္ဂိုလ်နှင့်လုပ်ငန်းများ ပြိုလဲသွားနိုင်သည်။ တစ်ဆက်တည်းမှာပင် အရည်အသွေးညံ့ဖျင်းသည့် စီးပွားရေးများဖြစ်ပေါ်လာစေပြီး ဖွံ့ဖြိုးမှုနောက်ကျစေမည်ဖြစ်သည်။ နိုင်ငံအဆင့် အဂတိလိုက်စားမှုတွင် နိုင်ငံအတွက် အခွန်ဘဏ္ဍာငွေများကို အဆင့်မြင့်အရာရှိက လာဘ်အဖြစ် ရယူသွားခြင်းကြောင့် နိုင်ငံ၀င်ငွေနှင့် ဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်စေသည်။ လမ်း၊ တံတားများအပါအဝင် အခြေခံအဆောက်အအုံများ ဆောက်လုပ်မှုတွင် အရည်အသွေးညံ့ဖျင်းမှုများမှာ အဂတိလိုက်စားမှုကြောင့် ဖြစ်ပေါ်လာသည်။ နိုင်ငံအဆင့်အဂတိလိုက်စားမှုများ ကျယ်ပြန့်လာမည်ဆိုပါက နိုင်ငံသားများ၏ အကျိုးစီးပွားအပေါ် ခြိမ်းခြောက်လာမည်ဖြစ်ပြီး နိုင်ငံသားများအတွင်း၌လည်း သဘောထားကွဲလွဲမှုများ ဖြစ်ပေါ်လာစေနိုင်သည်။ နိုင်ငံ၏ တည်ငြိမ်အေးချမ်းမှု ကို ထိခိုက်စေပြီး ပဋိပက္ခများ ပြင်းပြင်းထန်ထန်ဖြစ်ပေါ်လာသည်အထိ ဦးတည်သွားနိုင်သည်။

အုပ်ချုပ်ရေးစနစ်ကောင်းမွန်ခြင်းက စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကကျသည်။ အဂတိလိုက်စားမှုများကို ထိရောက်စွာကိုင်တွယ်ခြင်း၊ ပွင့်လင်းမြင်သာမှုနှင့် ဖြောင့်မတ်တည်ကြည်မှုရှိခြင်း၊ အများပြည်သူဆိုင်ရာကဏ္ဍတွင် တာဝန်ယူမှု၊ တာဝန်ခံမှုရှိခြင်း၊ ထိရောက်အကျိုးရှိသည့် လုပ်ငန်းများအား အကောင်အထည်ဖော်ခြင်း၊ တရားဥပဒေစိုးမိုးမှုခိုင်မာခြင်းတို့ဖြင့် ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်ကိုမြှင့်တင်ကာ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးသို့ ရှေးရှုနိုင်မည်ဖြစ်ပါကြောင်း။ ။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ မတ်လအတွင်း မြန်မာနိုင်ငံ၏ ပို့ကုန်၊ သွင်းကုန် အခြေအနေ

**နေပြည်တော် မေ ၃၁**

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ မတ်လအတွက် မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၅၆၅ ဒသမ ၃၃ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၆၃၇ ဒသမ ၈၄ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန် ဒေါ်လာ ၁၂၀၃ ဒသမ ၁၇ သန်းဖြစ်သည်။ ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၉၆၃ ဒသမ ၈၆ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၅၉ ဒသမ ၁၀ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန် ဒေါ်လာ ၁၁၂၂ ဒသမ ၉၆ သန်း ဖြစ်သည်။ သို့ဖြစ်ပါ၍ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ မတ်လအတွက် စုစုပေါင်းကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၂၃၂၆ ဒသမ ၁၃ သန်းဖြစ်ပြီး စုစုပေါင်းကုန်သွယ်မှုပိုငွေမှာ အမေရိကန်ဒေါ်လာ ၈၀ ဒသမ ၂၁ သန်း ဖြစ်ပေါ်ခဲ့သည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ မတ်လအထိ မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၉၉၅ ဒသမ ၅၇ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၈၂၈ ဒသမ ၆၉ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၇၈၂၄ ဒသမ ၂၆ သန်းဖြစ်သည်။ ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၆၂၉၂ ဒသမ ၂၁ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၄၉၂ ဒသမ ၉၃ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၇၇၈၅ ဒသမ ၁၄ သန်း ဖြစ်သည်။ သို့ဖြစ်ပါ၍ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ မတ်လအထိ စုစုပေါင်းကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၁၅၆၀၉ ဒသမ ၄၀ သန်း ဖြစ်ပြီး စုစုပေါင်းကုန်သွယ်မှုပိုငွေမှာ အမေရိကန်ဒေါ်လာ ၃၉ ဒသမ ၁၂ သန်း ဖြစ်ပေါ်ခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့မှ လစဉ်တင်ပြသော ပို့ကုန်၊ သွင်းကုန်အခြေအနေ အစီရင်ခံစာအရ သိရှိရသည်။

**သတင်းစဉ်**

## သတင်းကြေညာချက်

၁။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော POSCO INTERNATIONAL Corporation (Myanmar E&P) သည် ကမ်းလွန်လုပ်ကွက်အမှတ် (A-3) တွင် Controlled Source Electromagnetic (CSEM) Survey လုပ်ငန်းများအား Survey Vessel M/V ATLANTIC GUARDIAN ဖြင့် လုပ်ငန်းများဆောင်ရွက်မည့် ဧရိယာအကျယ်အဝန်းများကို ဖော်ပြသည့် Coordinate များဖြစ်သော Point A မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၂ မိနစ် ၁၃.၁၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၁ ဒီဂရီ ၅၆ မိနစ် ၀၈.၄၂ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၅၄ မိနစ် ၃၀.၆၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၂၄ မိနစ် ၂၂.၆၃ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၀၅ မိနစ် ၀၅.၇၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၁၃ မိနစ် ၃၆.၃၇ စက္ကန့်နှင့် Point D မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၄၁ မိနစ် ၄၁.၃၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၀၂ မိနစ် ၃၈.၇၅ စက္ကန့်တို့တွင် ၂၀၂၂ ခုနှစ်၊ ဇွန်လ ၂၂ ရက်နေ့မှ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ကမ်းလွန်လုပ်ကွက်အမှတ်(A-3)တွင် Controlled Source Electromagnetic (CSEM) Survey လုပ်ငန်းများအား Survey Vessel M/V ATLANTIC GUARDIAN ဖြင့် ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါ Survey တိုင်းတာမည့် တည်နေရာများမှ (၄) ကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများချထားခြင်းမပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။

**ငါးလုပ်ငန်းဦးစီးဌာန**

*※ ရှေ့ဖုံးမှ*

အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် အစည်းအဝေးခန်းမတွင် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးစောမြင့်ဦးက ပြည်နယ်အတွင်း လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှု အခြေအနေများ၊ COVID -19 ရောဂါ ကာကွယ်ဆေးထိုးနှံဆောင်ရွက်ထားရှိမှု အခြေအနေများ၊ နယ်စပ်ကုန်သွယ်မှုဆိုင်ရာ ကိစ္စရပ်များနှင့် အထွေထွေအချက်အလက်များကို ရှင်းလင်းတင်ပြသည်။

**နိုင်ငံသားများမှတ်ပုံတင်ရရှိရေး**

တင်ပြချက်နှင့်စပ်လျဉ်း၍ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လမ်းများတိုးချဲ့ဆောင်ရွက်ရာတွင် သတ်မှတ်ချက်များနှင့် ကိုက်ညီသည့် လမ်းအကျယ်အဝန်းများရှိရန်လိုကြောင်း၊ မော်တော်ဆိုင်ကယ်စီးနင်းမှု များပြားသည့်အတွက် မော်တော်ဆိုင်ကယ်စီးနင်းသူများ အန္တရာယ်ကင်းရှင်းစွာ မောင်းနှင်နိုင်ရေးအတွက်လည်း ဆိုင်ကယ်မောင်းနှင်နိုင်သောလမ်းများ ထည့်သွင်းစဉ်းစား ဆောင်ရွက်ရန်လိုကြောင်း၊ လမ်းများ ရေရှည်ကောင်းမွန်စေရေးအတွက် ရေစီးရေလာကောင်းမွန်ရေးနှင့် လမ်းတစ်လျှောက် အရိပ်ရလေကာပင်များစိုက်ပျိုးရန်လိုကြောင်း၊ အရေးပေါ်ကာလအတွင်း ဆူပူဆန္ဒပြမှုများအား အရေးယူဆောင်ရွက်နေမှုနှင့် ပတ်သက်၍ ဒီမိုကရေစီစနစ်တွင် ဆန္ဒပြမှုများရှိမည်ဖြစ်ကြောင်း၊ သို့သော် ပြဿနာအားပိုမိုကြီးထွားစေရန် သတင်းမှားများဖြင့် လှုံ့ဆော်မှုများ ဆောင်ရွက်နေသူများနှင့် အန္တရာယ်ရှိအောင် ဆောင်ရွက်နေသူများကိုသာ အရေးယူဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမရရှိသေးသည့် နိုင်ငံသားများအား ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်နေမှုနှင့်ပတ်သက်၍ ပြီးခဲ့သည့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ မဲစာရင်းများ မှားယွင်းမှုများ ဖြစ်ပေါ်မှုကြောင့် စိစစ်ခဲ့ချိန်၌ ကရင်ပြည်နယ်တွင် နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ ဆန္ဒမဲပေးခဲ့သူ ၂၃၉၀၀၀ ကျော် ပါဝင်ခဲ့သည်ကို စိစစ်တွေ့ရှိခဲ့ရကြောင်း၊ ထို့ကြောင့် သတ်မှတ်ကာလအတွင်း နိုင်ငံသားများမှတ်ပုံတင်ရရှိရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံသားစိစစ်ရေးကတ်ရခွင့်ရှိသည့် တိုင်းရင်းသားအားလုံးနှင့် ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေနှင့် အကျုံးဝင်သူများအားလုံး နိုင်ငံသားစိစစ်ရေးကတ်ရရှိအောင် ဆောင်ရွက်ပေးမည် ဖြစ်ကြောင်း၊ မိမိတို့တာဝန်ယူချိန်ကာလအတွင်း ရှေ့လုပ်ငန်းစဉ် (၅)ရပ်ချမှတ်၍ ဆောင်ရွက်လျက်ရှိပြီး လွတ်လပ်၍မျှတမှုရှိသည့် ရွေးကောက်ပွဲပြန်လည်ကျင်းပနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ဆန္ဒမဲများပေးသည့်အချိန်တွင် နိုင်ငံသားတိုင်း နိုင်ငံသားစိစစ်ရေးကတ်များရှိရန် ဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ တောင်ကလေးကျောင်းတိုက် ပဓာန နာယက ဆရာတော်အား ဆွမ်းဆန်တော်နှင့် ဆီများ ဆက်ကပ်လှူဒါန်းစဉ်။

**နိုင်ငံချစ်စိတ်နှင့် မျိုးချစ်စိတ်ကိုပါမြှင့်တင်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံ၏ အားကစားကဏ္ဍသည် ရှေးယခင်က ထိပ်တန်းအဆင့်တွင်ရှိခဲ့သော်လည်း ယခုနောက်ပိုင်းတွင် အာဆီယံအဆင့်၌ပင် နိမ့်ကျလျက်ရှိကြောင်း၊ အားကစားသည် ချက်ချင်းဆောင်ရွက်၍မရဘဲ အချိန်ယူ၍ ဆောင်ရွက်ရကြောင်း၊ အားကစားမြှင့်တင်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အားကစားသမားများ၏ ကျန်းမာကြံ့ခိုင်ရေးနှင့် ကစားနည်းစနစ်များသာမက အားကစားကွင်းများ၊ အားကစားရုံများသည်လည်း အဆင့်အတန်းမီစွာရှိရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်မှ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အားကစားကွင်းများ၊ မိုးလုံလေလုံအားကစားရုံများနှင့် အဆင့်မီရေကူးကန်များအား ဖြည့်ဆည်းတည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း၊ အားကစားကွင်းများနှင့် အားကစားရုံများ တည်ဆောက်ရာတွင်လည်း သတ်မှတ်ချက်များနှင့်အညီ စနစ်တကျဖြင့် တည်ဆောက်ရန်လိုကြောင်း၊ အားကစားသည် ကျန်းမာရေးကိုသာမက နိုင်ငံချစ်စိတ်နှင့် မျိုးချစ်စိတ်ကိုပါ မြှင့်တင်ပေးနိုင်ကြောင်း၊ ထို့ကြောင့် အားကစားကဏ္ဍမြှင့်တင်ပြီး နိုင်ငံ၏ဂုဏ်ကိုမြှင့်တင်ရန်လိုကြောင်း။

**တိုင်းရင်းသားလူမျိုးပေါင်းစုံနေထိုင်**

ကရင်ပြည်နယ်သည် သာယာလှပသည့် ပြည်နယ်တစ်ခုဖြစ်ပြီး ပြည်နယ်အတွင်း တိုင်းရင်းသားလူမျိုးပေါင်းစုံနေထိုင်လျက်ရှိကြောင်း၊ ကရင်ပြည်နယ်၏ မျှော်မှန်း သက်တမ်းသည် မြန်မာနိုင်ငံ၏ မျှော်မှန်းသက်တမ်းထက် ၂ ဒသမ ၅ နှစ်ခန့် လျော့နည်းလျက်ရှိသဖြင့် ပြည်နယ်အတွင်း နေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများအနေဖြင့် အာဟာရပြည့်ဝသည့်စားသောက်မှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပြည့်ဝစွာရရှိရန်လိုအပ်ကြောင်း၊ ထို့အပြင် ကျန်းမာရေးကို ထိခိုက်စေနိုင်သည့် အချိုမှုန့်စားသုံးမှုများ၊ မူးယစ်ဆေးဝါးနှင့် အရက်၊ ဆေးလိပ်၊ ကွမ်းများ သုံးစွဲမှုကို တတ်နိုင်သမျှ ရှောင်ကြဉ်ရန် လိုအပ်ကြောင်း။

**နိုင်ငံခြားကုန်သွယ်မှုများအပေါ်တွင်မူတည်**

စိုက်ပျိုးရေးနှင့်ပတ်သက်၍ ကရင်ပြည်နယ်သည် ဆန်ဖူလုံမှုရှိပြီး အခြားသီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ ပဲတီစိမ်းနှင့် အခြား နှစ်တို၊ နှစ်ရှည် သီးနှံပင်များ စိုက်ပျိုးလျက်ရှိသဖြင့် ပြည်နယ်အတွင်း စိုက်ပျိုးရေးအားကောင်းသည်ကိုတွေ့ရှိရကြောင်း၊ ဒေသအတွင်း ဝမ်းစာဖူလုံရေးအတွက် စပါးအထွက်နှုန်းတိုးတက်ရေးဆောင်ရွက်ရန်လိုကြောင်း၊ မွေးမြူရေးနှင့်ပတ်သက်၍ လူအများစားသုံးသည့် ကြက်၊ ဝက်၊ နွား၊ ဆိတ်နှင့် ငါးမွေးမြူရေးလုပ်ငန်းများအား တိုးတက်ဖြစ်ထွန်းအောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်များအား ဒေသတွင်းအရည်အသွေးပြည့်မီသည့် ကုန်ချောများအဖြစ်ထုတ်လုပ်၍ ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်ပါက ဒေသတွင်း စီးပွားရေးကောင်းမွန်လာမည်ဖြစ်သည့်အပြင် ပြင်ပမှ ဝယ်ယူစားသုံးမှုများကို လျှော့ချပေးနိုင်မည်ဖြစ်ကြောင်း၊ သို့မှသာ သုံးစွဲငွေလျော့နည်းပြီး ဒေသတွင်း လူမှုစီးပွားဘဝကို တိုးတက်စေမည်ဖြစ်ကြောင်း၊ နိုင်ငံတစ်ခု၏ တိုးတက်မှုသည် နိုင်ငံ၏ GDPနှင့် နိုင်ငံခြားကုန်သွယ်မှုများအပေါ်တွင်မူတည်ကြောင်း၊ မိမိတို့နိုင်ငံတွင် ဘတ်ဂျက်လိုငွေ များပြားမှုကြောင့် ဖွံ့ဖြိုးမှုနည်းပါးသည့် တိုင်းပြည်စာရင်းတွင် ပါဝင်လျက်ရှိကြောင်း၊ ထို့ကြောင့် ဒေသတွင်းလူမှုစီးပွားဘဝတိုးတက်အောင်ဆောင်ရွက်ပြီး နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် စဉ်းစားဆောင်ရွက်ကြစေလိုကြောင်း။

**လူနေမှုအဆင့်အတန်းလည်း မြင့်မားလာမည်**

နိုင်ငံတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်ဓာတ်အားရရှိမှု၊ ပို့ဆောင်ရေးစနစ်ကောင်းမွန်မှု၊ ဆက်သွယ်ရေးစနစ်ကောင်းမွန်မှုနှင့် လူသားအရင်းအမြစ် ပေါကြွယ်ဝမှုများသည် အဓိကအရေးကြီးကြောင်း၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးနှင့်ပတ်သက်၍ ပြည်နယ်၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည့် ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သည့် ရေအရင်းမြစ်များရှိပြီးဖြစ်ကြောင်း၊ သံလွင်မြစ်ပေါ်တွင် တည်ဆောက်မည့် ဟတ်ကြီးရေအားလျှပ်စစ်စက်ရုံမျိုးသည် ကရင်ပြည်နယ်ကို အထောက်အကူပြုမည်ဖြစ်သဖြင့် ဆောင်ရွက်သင့်ကြောင်း၊ အကြောင်းအမျိုးမျိုးပြ၍ ကန့်ကွက်နေသူများကို နားလည်စေလိုကြောင်း၊ အဆိုပါ ရေအရင်းအမြစ်များကို အသုံးချ၍ ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အား ဖူလုံစွာရရှိအောင် ဆောင်ရွက်နိုင်ခြင်းဖြင့် လျှပ်စစ်ဓာတ်အားအသုံးပြု ဆောင်ရွက်ရသည့် စက်ရုံအလုပ်ရုံများ ပိုမိုတိုးတက်လည်ပတ်ဆောင်ရွက်နိုင်မည့်အပြင် ဒေသခံပြည်သူများ၏ လူနေမှုအဆင့်အတန်းလည်း မြင့်မားလာမည်ဖြစ်ကြောင်း။

**ပညာသင်ကြားနိုင်ရေး ဆောင်ရွက်**

ပညာရည်မြင့်မားရေးနှင့်ပတ်သက်၍ ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းအရ ကရင်ပြည်နယ်အတွင်း ၅ နှစ်နှင့်အထက် ကျောင်းမနေဖူးသူ ဦးရေသည် ပြည်နယ်လူဦးရေ၏ ၂၀ ရာခိုင်နှုန်းရှိသဖြင့် ပြည်နယ်အတွင်း ပညာရေးတိုးတက်အောင်ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ မိမိတို့နိုင်ငံရှိ လူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်တွင်နေထိုင်ကြပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်း ပြုလုပ်နေသူများဖြစ်သဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် အဓိကအထောက်အကူပြုနိုင်သည့် စိုက်ပျိုးမွေးမြူရေးပညာရပ်များ သင်ကြားနိုင်ရေး စိုက်ပျိုးရေးနှင့်

*စာမျက်နှာ ၄ သို့*

❒ **အရေးပေါ်ကာလအတွင်း ဆူပူဆန္ဒပြမှုများအား အရေးယူဆောင်ရွက်နေမှုနှင့် ပတ်သက်၍ ဒီမိုကရေစီစနစ်တွင် ဆန္ဒပြမှုများရှိမည်ဖြစ်ကြောင်း၊ သို့သော် ပြဿနာအားပိုမိုကြီးထွားစေရန် သတင်းမှားများဖြင့် လှုံ့ဆော်မှုများ ဆောင်ရွက်နေသူများနှင့် အန္တရာယ်ရှိအောင် ဆောင်ရွက်နေသူများကိုသာ အရေးယူဆောင်ရွက်နေခြင်းဖြစ်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ အောင်သံလွင် ပြည်နယ်အားကစားကွင်း၌ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ဘောလုံးပွဲစဉ် ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။

*စာမျက်နှာ ၃ မှ*

မွေးမြူရေးသိပ္ပံများ ဖွင့်လှစ်သင်ကြားနိုင်ရန် ဆောင်ရွက်လျက်ရှိပြီး ဆက်လက်၍လည်း အဆင့်မြှင့်တင်နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ COVID-19 ဖြစ်ပွားစဉ် ကာလအတွင်း တစ်နှစ်တာကာလ ကျောင်းများပိတ်ထားခဲ့ရသဖြင့် ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားမှု တစ်နှစ်နောက်ကျခဲ့ရသဖြင့် ကျောင်းသား၊ မိဘများနှင့် နိုင်ငံတော်အတွက် ထိခိုက်နစ်နာမှုများဖြစ်ပေါ်ခဲ့ကြောင်း၊ ယခုအချိန်တွင် မိမိတို့ နိုင်ငံ၌ COVID-19 ရောဂါကူးစက်မှုအတိုင်းအတာတစ်ခုအထိ လျော့ကျလာပြီဖြစ်သဖြင့် ကျောင်းများ ပြန်လည်ဖွင့်လှစ်၍ ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ချိန်တွင် မသမာသူများအနေဖြင့် ပညာရေးစနစ်ကို အနှောင့်အယှက်ဖြစ်စေရေး ကျောင်းများမဖွင့်လှစ်ဖြစ်အောင် အဖျက်အမှောင့်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် ပညာသင်ကြားရေးနှင့် ပတ်သက်၍ နည်းမျိုးစုံဖြင့် နှောင့်ယှက်နေမှုများအပေါ် တာဝန်ရှိသူများအနေဖြင့် နားလည်အောင် ရှင်းလင်း ပြောကြား၍ ပညာရေးကို အားပေးဆောင်ရွက်ရန်လိုကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံနှင့်ပြည်သူလူထုမှ လိုလားသည့် ဖက်ဒရယ်စနစ်ကို အခြေခံသော ဒီမိုကရေစီစနစ်ကို ခိုင်ခိုင်မာမာ လျှောက်လှမ်းနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် လုပ်သင့်လုပ်ထိုက်သည်များကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မှာကြားသည်။

## ❍ စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်များအား ဒေသတွင်းအရည်အသွေးပြည့်မီသည့် ကုန်ချောများအဖြစ် ထုတ်လုပ်၍ ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်ပါက ဒေသတွင်း စီးပွားရေးကောင်းမွန်လာမည်ဖြစ်သည့်အပြင် ပြင်ပမှ ဝယ်ယူစားသုံးမှုများကို လျှော့ချပေးနိုင်မည်ဖြစ်

### ဆက်ကပ်လှူဒါန်း

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဇနီးဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များနှင့်အတူ ဘားအံမြို့ပေါ်ရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများဖြစ်သည့် ဖွဲကပင်ကျောင်းဆရာတော် ဘဒ္ဒန္တကဝိဓဇ၊ လမင်းပရိယတ္တိစာသင်တိုက်ဆရာတော် ဘဒ္ဒန္တကေသရိန္ဒ၊ မဲဘောင်ကျောင်းဆရာတော် ဘဒ္ဒန္တဝိမလတို့အား မဲဘောင်ကျောင်းတိုက်တွင်လည်းကောင်း၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင် ဆရာတော် ဘားအံမြို့ မိုးကယ်ကျောင်းတိုက် ဆရာတော် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တတေဇိန္ဒအား လည်းကောင်း၊ ကော့ထော်ကျေးရွာအုပ်စု၊ တောင်ကလေးကျေးရွာ၊ တောင်ကလေးကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တပညာသာမိအားလည်းကောင်း သွားရောက်ဖူးမြော်ကြည်ညိုကြပြီး သာသနာရေးဆိုင်ရာများ လျှောက်ထားတင်ပြ၍ နဝကမ္မအလှူတော်ငွေများနှင့် လှူဖွယ်ပစ္စည်းများ၊ တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများက လှူဒါန်းသည့် ဆွမ်းဆန်တော်နှင့် ဆီများအား ဆက်ကပ်လှူဒါန်းကြသည်။

### အဆင့်အတန်းမီစွာ တည်ဆောက်

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဖွဲကပင်အဆင့်မြင့်အားကစားကွင်းအား ပြည်နယ်အားကစားကွင်း အဆင့်မြှင့်တင်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် အားကစားကွင်းများ အဆင့်မြှင့်တင်တည်ဆောက်ရာတွင် အဆင့်အတန်းမီစွာ တည်ဆောက်ရန်၊ ကစားကွင်းအတွင်း ပရိသတ်များ ဝင်၊ထွက်မှု အဆင်ပြေစေရေး စဉ်းစားတည်ဆောက်ရန်၊ ပြည်နယ်အဆင့် အားကစားကွင်းဖြစ်သဖြင့် ပြည်နယ်အားကစား တိုးတက်ရေးကို အထောက်အပံ့ပေးနိုင်သည့် အားကစားကွင်းဖြစ်အောင် ဆောင်ရွက်ရန်၊ ရေကူးကန်အား ပြိုင်ပွဲများကျင်းပနိုင်သည်အထိ စနစ်တကျဖြင့် ထည့်သွင်းတည်ဆောက်ရန်တို့ကို မှာကြားခဲ့သည်။ ထို့နောက် အောင်သံလွင် ပြည်နယ်အားကစားကွင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ဘောလုံးပွဲစဉ် ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးပြီး ကွင်းတိုးချဲ့ပြုပြင်နိုင်ရေးအတွက် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နိုင်ငံတကာခရီးသည်တင် လေကြောင်းခရီးစဉ်များ မြန်မာနိုင်ငံသို့ ပျံသန်းဆင်းသက်ခြင်းကို ယာယီကန့်သတ်ခြင်းဆိုင်ရာ ညွှန်ကြားချက်၏ သက်ရောက်မှုကာလ တိုးမြှင့်သတ်မှတ်

မြန်မာနိုင်ငံအတွင်း COVID-19 ရောဂါကူးစက်ဖြစ်ပွားမှုကို ထိန်းချုပ်နိုင်ရေး ဆောင်ရွက်ရာတွင် နိုင်ငံတကာမှ လေကြောင်း ခရီးစဉ်များဖြင့် ခရီးသည်များ ဝင်ရောက်လာမှုကို ကန့်သတ်ထိန်းချုပ်နိုင်ရေးမှာ များစွာ အရေးပါသဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက (၂၉-၃-၂၀၂၀) ရက်နေ့တွင် ထုတ်ပြန်ခဲ့သော နိုင်ငံတကာ ခရီးသည်တင် လေကြောင်းခရီးစဉ်များ (International Commercial Passenger Flights) မြန်မာနိုင်ငံသို့ ပျံသန်းဆင်းသက်ခြင်းကို ယာယီကန့်သတ်ခြင်းဆိုင်ရာ ညွှန်ကြားချက် (Temporary Measures to Prevent Importation of COVID-19 to Myanmar through Air Travel) ကို Temporary Measures to Prevent Importation of COVID-19 to Myanmar through Air Travel Issue-2 အဖြစ် (၃၁-၁၂-၂၀၂၀) ရက်နေ့တွင် ပြင်ဆင်ထုတ်ပြန်ခဲ့ပြီး သက်ရောက်မှုကာလကို COVID-19 ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် (၃၁-၅-၂၀၂၁) ရက်နေ့၊ မြန်မာစံတော်ချိန် (၂၃:၅၉) နာရီအထိ သတ်မှတ်ခဲ့ပါသည်။

ယခုအချိန်ထိ ကမ္ဘာ့နိုင်ငံအများစုတွင် COVID-19 ကပ်ရောဂါ ကူးစက်ပြန့်ပွားမှုနှုန်း မြင့်တက်နေလျက်ရှိကြောင်း တွေ့ရှိရသဖြင့် မြန်မာနိုင်ငံအတွင်းသို့ နိုင်ငံတကာလေကြောင်းခရီးသည်များမှတစ်ဆင့် COVID-19 ရောဂါပိုးကူးစက်မှုအန္တရာယ်မှ ဆက်လက်၍ တားဆီးကာကွယ်နိုင်ရေးအတွက် Coronavirus Disease 2019 (COVID-19) ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် အထက်ပါညွှန်ကြားချက်၏ သက်ရောက်မှုကာလကို (၃၀-၆-၂၀၂၁) ရက်နေ့၊ မြန်မာစံတော်ချိန် (၂၃:၅၉)နာရီအထိ ထပ်မံတိုးမြှင့် သတ်မှတ်လိုက်ကြောင်း အသိပေးထုတ်ပြန်လိုက်သည်။

**ပို့ဆောင်ရေးနှင့်**
**ဆက်သွယ်ရေးဝန်ကြီးဌာန**

## မကွေးတိုင်းဒေသကြီးရှိ အသေးစား အလတ်စား စီးပွားရေးလုပ်ငန်း ၃၀၉၅ ခုကို SME Member Card ထုတ်ပေးနိုင်ခဲ့

**နေပြည်တော် မေ ၃၁**

မကွေးတိုင်းဒေသကြီးအတွင်းရှိ အသေးစား အလတ်စား စီးပွား ရေးလုပ်ငန်းများကို SME Member Card ထုတ်ပေးလျက်ရှိရာ မေလကုန်အထိ စုစုပေါင်း ၃၀၉၅ ခု ထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း မကွေးတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနမှ သိရသည်။

"လုပ်ငန်းရှင်အနေနဲ့ SME Member Card ပြုလုပ်ထားခြင်းအားဖြင့် သူတို့လုပ်ငန်းကို အထောက်အပံ့ ပေးနိုင်မယ့် နည်းပညာ၊ ငွေကြေးအရင်းအနှီး၊ ဈေးကွက် သတင်းအချက်၊ လိုအပ်တဲ့ သင်တန်းတွေ၊ ဆွေးနွေးပွဲတွေ စတာတွေကို ဌာနနဲ့ ချိတ်ဆက်ပြီး ဆောင်ရွက်နိုင်တယ်။ ဥပမာအနေ နဲ့ဆိုရင် SME Member Card ပြုလုပ်ထားတဲ့ သူဟာ ဒီကတ် ရှိတဲ့အတွက် SME ချေးငွေကို အတိုးနှုန်းသက်သာစွာနဲ့ ချေးယူရရှိနိုင်မှာဖြစ်ပါတယ်" ဟု တိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်ထွန်းအောင်က ပြောသည်။

မကွေးတိုင်းဒေသကြီး အတွင်းတွင် SME Member Card ကို ထုတ်လုပ်မှု လုပ်ငန်းများအနေဖြင့် ဆန်စက်၊ ဆီစက်၊ မြေပဲ ခွဲစက်၊ သံပန်းသံတံခါး၊ ဆီးခွဲစက် နှင့် စားသောက်ကုန်လုပ်ငန်းများ၊ ရောင်းဝယ်မှုလုပ်ငန်းများအနေဖြင့် အဝတ်အထည်၊ ကုန်စုံဆိုင်၊ လက်ဖက်ရည်ဆိုင်၊ စားသောက်ဆိုင်များ၊ ဝန်ဆောင်မှုလုပ်ငန်းများအနေဖြင့် ဟိုတယ်၊ မိုတယ်နှင့် တည်းခိုခန်းများ၊ အလှပြင်ဆိုင်၊ အပ်ချုပ်ဆိုင် စသည့်လုပ်ငန်းများ လျှောက်ထားလျက်ရှိကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ကျွဲတိကျေးရွာမှ ဆန်စက်လုပ်ငန်းရှင် ဦးအေးနိုင်က "ချေးငွေလျှောက်တဲ့အခါ SME Member Card ရှိမှသာ အတိုးနှုန်း သက်သက်သာသာနဲ့ ချေးငွေရရှိ နိုင်မှာဖြစ်ပါတယ်။ အဲဒီလို ချေးငွေ ရရှိတဲ့အတွက် လုပ်ငန်းတွေပိုမိုရင်းနှီးမြှုပ်နှံနိုင်တယ်။ ဒါကြောင့် SME Member Card က ကျွန်တော်တို့လို အသေးစား၊ အလတ်စားလုပ်ငန်းရှင်တွေကို အထောက်အကူဖြစ်စေပါတယ်"ဟု ပြောသည်။

SME Member Card လျှောက်ထားလိုသူများအနေဖြင့် လုပ်ငန်းလိုင်စင်၊ လုပ်ငန်းရှင်၏ ဓာတ်ပုံ၊ မှတ်ပုံတင်၊ အိမ်ထောင်စု ဇယားနှင့် gmail account တို့ဖြင့် တိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဦးစီးဌာန ဝက်ဘ်ဆိုက်လိပ်စာဖြစ်သည့် www.msmeweb-portal. gov. mm မှတစ်ဆင့်ဖြစ်စေ လျှောက်ထားနိုင်ကြောင်း သိရသည်။

**ကေတာ**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘားအံတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။

# တိုင်းပြည်အပေါ်သစ္စာရှိစွာဖြင့် မိမိတို့တစ်ဦးချင်း၏ လုပ်ငန်းတာဝန်များကို မှန်မှန်ကန်ကန်နှင့် ကျေပွန်စွာထမ်းဆောင်နေခြင်းသည်လည်း နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်နေခြင်းပင်ဖြစ်

နေပြည်တော် မေ ၃၁

နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်သည်ဟုဆိုရာတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် တည်ငြိမ်အေးချမ်းရေးလုပ်ငန်းများသာမက နိုင်ငံတော်၏ နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းရေးအတွက် ထိန်းသိမ်းဆောင်ရွက်ခြင်းသည်လည်း နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်ခြင်းပင်ဖြစ်ကြောင်း၊ ထို့ပြင် သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်လာမှုများကို ကာကွယ်ပေးခြင်း၊ ကူညီဆောင်ရွက်ပေးခြင်း၊ ကပ်ရောဂါကြုံတွေ့နေရမှုများကို တတ်စွမ်းသရွေ့ ကူညီဆောင်ရွက်ပေးခြင်းနှင့် မိမိလုပ်ငန်းတာဝန်များကို ကောင်းမွန်ကျေပွန်စွာ သစ္စာရှိရှိ တာဝန်ထမ်းဆောင်နေခြင်းသည်လည်း နိုင်ငံတော်ကို ကာကွယ်နေခြင်းပင်ဖြစ်ကြောင်းဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယနေ့မွန်းလွဲပိုင်းတွင် ဘားအံတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ် ထည့်သွင်းပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်နှင့် ဇနီး ၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုမောင်နှင့် ဘားအံတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

### လိုက်နာဆောင်ရွက်လျက်ရှိ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် တပ်မတော်အနေဖြင့် နိုင်ငံတွင်ဖြစ်ပေါ်ခဲ့သည့် အခြေအနေများအရ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီဖြစ်စေရေး၊ ခိုင်မာသည့် ဒီမိုကရေစီစနစ် ဖြစ်စေရေးအတွက် နိုင်ငံတော်၏တာဝန်ကို ခေတ္တတာဝန်ယူထိန်းသိမ်းဆောင်ရွက်ခဲ့သည်မှာ ၄ လတာကာလသို့ ရောက်ရှိခဲ့ပြီဖြစ်ကြောင်း၊ ယာယီသမ္မတက **နိုင်ငံတော်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး အာဏာတို့ကို လွှဲအပ်တာဝန်ပေးအပ်ခဲ့ပြီးဖြစ်သော်လည်း မိမိတို့အနေဖြင့် ပြည်သူလူထု ၉၂ ဒသမ ၄၈ ရာခိုင်နှုန်း အတည်ပြုမဲပေးပြီး ရေးဆွဲထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ် အတိုင်းသာ လိုက်နာဆောင်ရွက်လျက်ရှိကြောင်း၊** မိမိတို့ နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေသည် အခြားသော နိုင်ငံများ၏ အခြေခံဥပဒေများနှင့် တူညီမှုမရှိဘဲ ကွဲပြားမှုများရှိကြောင်း၊ အခြေခံဥပဒေပါ တပ်မတော်၏ အခန်းကဏ္ဍကို လေ့လာကြည့်လျှင် သိရှိရမည်ဖြစ်ကြောင်း။

### ညှိနှိုင်းခြင်းများကို ဆောင်ရွက်

မိမိတို့နိုင်ငံသည် ပါတီစုံဒီမိုကရေစီစနစ်ကို

**❒ အရာရှိ၊ စစ်သည်များအနေဖြင့် မည်သူတစ်ဦး တစ်ယောက်၏ တိုက်တွန်းချက်မျှမပါဘဲ တပ်မတော်တွင်းသို့ ဝင်ရောက်တာဝန်ထမ်းဆောင်ခဲ့သူများဖြစ်သည်နှင့်အညီ မိမိကိုယ်ကို သစ္စာရှိရမည်၊ မိမိတာဝန်ထမ်းဆောင်နေသည့်တပ်ကို သစ္စာရှိရမည်၊ တပ်မတော်အပေါ်သစ္စာရှိရမည်၊ မိမိတိုင်းပြည်အပေါ်သစ္စာစောင့်သိရမည်ဖြစ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စားသောက်ဖွယ်ရာပစ္စည်းများကို တာဝန်ရှိသူတစ်ဦးထံ ပေးအပ်စဉ်။

ကျင့်သုံးလျက်ရှိပြီး နိုင်ငံတော်၏ သမ္မတကို ရွေးချယ်ရာတွင် ပြည်သူများက တိုက်ရိုက်ရွေးချယ်ရခြင်းမဟုတ်ဘဲ လွှတ်တော်ကိုယ်စားလှယ်များက တစ်ဆင့် ရွေးချယ်ရခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်သူက စစ်မှန်စွာ ရွေးချယ်ပေးလိုက်သည့် ကိုယ်စားလှယ်များဖြစ်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ ယခုရွေးကောက်ပွဲတွင် မဲစာရင်းများ ကြီးမားစွာ ကွဲလွဲမှုများဖြစ်ပေါ်ခဲ့သည့်အတွက် ပြည်သူကစစ်မှန်စွာ ရွေးချယ်ပေးလိုက်သည့် ကိုယ်စားလှယ်များဟု အပြည့်အဝမှတ်ယူရန် ခဲယဉ်းမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တပ်မတော်အနေဖြင့် မဲစာရင်းများကို စစ်ဆေးခဲ့ပြီး စစ်ဆေးတွေ့ရှိချက်များ ထုတ်ပြန်ကာ မဲစာရင်းကွဲလွဲချက်များကို စစ်ဆေးပေးနိုင်ရေး တာဝန်ရှိသူများထံ အဆင့်ဆင့်တင်ပြခြင်း၊ ညှိနှိုင်းခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း၊ တပ်မတော်က စစ်မှန်ပြီး တရားမျှတသည့် ရွေးကောက်ပွဲရလဒ်ဖြစ်စေရေး မည်သို့ပင် ပြောဆိုခဲ့သော်လည်း ဖြေရှင်းဆောင်ရွက်ပေးခြင်းမရှိသည့်အပြင် နိုင်ငံတော်၏ အာဏာကို အတင်းအဓမ္မရယူရန်အထိကြိုးပမ်းလာမှုများကြောင့် ယခုအခြေအနေအထိ ရောက်ရှိခဲ့ရခြင်းဖြစ်သည့် အခြေအနေမှန်များကို အရာရှိ၊ စစ်သည်များအနေဖြင့် သိရှိရမည်ဖြစ်ကြောင်း။

### ဆက်လက်ထုတ်ပြန် ကြေညာသွားမည်

တပ်မတော်အနေဖြင့် နိုင်ငံတော်၏တာဝန်များကို ခေတ္တတာဝန်ယူ ဆောင်ရွက်နေရသည့်အချိန်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်း၍

*စာမျက်နှာ ၆ သို့*

## စစ်မှန်ရိုးသားသည့် ဒီမိုကရေစီဖြစ်စေချင်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ တိုင်းဒေသကြီးနှင့် ပြည်နယ်/မြို့နယ်များအလိုက် မဲစာရင်းစိစစ်တွေ့ရှိမှုများနှင့် ၂၀၂၀ ပြည့်နှစ်၊ အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုဖြစ်ပွားခဲ့သည့် မဲစာရင်းအခြေအနေများအား ဌာနဆိုင်ရာဝန်ထမ်းများ သိရှိအောင် ပြောကြားဆောင်ရွက်နေရန်လိုကြောင်း၊ မိမိတို့အနေဖြင့် ဒီမိုကရေစီကို တန်ဖိုးထားပြီး စစ်မှန်ရိုးသားသည့် ဒီမိုကရေစီဖြစ်စေချင်သော်လည်း ယခင်ပြီးခဲ့သည့် အထွေထွေရွေးကောက်ပွဲတွင် ဒီမိုကရေစီကို မရိုးမသား ပြုလုပ်ခဲ့သည့်အတွက် နိုင်ငံရေးအကျပ်အတည်းများ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်ကို နိုင်ငံ့ဝန်ထမ်းများအားလုံး နားလည်သိရှိရန်လိုကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀-၅-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေး၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**

## အစိုးရဓမ္မာစရိယစာမေးပွဲနှင့် ပါဠိပထမပြန်စာမေးပွဲများ ကျင်းပမည်

**နေပြည်တော် မေ ၃၁**

အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ ပထမအဖွဲ့ခွဲ၏ ဒုတိယအကြိမ် ဒုတိယအစည်းအဝေးက အစိုးရဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲများကို ၁၃၈၃ ခုနှစ်၊ ကဆုန်လပြည့် ကျော် ၇ ရက်မှ နယုန်လဆန်း ၄ ရက်၊ ဇွန် ၁ ရက်မှ ၁၃ ရက်အထိ ကျင်းပသွားရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီတို့၏ ခွင့်ပြုချက်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားရှိသော COVID-19 ရောဂါကာကွယ်တားဆီးရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ အဆိုပါ စာမေးပွဲများကို ဇွန် ၁ ရက်မှ ၁၃ ရက်အထိ နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး/ ပြည်နယ် အသီးသီးတွင် ကျင်းပသွားမည်ဖြစ်သည်။

၂၀၂၁ ခုနှစ်၊ အစိုးရဓမ္မာစရိယစာမေးပွဲတွင် ကျမ်းရင်း ၃ ကျမ်း၊ မြန်မာဂုဏ်ထူး ၇ ကျမ်းနှင့် ပါဠိဂုဏ်ထူး ၃ ကျမ်းတို့ကို ဖြေဆိုရမည်ဖြစ်ပြီး ဇွန် ၁ ရက်မှ ၉ ရက်အထိ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ စာဖြေဌာန ၅၉ ဌာနတို့၌လည်းကောင်း၊ ပါဠိပထမပြန်စာမေးပွဲတွင် အခြေပြုမူလတန်း၊ ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်းတို့ကို ဖြေဆိုရမည်ဖြစ်ပြီး ဇွန် ၇ ရက်မှ ၁၃ ရက်အထိ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ စာဖြေဌာန ၂၄၁ ဌာနတို့၌လည်းကောင်း တစ်ချိန်တည်း တစ်ပြိုင်တည်း ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ ရက်နေ့များတွင် ကျင်းပမည့် အစိုးရဓမ္မာစရိယစာမေးပွဲနှင့် ပါဠိပထမပြန်စာမေးပွဲ ဖြေဆိုနေမှုများကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး ဦးစီးအဖွဲ့ (၁၁) ဖွဲ့ ဖွဲ့စည်းကာ သက်ဆိုင်ရာစာဖြေဌာနအသီးသီးသို့ လိုက်လံကြည့်ရှုစစ်ဆေးခြင်း၊ စာမေးပွဲကြီးကြပ်ရေးအဖွဲ့ ဆရာတော်များနှင့် စာဖြေသံဃာတော်များအား ဖူးမြော်ကြည်ညိုပြီး နဝကမ္မအလှူတော်ငွေ ဆက်ကပ်လှူဒါန်းခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၅ မှ*

ရှေ့လုပ်ငန်းစဉ် ၅ ရပ်၊ ဦးတည်ချက် ၉ ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ပထမဦးစားပေးအနေဖြင့် မဲစာရင်းကွဲလွဲနေမှုများကို အသစ်ဖွဲ့စည်းထားသည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဖြင့် စစ်ဆေးဆောင်ရွက်လျက်ရှိပြီး တွေ့ရှိချက်များကို ထုတ်ပြန်ကြေညာလျက်ရှိကာ အလုံးစုံပြီးစီးပါက ပေါင်းချုပ်စာရင်းများကို ဆက်လက်ထုတ်ပြန်ကြေညာသွားမည်ဖြစ်ကြောင်း၊ ထို့နောက် COVID-19 ရောဂါကာကွယ်ရေးနှင့် ရောဂါဖြစ်ပွားမှုကြောင့် ထိခိုက်ခဲ့ရသည့် စီးပွားရေးလုပ်ငန်းများကို အမြန်ဆုံးကုစားပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

### အကျိုးရှိအောင် အသုံးချ

ထို့ပြင် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တနေကြသည့် တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံသည် တိုင်းရင်းသားအားလုံး ပေါင်းစည်းနေထိုင်ကြသည့် ပြည်ထောင်စုနိုင်ငံတော်ဖြစ်ပြီး တိုင်းရင်းသားအားလုံးတွင် တူညီသည့် အခွင့်အရေးများရှိကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင်လည်း တိုင်းရင်းသားအားလုံး အခွင့်အရေးတန်းတူရှိသည်ကို အတိအလင်းပြဋ္ဌာန်းထားကြောင်း၊ **ဒီမိုကရေစီစနစ်တွင် တူညီသည့် အခွင့်အရေးများ ရရှိကြသည်ဖြစ်သော်လည်း တူညီသည့် အရည်အချင်းရှိအောင် တစ်ဦးချင်းအလိုက် ကြိုးပမ်းအားထုတ်ကြရန်လည်း လိုအပ်မည်**ဖြစ်ကြောင်း၊ မိမိဒေသနှင့် တိုင်းပြည်ကို တိုးတက်စေလိုသည့်စိတ်ဖြင့် မိမိသင်ခဲ့ရသည့် အတန်းပညာ၊ လေ့လာဆည်းပူးထားသည့် အသိပညာတို့ကို ပေါင်းစပ်ပြီး အကျိုးရှိအောင် အသုံးချနိုင်ရမည်ဖြစ်ကြောင်း။

### လေ့ကျင့်ဆောင်ရွက်ကြရမည်

**အရာရှိ၊ စစ်သည်များအနေဖြင့် မည်သူတစ်ဦးတစ်ယောက်၏ တိုက်တွန်းချက်မျှမပါဘဲ တပ်မတော်တွင်းသို့ ဝင်ရောက် တာဝန်ထမ်းဆောင်ခဲ့သူများဖြစ်သည်နှင့်အညီ မိမိကိုယ်ကို သစ္စာရှိရမည်၊ မိမိတာဝန်ထမ်းဆောင်နေသည့်တပ်ကို သစ္စာရှိရမည်၊ တပ်မတော်အပေါ် သစ္စာရှိရမည်၊ မိမိတိုင်းပြည်အပေါ် သစ္စာစောင့်သိရမည်ဖြစ်**ကြောင်း၊ သင်တန်းကျောင်းများတွင် စစ်စည်းကမ်းကောင်းမွန်ရန် သင်ကြားပေးလိုက်ပြီးဖြစ်ပြီး မိမိတို့တပ်မတော်သားများအနေဖြင့် အရပ်ဘက်စည်းကမ်း၊ တပ်မတော်စည်းကမ်း နှစ်မျိုးလုံးကို လိုက်နာရသူများဖြစ်သဖြင့် စည်းကမ်းတကျ လိုက်နာဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများကို ဆက်လက်ထိန်းသိမ်းသွားကြရန်လိုကြောင်း၊ မိမိတို့တစ်ဦးချင်း ထမ်းဆောင်ရသည့် လုပ်ငန်းတာဝန်များကို ကျွမ်းကျင်မှုရှိရ မည်ဖြစ် ပြီး စစ်သားတိုင်း စစ်မတိုက်ရသော်လည်း လိုအပ်ပါက တိုက်ပွဲဝင်နိုင်စွမ်း ရှိအောင် လေ့ကျင့်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

### တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်

**တပ်မတော်သားများအနေဖြင့် ပြည်သူ ကြားက ပေါက်ဖွားလာပြီး နိုင်ငံတစ်ဝန်းရှိ အနယ်နယ်အရပ်ရပ်မှ မိမိကျရာတာဝန်များကို လာရောက်တာဝန်ထမ်းဆောင်နေကြသူများဖြစ်သကဲ့သို့ မိမိတို့၏ မိသားစုဝင်များသည်လည်း မိမိတို့နှင့်အတူတကွ တပ်တွင်း၌ လိုက်ပါနေထိုင်ကြသူများဖြစ်သည့်အတွက် အရာရှိ၊ စစ်သည်များ၊ မိသားစုများအနေဖြင့် မိသားစုစိတ်ဓာတ်၊ ညီအစ်ကို မောင်နှမစိတ်ဓာတ်၊ ညီအစ်မစိတ်ဓာတ်များဖြင့် တစ်ဦးနှင့်တစ်ဦး ဖေးမကူညီ စောင့်ရှောက်ကြရမည်ဖြစ်**ကြောင်း၊ တာဝန်ထမ်းဆောင်ရာတွင် သတိတရား၊ အသိတရား လက်ကိုင်ထားပြီး ပေးအပ်လာသည့် တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း၊ တပ်မတော်နှင့် တိုင်းပြည်အပေါ် အမြဲသစ္စာစောင့်သိပြီး တိုင်းပြည် လမ်းမှားမရောက်စေရေးအတွက် တစ်ဦးချင်း အသိစိတ် ဓာတ်ရှိစွာဖြင့် မှန်မှန်ကန်ကန် တာဝန် ထမ်းဆောင်ကြစေလိုကြောင်းဖြင့် မှာကြားသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှ တပ်နယ်မိခင်နှင့်ကလေးထောက်ပံ့ငွေများကို တပ်နယ်မှူး၏ဇနီးအား ပေးအပ်စဉ်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စားသောက်ဖွယ်ရာပစ္စည်းများကို ပေးအပ်ရာ တာဝန်ရှိသူတစ်ဦးကလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီးက တပ်နယ်မိခင်နှင့်ကလေး ထောက်ပံ့ငွေများကိုပေးအပ်ရာ တပ်နယ်မှူး၏ ဇနီးကလည်းကောင်း လက်ခံရယူကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် အမှုထမ်းဝန်ထမ်းများ ဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးရေး စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း (၁/၂၀၂၁) တက်ရောက်ဖွင့်လှစ်



**နေပြည်တော် မေ ၃၁**

နယ်စပ်ရေးရာဝန်ကြီးဌာန၊ ကွပ်ကဲမှုအောက်ရှိ ဦးစီးဌာနရုံးချုပ်၊ တိုင်းဒေသကြီး/ပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးများနှင့် နယ်စပ်ဒေသများတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အမှုထမ်းဝန်ထမ်းများအတွက် လေ့ကျင့်သင်ကြားပေးသည့် ဓာတ်ပုံနှင့်ဗီဒီယို ရိုက်ကူးရေး စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း (၁/၂၀၂၁) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နယ်စပ်ရေးရာဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပြန်ကြားရေးဝန်ကြီးဌာနမှ သင်တန်းနည်းပြများ၊ သင်တန်းသားများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးက သင်တန်းနည်းပြများ၊ သင်တန်းသားများကို ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေး၍ သင်တန်းတွင် အသုံးပြုမည့် သင်ထောက်ကူပစ္စည်းများကို ကြည့်ရှုစစ်ဆေးသည်။

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များအား စဉ်ဆက်မပြတ် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို အများပြည်သူများ သိရှိနိုင်စေရန်အတွက် သတင်းများထုတ်ပြန်ရာတွင်လည်းကောင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများအတွက် သတင်းမှတ်တမ်းများ ရိုက်ကူးရာတွင်လည်းကောင်း နယ်စပ်ဒေသအသီးသီး၌ ဖွံ့ဖြိုးရေးတာဝန်များ ထမ်းဆောင်နေကြသည့် အမှုထမ်းဝန်ထမ်းများအနေဖြင့် အရည်အသွေးပြည့်မီ ကျွမ်းကျင်စွာ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ယခုသင်တန်းကို ပြန်ကြားရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းပူးပေါင်းဖွင့်လှစ် သင်ကြားပေးခြင်းဖြစ်သည်။

အဆိုပါသင်တန်းကို ပြန်ကြားရေးဝန်ကြီးဌာနမှ ဓာတ်ပုံ၊ ဗီဒီယို ကျွမ်းကျင်ပညာရှင် နည်းပြများက မေ ၃၁ ရက်မှ ဇွန် ၄ ရက်အထိ ၅ ရက်ကြာ စာတွေ့၊ လက်တွေ့လေ့ကျင့် သင်ကြားပေးသွားမည်ဖြစ်ပြီး နယ်စပ်ရေးရာဝန်ကြီးဌာနမှ သင်တန်းသား ၂၉ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီးများ ကရင်ပြည်နယ်အတွင်းရှိ သက်ဆိုင်ရာဌာနများအလိုက် လိုက်လံကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၃၁**

ကရင်ပြည်နယ် ဘားအံမြို့တွင် ရောက်ရှိနေသည့် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ညွန့်ဖေသည် ယနေ့မွန်းလွဲပိုင်းတွင် ဘားအံတက္ကသိုလ်သို့ သွားရောက်၍ ဘွဲ့နှင်းသဘင်ခန်းမ၌ ပါမောက္ခများ၊ ဆရာ ဆရာမများနှင့် ပညာရေးဝန်ထမ်းများအား တွေ့ဆုံကာ ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်နေမှုများနှင့် နိုင်ငံ၏ ပညာရေးကဏ္ဍ အဆင့်မြှင့်တင်နိုင်ရေး စီစဉ်ဆောင်ရွက်နေမှုများကို ဆွေးနွေးပြောကြားကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့အတူ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်းသည် ဘားအံမြို့ ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်၍ ဆေးရုံတက်ရောက် ကုသမှုခံယူနေသူများကို လိုက်လံကြည့်ရှုကာ တစ်ဦးချင်း၏ ကျန်းမာရေးတိုးတက်မှု အခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်း အားပေးစကားပြောကြားသည်။ ထို့နောက် ကျောက်ကပ် အထူးကုခန်းတွင် ကုသ ဆောင်ရွက်ပေးနေမှုများကို ကြည့်ရှု၍ ဆေးရုံတွင် တာဝန် ထမ်းဆောင်လျက်ရှိသည့် ကျန်းမာရေးဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ အားပေးစကားပြောကြားခဲ့ပြီး တင်ပြချက်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရွှေလေး သည် ကရင်ပြည်နယ် လမ်းဦးစီးဌာန၊ ကျေးလက်လမ်းဦးစီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ အဆောက်အဦဦးစီးဌာနတို့မှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများကို ပြည်နယ်လမ်းဦးစီးဌာန ညွှန်ကြားရေးမှူးရုံးတွင် သွားရောက်တွေ့ဆုံ၍ တာဝန်ယူ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းခွင်များအလိုက် လုပ်ငန်းအောင်မြင်အောင် စနစ်တကျ ဆောင်ရွက်ကြရန်နှင့် လမ်းများ အရည်အသွေးပြည့်မီကောင်းမွန်အောင် လုပ်ဆောင်သွားရန် လိုအပ်သည့်အခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားပြီး တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဘားအံမြို့ ပြည်သူ့ဆေးရုံကြီးတွင် သုံးထပ် တိုးချဲ့ဆောင် ဆောက်လုပ်နေမှုများကို သွားရောက် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဆရာဂုဏ်ဝင်း ရေးသားသည့် တိရစ္ဆာန်ဥယျာဉ်ကဗျာများစာအုပ် ထုတ်ဝေဖြန့်ချိ

**နေပြည်တော် မေ ၃၁**

နိုင်ငံ၏ အနာဂတ်ရင်သွေးရတနာကလေး ပညာပြည့်ဝ နှလုံးလှလျက် ပတ်ဝန်းကျင်ကို ချစ်ခင်လေ့လာ တန်ဖိုးထားတတ်စေရန်နှင့် မြန်မာ့ရေမြေပေါ်ရှိ တိရစ္ဆာန်ကလေးများ၏ သဘာဝနှင့် ရင်းနှီးကျွမ်းဝင်မှု ရှိစေရန်ရည်ရွယ်၍ ဆရာဂုဏ်ဝင်း (၁၉၂၉-၂၀၀၂) ရေးသားသည့် “တိရစ္ဆာန်ဥယျာဉ် ကဗျာများ” စာအုပ်ကို စာပေဗိမာန်က ထုတ်ဝေလိုက်သည်။

ဤစာအုပ်တွင် ကလေးကဗျာပေါင်း ၅၀ ပုဒ် ပါဝင်ပါသည်။ စာအုပ်အဖုံးနှင့် အတွင်းဒီဇိုင်းကို ဆရာမောင်မောင်အောင်က ရေးဆွဲထားပြီး အတွင်းသရုပ်ဖော်ပုံများကို ဆရာရွှေမင်းသား၊ ဆရာ သစ်ထွဏ်း၊ ဆရာဆန်းလင်း၊ ဆရာ စမ်းချောင်း ကိုကိုအောင်နှင့် ဆရာသီဟ စခန်းသစ်တို့က လှပဝေဆာစွာ ရေးဆွဲခြယ်မှုန်းထားကြသည်။

ကဗျာလေးများမှာ မြန်မာနိုင်ငံရှိ တိရစ္ဆာန် ဥယျာဉ်များအတွင်းမှ ကျေးငှက်များ၊ တိရစ္ဆာန်များ၊ ရုပ်လုံးသွင်းပြတိုက်၊ သမိုင်းပြတိုက်၊ ငါးပြတိုက်တို့အကြောင်း ချစ်စဖွယ်သီကုံးထားသော ကဗျာများဖြစ်သည်။

**ထပ်မံထုတ်ဝေ**

“တိရစ္ဆာန်ဥယျာဉ်ကဗျာများ” စာအုပ်ကို ၁၉၆၈ ခုနှစ်တွင် ပထမအကြိမ်၊ ၁၉၇၉ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာ ကလေးများနှစ် အထိမ်းအမှတ်အဖြစ် ဒုတိယအကြိမ် ထုတ်ဝေခဲ့ပြီး ယခု တတိယအကြိမ် ထပ်မံထုတ်ဝေခြင်း ဖြစ်သည်။

ကြွေစက္ကူရောင်စုံပုံများနှင့် ပုံနှိပ်ထားပြီး တန်ဖိုးကျပ် ၁၀၀၀ ဖြင့် ရန်ကုန် အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန် စာအုပ်ဆိုင် (ဖုန်း- ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈)၊ အမှတ် (တ-၅၅) သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန် စာအုပ်ဆိုင် (ဖုန်း- ၀၅၇-၃၄၁၄၆၈၁)၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း- ၀၂-၄၀၃၀၁၈၆ တို့တွင် ဝယ်ယူရရှိနိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပုသိမ်-ဟင်္သာတ လမ်းပိုင်း၌ အမှတ်(၁၈၇)အဆန်၊ အမှတ်(၁၈၈)အစုန် လော်ကယ်ရထားပြေးဆွဲ

**နေပြည်တော် မေ ၃၁**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည် ရထားစီးခရီးသွားမိဘပြည်သူများ အဆင်ပြေစွာ သွားလာနိုင်ရေးအတွက် ရထားလမ်းပိုင်းအသီးသီးတွင် ရထားများ ပြေးဆွဲပေးလျက်ရှိရာ ယခုထပ်မံ၍ ပုသိမ် – ဟင်္သာတ လမ်းပိုင်း၌ အမှတ်(၁၈၇) အဆန်၊ အမှတ်(၁၈၈)အစုန် လော်ကယ်ရထားကို ယနေ့မှစ၍ ပြန်လည်ပြေးဆွဲလျက်ရှိသည်။

အဆိုပါ အမှတ်(၁၈၇)အဆန် လော်ကယ်ရထားသည် ပုသိမ်ဘူတာမှ နံနက် ၆ နာရီတွင် စတင်ထွက်ခွာ၍ ဟင်္သာတဘူတာသို့ မွန်းလွဲ ၂ နာရီ တွင် ရောက်ရှိမည်ဖြစ်သည်။ ယင်းလော်ကယ်ရထားကို ဇွန် ၁ ရက်တွင် အမှတ်(၁၈၈)အစုန်လော်ကယ်ရထားအဖြစ် ဟင်္သာတဘူတာမှ နံနက် ၆ နာရီတွင် ထွက်ခွာ၍ ပုသိမ်ဘူတာသို့ မွန်းလွဲ ၁ နာရီ မိနစ် ၅၀ တွင် ရောက်ရှိမည်ဖြစ်ပြီး အစုန်တစ်ရက်၊ အဆန်တစ်ရက် ပြေးဆွဲပေးရန်စီစဉ်ထားရှိပြီးဖြစ်သည်။

တွဲဖွဲ့ဆင်မှုအနေဖြင့် ရိုးရိုးတန်း လေးတွဲ၊ ကုန်တင်တွဲ တစ်တွဲ၊ ဘရိတ်တွဲ တစ်တွဲ စုစုပေါင်း ခြောက်တွဲဖြင့် ပြေးဆွဲပေးသွားမည်ဖြစ်ပြီး ဘူတာစဉ် ရပ်တန့်ပေးသွားမည်ဖြစ်ကာ ခရီးသွားမိဘပြည်သူများ အဆင်ပြေစွာ သွားလာနိုင်ရေးအတွက် သက်ဆိုင်ရာဘူတာအသီးသီးတွင် ကြေညာထားရှိပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# တန်ဖိုးမြှင့်ကုန်ချောထုတ်လုပ်မှု ဖွံ့ဖြိုးလာရေးနှင့် အဆင့်မြင့်ဆီစက်များ ထူထောင်လုပ်ကိုင်နိုင်ရေး အားပေးသွားမည်

နေပြည်တော် မေ ၃၁

**မကွေးတိုင်းဒေသကြီး လယ်ယာကဏ္ဍမြှင့်တင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၂၉ ရက်က တိုင်းဒေသကြီး လယ်ယာကဏ္ဍမြှင့်တင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အစည်းအဝေးသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦး၊ မကွေးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးတင့်လွင်နှင့် အဖွဲ့ဝင်များ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းအဆင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

**လယ်ယာစနစ် ဖွံ့ဖြိုးလာရေးဆွေးနွေး**

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် လယ်ယာကဏ္ဍအခြေခံသည့် အလုပ်အကိုင် အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်ရေး၊ တန်ဖိုးမြှင့်ကုန်ချောထုတ်လုပ်မှုဖွံ့ဖြိုးလာရေးနှင့် လယ်ယာကုန်ထုတ်စက်မှုဇုန်များ ထူထောင်လုပ်ကိုင်နိုင်ရေးအတွက် လိုအပ်ချက်များ ကူညီအားပေးရန် ကိစ္စရပ်များကိုလည်းကောင်း၊ ခေတ်မီအဆင့်မြင့် ဆီစက်များ ထူထောင်လုပ်ကိုင်မည့် ရင်းနှီးမြှုပ်နှံသူများ ဖိတ်ခေါ်၍ လိုအပ်သည့် ပံ့ပိုးကူညီမှုများ စီမံဆောင်ရွက်ပေးရန် လိုအပ်ချက်များ၊ စက်မှုလယ်ယာစနစ်သို့ ထိရောက်စွာ ကူးပြောင်းနိုင်ရေးနှင့် စက်မှုလယ်ယာဝန်ဆောင်မှုလုပ်ငန်းများ စွမ်းဆောင်မှုအား ပိုမိုကောင်းမွန်လာစေရေး၊ စက်မှုလယ်ယာဝန်ဆောင်မှုသမဝါယမအသင်းများ၊ လယ်ယာကုန်ထုတ် သမဝါယမအသင်းများ ဖွဲ့စည်းပေးနိုင်ရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ တောင်သူလယ်သမားများ အထူးလိုအပ်နေသော သေချာသည့် သီးနှံဈေးနှုန်း ဖော်ဆောင်ပေးနိုင်ရေးအတွက် တောင်သူ၊ ဆန်စက်ပိုင်၊ သွင်းအားစု ရောင်းချသူတို့ သုံးပွင့်ဆိုင်ချိတ်ဆက် ညှိနှိုင်းပေးခြင်းဖြင့် အကျိုးတူကန်ထရိုက် လယ်ယာစနစ် ဖွံ့ဖြိုးလာရေးဆိုင်ရာ ကိစ္စရပ်များ၊ ကျေးလက်နေပြည်သူများ အလုပ်အကိုင်ရရှိရေး၊ ဝင်ငွေတိုးတက်ရေးနှင့် လူနေမှုအဆင့်အတန်း မြင့်မားရေးတို့အတွက် ကာလတိုအတွင်း လက်တွေ့အကောင်အထည်ဖော်ဆောင်နိုင်မည့် လုပ်ငန်းဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း ဆွေးနွေးခဲ့ကြသည်။

**တွေ့ဆုံ**

အလားတူ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် မကွေးတိုင်းဒေသကြီးအတွင်းရှိ စိုက်ပျိုးရေးအထူးပြု ပုဂ္ဂလိက လုပ်ငန်းရှင်များ၊ ဆီစက်ပိုင်ရှင်များ၊ တောင်သူအစုအဖွဲ့များကို တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးနှင့်အဖွဲ့သည် နှမ်းကုန်ချောစက်ရုံ ကို လည်းကောင်း၊ မကွေးမြို့နယ် သမဝါယမအသင်းဆီစက်နှင့် ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိသည့် နှမ်းအခွံချွတ်စက်ရုံများကို ကြည့်ရှုအားပေးပြီး ဈေးကွက်နှင့် နည်းပညာဆိုင်ရာ လိုအပ်ချက်များ အကြံပြုဆွေးနွေးအားပေးသည်။ **(အပေါ်ပုံ)**



**သတင်းစဉ်**

# ပြည်ထောင်စုရာထူးဝန်အဖွဲ့ e-Recruitment and Integrated Civil Service System ဆိုင်ရာ Software Testing and User Training သင်တန်းဖွင့်လှစ်

နေပြည်တော် မေ ၃၁

**ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ ဆောင်ရွက်ရသော လုပ်ငန်းတာဝန်များအား Manual မှ Digital စနစ်သို့ ကူးပြောင်းရန်ရည်ရွယ်ပြီး အကောင်အထည်ဖော်လျက်ရှိသော e-Recruitment and Integrated Civil Service System စီမံကိန်းပါစနစ်များ လက်တွေ့ အသုံးချတတ်စေရန်အတွက် Software Testing and User Training သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရုံးအမှတ်(၁၇) စုပေါင်းခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးသန်းဆွေ တက်ရောက်၍ သင်တန်းဖွင့်အမှာစကား ပြောကြားသည်။** (အောက်ပုံ)





ပြည်ထောင်စုရာထူးဝန်အဖွဲ့သည် မြန်မာနိုင်ငံသားများ နိုင်ငံ့ဝန်ထမ်းအဖြစ် စတင်ဝင်ရောက်ရန် လျှောက်ထားသည့်အချိန်မှစ၍ အငြိမ်းစားယူသည်အထိ နိုင်ငံ့ဝန်ထမ်းဆိုင်ရာ စီမံခန့်ခွဲသည့်စနစ်ကို Automation စနစ်သို့ သွားနိုင်ရန် ရည်ရွယ်၍ e-Recruitment and Integrated Civil Service System ကို ၂၀၂၀-၂၀၂၁ ခုနှစ်မှစတင်၍ ရေးဆွဲအကောင်အထည်ဖော်ခဲ့သည်။ ဤစီမံကိန်းတွင် ရေးဆွဲဆောင်ရွက်ပြီးစီးသော Software များဖြစ်သည့် ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ အွန်လိုင်းမှတစ်ဆင့် ဝန်ဆောင်မှုပေးခြင်း၊ အွန်လိုင်းမှ နိုင်ငံ့ဝန်ထမ်းများ စုဆောင်းခြင်းနှင့် ရွေးချယ်ခြင်းစနစ်၊ နိုင်ငံ့ဝန်ထမ်းရေးရာစီမံခန့်ခွဲမှုစနစ်ပါ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများစနစ်၊ နိုင်ငံ့ဝန်ထမ်းများ ထုတ်ပယ်၊ ထုတ်ပစ်စနစ်၊ နိုင်ငံ့ဝန်ထမ်းများအား ပြည်ပနိုင်ငံများသို့ ပညာသင်စေလွှတ်ခဲ့သည့် စီမံခန့်ခွဲမှုစနစ်၊ ဗဟိုဝန်ထမ်းတက္ကသိုလ်များ၏ ပညာရေးဆိုင်ရာ ဝက်ဘ်ဆိုက်များ၊ နိုင်ငံ့ဝန်ထမ်း ကိုယ်ရေးအချက်အလက်များ စီမံခန့်ခွဲမှုစနစ်၊ ရာထူးတိုးမြှင့်ရေးစီမံခန့်ခွဲမှုစနစ်၊ လေ့ကျင့်သင်ကြားခြင်းဆိုင်ရာ စီမံခန့်ခွဲမှုစနစ်များ၊ မိုဘိုင်းဖုန်းအသုံးပြု စုဆောင်းရွေးချယ်ခြင်းစနစ်နှင့် အွန်လိုင်းစာမေးပွဲ ဖြေဆိုခြင်းစနစ်များကို ဌာန၏ လိုအပ်ချက်များနှင့် ကိုက်ညီမှုရှိစေရန်၊ စနစ်များ၏ အားနည်းချက်၊ အားသာချက်များကို ရှာဖွေသုံးသပ်ရန်၊ စွမ်းဆောင်ရည် ပိုမိုမြင့်မားလာစေရန်၊ တိကျလျင်မြန်စွာ ဆောင်ရွက်နိုင်ရန်နှင့် ဆက်စပ်အသုံးပြုမည့် ဝန်ထမ်းအဖွဲ့အစည်းအသီးသီးမှ လွယ်ကူရှင်းလင်းစွာ အသုံးပြုနိုင်ရန်တို့အတွက် ရေးဆွဲထားသည့် စနစ်များ စမ်းသပ်ခြင်းနှင့် လက်တွေ့အသုံးချရာတွင် ကျွမ်းကျင်စေရန်အတွက် သင်တန်းတွင် သင်ကြားပို့ချမည်ဖြစ်သည်။

သင်တန်းကာလမှာ မေ ၃၁ ရက်မှ ဇွန် ၁၈ ရက်အထိဖြစ်ပြီး COVID-19 ရောဂါဆိုင်ရာ ထုတ်ပြန်ထားရှိသော စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ သင်တန်းသားအရာထမ်း၊ အမှုထမ်း ၆၂ ဦးတို့ကို အသုံးပြုမည့် Software စနစ်များအလိုက် သီးခြားစီပို့ချသင်ကြားသွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

◆ *ကျောဖုံးမှ*

လူမှုကွန်ရက် စာမျက်နှာပေါ်တွင် တင်ခဲ့ကြောင်း၊ K Pay ဖုန်းနံပါတ်မှာ ၀၉၇၇၈၅၇၆၁၆၀ နှင့် Mobile Banking ဖုန်းနံပါတ်မှာ ၀၉ ၄၂၁၁၀၈၀၅၉ တို့ဖြစ်ကြောင်း စစ်ဆေးဖော်ထုတ်ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်တွင် ဖော်ထုတ်ဖမ်းဆီးရမိသည့် တရားမဝင်ငွေလွှဲ/ငွေထုတ် အိမ်တိုင်ရာရောက် ဝန်ဆောင်ခလျှော့နည်း နှုန်းများယူ၍ ငွေသားပေး ဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်သူ ချိုချိုလှိုင်(၂၉)နှစ်(ဘ) ဦးသိန်းဝင်းကို ဥပဒေနှင့်အညီ အရေးယူနိုင်ရေး အမှုဖွင့်လှစ် ဆောင်ရွက်ထားရှိပြီး ကျန်ရှိသော တရားမဝင်ငွေလွှဲ/ငွေထုတ် ဆောင်ရွက်သူများကိုလည်း ဆက်လက်ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်သွားမည် ဖြစ်ကြောင်း မြန်မာ နိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ မိန့်ခွန်းစာအုပ်ထုတ်ဝေ

နေပြည်တော် မေ ၃၁

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြောကြားခဲ့သည့် မိန့်ခွန်းများ (၂၀၂၁ ခုနှစ်၊ ဧပြီလ) စာအုပ်ကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေဖြန့်ချိသည်။**




အဆိုပါ စာအုပ်တွင် ၂၀၂၁ ခုနှစ် ဧပြီလအတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြောကြားခဲ့သည့် မိန့်ခွန်း စုစုပေါင်း ၁၄ ပုဒ်ကို စုစည်းဖော်ပြထားသည်။

ဧပြီလ ၁၀ ရက်နေ့တွင် ကျင်းပခဲ့သည့် နိုင်ငံတော်ကာကွယ်ရေး စွမ်းပကားမြှင့်တင်ရေးအတွက် စစ်နည်းဗျူဟာအဆင့် ဝေဟင်၊ ရေပြင်၊ ရေအောက် စစ်ဆင်မှုနှင့် ပစ်ခတ်မှုလေ့ကျင့်ဆောင်ရွက်သည့် အခမ်းအနားတွင် “မိမိတို့နိုင်ငံ၏ ရေပိုင်နက်သည် အလွန်ကျယ်ပြန့်ပြီး ကမ်းရိုးတန်းအရှည် ရေမိုင် ၁၃၀၀ ခန့် ရှည်လျားကာ ရေပြင်ဧရိယာ စတုရန်းရေမိုင် ၁၄၄၀၀၀ ကျော် ကျယ်ဝန်းသဖြင့် ရေပိုင်နက်ဧရိယာကို လုံခြုံအောင် ကာကွယ်နိုင်ရေးတွင် တပ်မတော် (ရေ) ၏ အခန်းကဏ္ဍသည် အလွန်အရေးကြီးကြောင်း၊ ရေတပ်တွင် လေ့ကျင့်ရေးနှင့် ပတ်သက်ပါက ပစ်မှတ်ထိမှန်ရန် အဓိကအရေးကြီးပြီး ရေကြောင်းစစ်ဆင်ရေးတိုက်ပွဲများတွင် စစ်ရေယာဉ်တစ်စီး ထိမှန်ပျက်စီးပါက ဆုံးရှုံးမှုအလွန်ကြီးမားပြီး တိုက်စွမ်းရည်ကို များစွာထိခိုက်စေနိုင်သည်ကို သတိပြုရမည်ဖြစ်ကြောင်း၊ “ပစ်လျှင်ထိရမည်၊ ထိအောင်လည်း လေ့ကျင့်ရမည်” ဆိုသည့် လေ့ကျင့်ရေးမူဝါဒအတိုင်း ပစ်မှတ်ထိမှန်အောင် စနစ်တကျလေ့ကျင့် ဆောင်ရွက်ကြရန်လိုကြောင်း၊ ယခုလေ့ကျင့်ခန်းတွင် Area Target ကို ပစ်ခတ်ခြင်းဖြစ်သဖြင့် သတ်မှတ်ထားသည့် ဧရိယာအတွင်း၊ ဘောင်အတွင်းသို့ ကျရောက်အောင် လေ့ကျင့်ဆောင်ရွက်ကြရန်လိုအပ်မည်ဖြစ်ကြောင်း” ပြောကြားသည့် အမှာစကားများ အပါအဝင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ မိန့်ခွန်းများနှင့် အမှာစကားများကို စုစည်းထုတ်နုတ်ထားသည်။

ယင်းစာအုပ်ကို အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများနှင့် ရန်ကုန်မြို့ရှိ စာပေဗိမာန် စာအုပ်အရောင်းဆိုင်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်အရောင်းဆိုင်တို့တွင် တစ်အုပ်လျှင် ငွေကျပ် ၁၀၀၀ နှုန်းဖြင့် ဝယ်ယူရရှိနိုင်သည်။

**သတင်းစဉ်**

❐ *ကျော်ဖုံးမှ*

၂။ COVID-19 ကူးစက်ရောဂါ ပြည်ပမှ ဝင်ရောက်လာနိုင်မှုနှင့် ကူးစက်ပြန့်ပွားမှုအန္တရာယ်မှ မြန်မာပြည်သူများအား ကာကွယ်စောင့်ရှောက်ပေးနိုင်ရေးအတွက် ထိရောက်သည့် အစီအမံများကို ဆက်လက်ချမှတ်ဆောင်ရွက်သွားနိုင်ရန် ရေးရှုလျက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရအနေဖြင့် အထက်ဖော်ပြပါ ပြည်ဝင်ခွင့် ယာယီကန့်သတ်မှုဆိုင်ရာ အစီအမံများအားလုံးကို ၂၀၂၁ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့အထိ ထပ်မံတိုးမြှင့်သတ်မှတ်လိုက်ပါသည်။

၃။ သို့ရာတွင် အရေးပေါ် အစိုးရတာဝန်ဖြင့်ဖြစ်စေ၊ မလွှဲမရှောင်သာသော ကိစ္စရပ်များကြောင့်ဖြစ်စေ၊ ပြည်ပနိုင်ငံသားများ (သံတမန်များနှင့် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဝန်ထမ်းများ အပါအဝင်) အနေဖြင့် မြန်မာနိုင်ငံသို့ ပျံသန်းပြေးဆွဲရန်ရှိမည့် ကယ်ဆယ်ရေးလေယာဉ် (သို့မဟုတ်) အထူးလေယာဉ်များဖြင့် လာရောက်ရန်ရှိပါက ပြည်ဝင်ခွင့်ဗီဇာဆိုင်ရာ ကန့်သတ်မှုများမှ ကင်းလွတ်ခွင့်ရရှိနိုင်ရန်အတွက် ပြည်ပနိုင်ငံများရှိ အနီးဆုံး မြန်မာသံရုံး/ အဖွဲ့ရုံး/ ကောင်စစ်ဝန်ချုပ်ရုံးများသို့ ဆက်သွယ်အကူအညီ တောင်းခံရန်ဖြစ်ပါသည်။ သို့သော် မြန်မာနိုင်ငံသို့ လာရောက်မည့် ခရီးသွားများအားလုံး အနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်ကပ်ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ တည်ဆဲညွှန်ကြားချက်များကို မပျက်မကွက်လိုက်နာကြရမည် ဖြစ်ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**၂၀၂၁ ခုနှစ်၊ မေလ ၃၁ ရက်**

# လျှပ်စစ်ဓာတ်အားတိုးမြှင့်ဖြန့်ဖြူးပေးနိုင်ရေး၊ ဓာတ်အားစနစ်တည်ငြိမ်တိုးတက်ကောင်းမွန်စေရေးနှင့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့်ပတ်သက်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် မေ ၃၁**

မန္တလေးတိုင်းဒေသကြီးအတွင်း လိုအပ်လျက်ရှိသော လျှပ်စစ်ဓာတ်အားတိုးမြှင့် ဖြန့်ဖြူးပေးနိုင်ရေး၊ ဖြန့်ဖြူးလျက်ရှိသည့် ဓာတ်အားစနစ်တည်ငြိမ်တိုးတက်ကောင်းမွန်စေရေးနှင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုများနှင့်ပတ်သက်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၈ နာရီတွင် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း (ရုံးချုပ်) အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



## တက်ရောက်

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးအောင်သန်းဦး၊ အမြဲတမ်းအတွင်းဝန် ဦးသန်းဇော်၊ မန္တလေး လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းခေတ္တဥက္ကဋ္ဌ၊ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဌာနအကြီးအကဲများ၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်လျှပ်စစ်မန်နေဂျာများ၊ ခရိုင်လျှပ်စစ်အင်ဂျင်နီယာများ၊ မြို့နယ်လျှပ်စစ် အင်ဂျင်နီယာများနှင့် ရေနံထွက်ပစ္စည်း ကြီးကြပ်စစ်ဆေးရေးဦးစီးဌာနမှ ဒုတိယစစ်ဆေးရေး အရာရှိချုပ် (အထက်မြန်မာပြည်) နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

## ဝိုင်းဝန်းကြိုးပမ်းရန်လို

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက မန္တလေးတိုင်းဒေသကြီးသည် ဓာတ်အား ၇၂၆ မဂ္ဂါဝပ်ခန့်ကို သုံးစွဲလျက်ရှိသည့်အတွက် နိုင်ငံ၏ လျှပ်စစ်ဓာတ်အားသုံးစွဲမှုတွင် ဒုတိယအများဆုံး သုံးစွဲနေသောမြို့ဖြစ်ကြောင်း၊ ဗို့အားတည်ငြိမ်သော လျှပ်စစ်ဓာတ်အား စဉ်ဆက်မပြတ်တိုးတက် ထုတ်လုပ်ဖြန့်ဖြူးနိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ ဝန်အားပြည့်နေသည့် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ တိုးချဲ့ဆောင်ရွက်ရန် လိုအပ်သကဲ့သို့ တည်ဆောက်ပြီး ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများကိုလည်း စနစ်တကျ ထိန်းသိမ်းပြုပြင် စီမံဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ဓာတ်အားခ ကောက်ခံခြင်းများကိုလည်း အမြန်ကောက်ခံရရှိနိုင်ရန် မြို့နယ်၊ ခရိုင်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာမှူးများ၊ ဘဏ္ဍာရေးတာဝန်ခံများက အနီးကပ်ကြပ်မတ်၍ ကြွေးကျန်မရှိစေရေး ဆောင်ရွက်သွားကြရန်နှင့် မီတာဖတ်ခြင်း၊ မီတာဘေလ်ဝေခြင်း ကိစ္စရပ်များကိုလည်း ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် လိုကြောင်း ပြောကြားသည်။

## ရှင်းလင်းတင်ပြ

ထို့နောက် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်လျှပ်စစ်မန်နေဂျာ၊ ခရိုင်လျှပ်စစ်အင်ဂျင်နီယာများ၊ ရေနံထွက်ပစ္စည်းကြီးကြပ် စစ်ဆေးရေးဦးစီးဌာန ဒုတိယစစ်ဆေးရေး အရာရှိချုပ် (အထက်မြန်မာပြည်)၊ မန္တလေး လျှပ်စစ် ဓာတ်အားပေးရေး ကော်ပိုရေးရှင်း အမှုဆောင်အရာရှိချုပ်နှင့် ခေတ္တဥက္ကဋ္ဌတို့က လုပ်ငန်းကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ၂၃၀ ကေဗွီ မြောက်ပြင် ပင်မဓာတ်အားခွဲရုံနှင့် ၂၃၀ ကေဗွီ တံခွန်တိုင်ပင်မဓာတ်အားခွဲရုံတို့သို့ ရောက်ရှိပြီး ဓာတ်အားခွဲရုံများ အတွင်းရှိ ဓာတ်အား ထိန်းချုပ်ခန်းနှင့် Switch Yard အတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနေမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နေရစ်တော့ ရွှေခေတ်

**စာချစ်သူ**

**"မြန်မာနိုင်ပြီ...တို့မြန်မာနိုင်ပြီ...တိုင်းပြည်ကပေး... ပေးအပ်လိုက်တဲ့ တာဝန်များကျေပွန်ပါပြီ...တကယ့်ကိုကျေပွန်ပြီ... သောင်းသောင်းဖြဖြကြိုဆိုလို့အတည် ... ပြည်သူများ ဂုဏ်ပြုကြလေပြီ"**

မြန်မာတို့ ယခုတိုင် ပြန်ပြောင်းတမ်းတ အမှတ်တရ ဂုဏ်ယူဝင့်ကြွားခဲ့ကြရသည့် မြန်မာဘောလုံးအသင်း၏ ရွှေခေတ်ကို လေ့လာစေ့ငုကြည့်ပါလျှင် ၁၉၆၃ ခုနှစ်မှ ၁၉၇၃ ခုနှစ်အထိ ဆယ်စုနှစ်တစ်ခုအကြာ ကာလဟူ၍ ညွှန်းဆိုပြရပေမည်။

၁၉၅၄ ခုနှစ်မှ ၁၉၆၁ ခုနှစ်အထိ ကာလကိုမူ ရွှေခေတ်ရောက်ဖို့အစပျိုးသည့် ခေတ်ကာလဟု ဆိုရပေမည်။ ၁၉၅၄ ခုနှစ်က ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ကျင်းပသည့် အာရှအားကစားပြိုင်ပွဲတွင် မြန်မာဘောလုံးအသင်းသည် ရှုံးပွဲမရှိဘဲ တတိယဆု ရရှိခဲ့ခြင်းက အစပြုသည်။ နိုင်ငံတကာ ဘောလုံးပြိုင်ပွဲတွင် မြန်မာဘောလုံးအသင်းသည် ပထမဆုံး ဖွေဆော်ဦး ဆုတံဆိပ်ရကာ နံပါတ်ချိတ်နိုင်ခဲ့ခြင်း ဖြစ်လေသည်။ ထို့နောက် ၁၉၆၁ ခုနှစ် အာရှလူငယ်ပြိုင်ပွဲတွင် ပူးတွဲပထမ(+အင်ဒိုနီးရှား)၊ ၁၉၆၁ ခုနှစ် အရှေ့တောင်အာရှကျွန်းဆွယ် ပြိုင်ပွဲတွင် ဒုတိယရရှိခဲ့လေသည်။

## ရွှေခေတ်တစ်ခေတ်

၁၉၆၃ ခုနှစ်မှစ၍မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းကြီးနှင့် မြန်မာလူငယ် လက်ရွေးစင် ဘောလုံးအသင်းတို့သည် ဒေသတွင်း အရှေ့တောင်အာရှတွင်သာမက အာရှအဆင့်၌ပါ လျှမ်းလျှမ်းတောက် အောင်မြင်ကျော်ကြားလာခဲ့သည်။ ဥရောပအဆင့် လက်ရွေးစင်အသင်းများ၊ ကလပ်အသင်းများနှင့်ပါ ခြေရည်တူ ယှဉ်ပြိုင်ကစားလာနိုင်ပြီး ရွှေခေတ်တစ်ခေတ်ကို စတင်ထူထောင်လာခဲ့သည်။

## အသန့်ရှင်းဆုံးဆုများဆွတ်ခူး

၁၉၆၃ ခုနှစ် အာရှလူငယ်ပြိုင်ပွဲတွင် ပူးတွဲပထမ(+တောင်ကိုရီးယား)၊ ၁၉၆၄ ခုနှစ်၌ အာရှလူငယ်ပြိုင်ပွဲတွင် ပူးတွဲပထမ(+အစ္စရေး)၊ မာဒေးကားပြိုင်ပွဲတွင် ပထမ၊ ၁၉၆၅ ခုနှစ်၌ အာရှလူငယ်ပြိုင်ပွဲတွင် ဒုတိယ၊ မာဒေးကားပြိုင်ပွဲတွင် ပထမ၊ အရှေ့တောင် အာရှကျွန်းဆွယ်ပြိုင်ပွဲတွင် ပူးတွဲပထမ(+ထိုင်း)၊ ၁၉၆၆ ခုနှစ်၌ အာရှလူငယ်ပြိုင်ပွဲတွင် ပူးတွဲပထမ(+အစ္စရေး)၊ မာဒေးကားပြိုင်ပွဲတွင် ဒုတိယ၊ အာရှအားကစားပြိုင်ပွဲတွင် ပထမ၊ ၁၉၆၇ ခုနှစ်၌ အာရှလူငယ်ပြိုင်ပွဲတွင် တတိယ၊ မာဒေးကားပြိုင်ပွဲတွင် ပူးတွဲ ပထမ (+တောင်ကိုရီးယား)၊ အရှေ့တောင်အာရှကျွန်းဆွယ် ပြိုင်ပွဲတွင် ပထမ၊ ၁၉၆၈ ခုနှစ်၌ အာရှလူငယ်ပြိုင်ပွဲတွင် ပထမ၊ မာဒေးကားပြိုင်ပွဲတွင် ဒုတိယ၊ အာရှဖလားပြိုင်ပွဲတွင် ဒုတိယ၊ ၁၉၆၉ ခုနှစ်၌ အာရှလူငယ်ပြိုင်ပွဲတွင် ပူးတွဲပထမ (+ထိုင်း)၊ မာဒေးကား ပြိုင်ပွဲတွင် တတိယ၊ အရှေ့တောင်အာရှကျွန်းဆွယ်ပြိုင်ပွဲတွင် ပထမ၊ ၁၉၇၀ ပြည့်နှစ်၌ အာရှလူငယ် ပြိုင်ပွဲတွင် ပထမ၊ မာဒေးကားပြိုင်ပွဲတွင် ဒုတိယ၊ အာရှအားကစားပြိုင်ပွဲတွင် ပူးတွဲပထမ (+တောင်ကိုရီးယား)၊ ၁၉၇၁ ခုနှစ်၌ အာရှ လူငယ်ပြိုင်ပွဲတွင် တတိယ၊ မာဒေးကားပြိုင်ပွဲတွင် ပထမ၊ အရှေ့တောင်အာရှ ကျွန်းဆွယ်ပြိုင်ပွဲတွင် ပထမ၊ ကိုရီးယားသမ္မတဖလား (ပတ်ချုံဟီးဖလား) ပြိုင်ပွဲတွင် ပူးတွဲပထမ



၁၉၆၇ ခုနှစ် (၁၀)ကြိမ်မြောက် မာဒေးကားဖလားကို မြန်မာနှင့်တောင်ကိုရီးယား ပူးတွဲရသဖြင့် မြန်မာအသင်းခေါင်းဆောင် ဆပ်ဗဟာဒူးနှင့် တောင်ကိုရီးယား အသင်းခေါင်းဆောင် တို့ မာဒေးကားဖလားကို ကိုင်မြှောက်ထားစဉ်။

(+တောင်ကိုရီးယား)၊ ဂျာကာတာ နှစ်ပတ်လည် ဖလားပြိုင်ပွဲတွင် ပူးတွဲပထမ (+တောင်ကိုရီးယား)၊ ၁၉၇၂ ခုနှစ်၌ အာရှဇုန်(၂) အိုလံပစ်ခြေစစ်ပွဲတွင် ပထမ၊ ကိုရီးယားသမ္မတ ဖလားပြိုင်ပွဲတွင် ပထမ၊ မြူးနစ်အိုလံပစ်ပြိုင်ပွဲတွင် အသန့်ရှင်းဆုံးဆု၊ ၁၉၇၃ ခုနှစ်၌ ဂျာကာတာ နှစ်ပတ်လည်ဖလားပြိုင်ပွဲတွင် ပထမ၊ မာဒေးကားပြိုင်ပွဲတွင် တတိယ၊ အရှေ့တောင်အာရှကျွန်းဆွယ် ပြိုင်ပွဲတွင် ပထမ၊ ကိုရီးယားသမ္မတ ဖလားပြိုင်ပွဲတွင် ပူးတွဲပထမ (+ခမာ)၊ ထိုင်းဘုရင့်ဖလားပြိုင်ပွဲတွင် အသန့်ရှင်းဆုံးဆုများကို ဆွတ်ခူးရရှိခဲ့ပြီး မြန်မာ့ဘောလုံး ရွှေခေတ်တစ်ခေတ်ကို ထူထောင်ခဲ့ကြလေသည်။

မြန်မာဘောလုံးအသင်း၏ ငါးကြိမ်ဆက် အရှေ့တောင်အာရှကျွန်းဆွယ် ချန်ပီယံ (၁၉၆၅၊ ၁၉၆၇၊ ၁၉၆၉၊ ၁၉၇၁၊ ၁၉၇၃) စံချိန်ကို နောက်ပိုင်းကာလများတွင် အိမ်နီးချင်း ထိုင်းလက်ရွေးစင်ဘောလုံးအသင်းက ကျော်ဖြတ် စံချိန်ချိုးနိုင်ခဲ့ပါသော်လည်း ၁၉၆၆ ခုနှစ် အာရှအားကစားပြိုင်ပွဲ ပထမ၊ ၁၉၇၀ အာရှအားကစားပြိုင်ပွဲ ပူးတွဲပထမ (+ တောင်ကိုရီးယား)၊ ၁၉၆၈ ခုနှစ် အာရှဖလားပြိုင်ပွဲ ဒုတိယနှင့် ၁၉၇၂ ခုနှစ် မြူးနစ်အိုလံပစ်ပြိုင်ပွဲ အသန့်ရှင်းဆုံးဆု တံဆိပ်စံချိန်တို့ကိုမူ ပြိုင်ဘက်အရှေ့တောင်အာရှဒေသတွင်း နိုင်ငံများမှ လက်ရွေးစင်အသင်းများသည် ယခုတိုင် အိပ်မက်ပင်မမက်နိုင်ခဲ့သေးချေ။

## အာရှအိုလံပစ်ချန်ပီယံဆုဆွတ်ခူး

၁၉၆၆ ခုနှစ် ဒီဇင်ဘာလတွင် ထိုင်းနိုင်ငံ၌ကျင်းပခဲ့သည့် ပဉ္စမအကြိမ်မြောက် အာရှ အိုလံပစ် အားကစားပြိုင်ပွဲတွင် မြန်မာဘောလုံးအသင်းသည် တောင်ကိုရီးယားကို တစ်ဂိုး- ဂိုးမရှိ၊ အိမ်ရှင်ထိုင်းနှင့် တစ်ဂိုးစီသရေ၊ အင်ဒိုနီးရှားနှင့် နှစ်ဂိုးစီသရေ၊ အီရန်ကို တစ်ဂိုး- ဂိုးမရှိ၊ စင်ကာပူကို နှစ်ဂိုး- ဂိုးမရှိဖြင့် နိုင်ပြီး ဖိုင်နယ်၌ အီရန်ကိုတစ်ဂိုး- ဂိုးမရှိဖြင့် ထပ်မံ အနိုင်ယူကာ ဖွေဆော်ဦး အာရှအိုလံပစ်ချန်ပီယံ ရွှေတံဆိပ်ဆုကို ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်သည်။

## ဗဟာဒူးကိုလေးစားကြ

၁၉၆၈ ခုနှစ် မေလတွင် အီရန်နိုင်ငံ၌ ကျင်းပသည့် စတုတ္ထအကြိမ်မြောက် အာရှဖလားဘောလုံးပြိုင်ပွဲတွင်မူ မြန်မာဘောလုံးအသင်းသည် အိမ်ရှင်အသင်း၏ ညစ်ပတ်မှုကြောင့် မတရားရှုံးနိမ့်ခဲ့ရပြီး ဒုတိယဖြင့်သာ ကျေနပ်လိုက်ရသည်။

သို့သော် ပွဲစဉ်အားလုံး၌ ဗဟာဒူး ခြေစွမ်းပြနိုင်၍ အီရန်နိုင်ငံ တီဟီရန်မြို့တော်၌ "ဆွတ်ဗဟာဒူး" ဟူသည့် အမည်သည် လူတိုင်းပါးစပ်ဖျား၌ ရေပန်းစားခဲ့သည်။ လမ်းသွားလျှင် "ဆွတ်ဗဟာဒူး ဘယ်သူလဲ"ဟူ၍ မေးမြန်းကြသည်။ ဗဟာဒူးကို သိမြင်တွေ့ရလျှင် အော်တိုဝိုင်း၍ရေးခိုင်းခြင်း၊ လက်မှတ်ထိုးခိုင်းခြင်း၊ ဓာတ်ပုံအတူ တွဲရိုက်ခြင်းများ ပြုလုပ်ကြပြီးလျှင် အိုင်စကရင်နှင့် အအေးများလည်း တိုက်ကျွေးကြသည်။ အီရန်အာရှဖလား ဘောလုံးပြိုင်ပွဲဝင် နိုင်ငံအားလုံးမှ ဘောလုံးအဖွဲ့ဝင်များသည် ဗဟာဒူးကို လေးစားကြပြီး ဗဟာဒူးသာ အကောင်းဆုံးဟူ၍ မှတ်ချက်ချခဲ့ကြသည်။

## လူရည်ချွန်တစ်ဦး

ဗဟာဒူးသည် မြန်မာ့ဘောလုံး လောကတွင်သာမက အာရှဘောလုံး လောက၌ပါ စံပြကစားသမား တစ်ဦး ဖြစ်ခဲ့သည်။ ၁၉၆၆ ခုနှစ်တွင် အာရှလက်ရွေးစင်အဖြစ် ရွေးချယ်ခံခဲ့ရသည်။ ဗဟာဒူးသည် ၁၉၅၃ ခုနှစ်မှ ၁၉၆၉ ခုနှစ် ဒီဇင်ဘာလအထိ နိုင်ငံ့ကိုယ်စားပြု နိုင်ငံတကာပွဲပေါင်း ၁၅၂ ပွဲ ပါဝင်ကစားခဲ့သူ မြန်မာ့အားကစား လူရည်ချွန်တစ်ဦး ဖြစ်သည်။

## မလေးရှားသတင်းစာတွင်ထုတ်ဖော်

ဗဟာဒူးနည်းတူ အာရှလက်ရွေးစင် ဂိုးသမား တင်အောင်သည်လည်း အထူးကျော်ကြားသည်။ ၁၉၇၀ ပြည့်နှစ် ဆဋ္ဌမအကြိမ်မြောက် အာရှအိုလံပစ်အားကစား ပြိုင်ပွဲတွင် အာရှ၏ အကောင်းဆုံး ဂိုးသမားအဖြစ် အစွမ်းပြကစားခဲ့ပြီး မြန်မာဘောလုံးအသင်းအတွက် ဒုတိယမြောက် အာရှအိုလံပစ် ချန်ပီယံ ရွှေတံဆိပ်ဆုကို ရယူဆွတ်ခူးပေးခဲ့သည်။

ဂိုးတင်အောင်သည် ခေါင်းအေးအေးဖြင့် ကာကွယ်နိုင်မှု၊ ပြာလောင်လောကြီးမှု မရှိဘဲ ကာကွယ်နိုင်မှု၊ နေရာယူ မှန်မှုတို့တွင် ကျော်ကြားသည်။ အာရှလက်ရွေးစင် ဘောလုံးအသင်းနှင့်အတူ ထိုစဉ်က အင်္ဂလန်ပထမတန်းကလပ်အသင်းများ ဖြစ်ကြသည့် လီဆက်စတာ၊ ဆောက်သမ်တန်အသင်းတို့နှင့် မလေးရှားနိုင်ငံ၌ ခြေစမ်းကစားခဲ့စဉ်က လီဆက်စတာ အသင်း မန်နေဂျာက " တင်အောင်သည် ဥရောပအဆင့်မီသူ ဖြစ်သည်။ အင်္ဂလန် ပထမတန်း၌လည်း ကစားနိုင်သူ ဖြစ်သည်။ အင်္ဂလန်သို့ လာလိုလျှင် မိမိတို့ အသင်းမှခေါ်ယူလိုပါသည်"ဟု မလေးရှား သတင်းစာ မလေးမေးလ်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

အင်္ဂလန်ဆောက်သမ်တန်အသင်း ရှေ့တန်းတိုက်စစ်မှူးတစ်ဦးလည်းဖြစ်သူ၊ ၁၉၆၆ ခုနှစ် အင်္ဂလန်ပထမတန်း အမှတ်ပေး ဘောလုံးပြိုင်ပွဲ၏ ဂိုးသွင်းအများဆုံး ဂိုးသွင်းဘုရင်လည်း ဖြစ်သူ ဂျွန်ဒေးဗစ်ကလည်း "တင်အောင်သည် အလွန်ဂိုးသွင်းရခက်သည့် ဂိုးသမား ဖြစ်သည်။ သူ့အကဲကို ခတ်မရနိုင်အောင် ကြုံတွေ့ခဲ့ရသည်"ဟု ထုတ်ဖော်ပြောဆိုခဲ့လေသည်။

အာရှလက်ရွေးစင် ခင်မောင်ထွန်း (ဂိုး)နှင့် နောက်တန်းခံစစ်မှူး မောင်မောင်တို့သည်လည်း မလေးရှားဘောလုံး ပရိသတ်များ၏ အသည်းစွဲ ဖြစ်ခဲ့လေသည်။

အေးမောင်ကြီး၊ အေးမောင်လေးတို့၏ အလယ်တန်းအတွဲကိုမူ နိုင်ငံခြားစာစောင်များက Fantastic Ball Control ဟူ၍ ချီးမွမ်းရေးသားခဲ့ကြ၏။

ငါးကြိမ်ဆက် ကျွန်းဆွယ်ပြိုင်ပွဲ ချန်ပီယံ မြန်မာဘောလုံးအသင်းတွင် ဂိုး- တင်အောင်၊ နောက်တန်း ခံစစ်မှူးများဖြစ်ကြသည့် မောင်မောင်တင်၊ မောင်မောင်မြင့်၊ကျော်သောင်း၊ တင်ဟန်၊ အလယ်တန်းတွင် မျိုးဝင်းညွန့်၊ အေးမောင်ကြီး၊ အေးမောင်လေး၊ ရှေ့တန်းတိုက်စစ်မှူးများဖြစ်ကြသည့် ဘပု၊ လှဌေး၊ ရဲညွန့်၊ တင်အောင်မိုးနှင့် ဝင်းမောင်တို့ အများဆုံးပါဝင်ကစားခဲ့ကြသည်။

မြန်မာနိုင်ငံက ဒုတိယအကြိမ် အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခဲ့သည့် ၁၉၆၉ ခုနှစ် ပဉ္စမအကြိမ်မြောက် ကျွန်းဆွယ်ပြိုင်ပွဲတွင် မြန်မာဘောလုံးအသင်း၏ ချန်ပီယံ ရွှေတံဆိပ်ဆု အပါအဝင် မြန်မာအားကစားအဖွဲ့သည် ရွှေ ၅၇ ခု၊ ငွေ ၄၆ ခု၊ ကြေး ၄၃ ခုတို့ဖြင့် နိုင်ငံအလိုက်ပါ ဗိုလ်စွဲခဲ့ရာ အောင်ပွဲရမြန်မာအားကစားအဖွဲ့ဝင်များအား တော်လှန်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးနေဝင်းနှင့် ဇနီးတို့က အစိုးရညှိ့ဂေဟာ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ပြီး မြန်မာအားကစားမောင်မယ်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့သည်။ ရွှေတံဆိပ်ဆုရှင်များ ဖြစ်ကြသည့် ဂျင်မီနှင့် မခင်ပုတို့ကလည်း ဆုရတံဆိပ်များကို ဗိုလ်ချုပ်ကြီးနေဝင်းအား အမှတ်တရပေးအပ်ခဲ့လေသည်။

*စာမျက်နှာ ၁၁ သို့*

**○ ထိုကဲ့သို့ တိုင်းချစ်ပြည်ချစ်စိတ်အပြည့်ဖြင့် မြန်မာဘောလုံး ရွှေခေတ်တစ်ခေတ်ကို ထုဆစ်ပေးခဲ့ကြပါသော ရွှေခေတ် မြန်မာလက်ရွေးစင် ဘောလုံးသမားကြီးများ၏ ဘဝနေဝင်ဆည်းဆာအချိန်ကို စေ့ငုလေ့လာကြည့်လျှင်မူ ၂၀၀၉ ခုနှစ် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီခေတ်တွင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် မြန်မာနေရှင်နယ်လိဂ် ဘောလုံးပြိုင်ပွဲမှတစ်ဆင့် ပေါက်ဖွားလာခဲ့သော ပစ္စက္ခ မြန်မာဘောလုံးသမားတို့၏ ဘဝသို့နှယ် ရွှေရောင်မတောက်ပခဲ့ကြပါ။ အချို့ဆိုလျှင် ဆင်းရဲချို့တဲ့စွာ ဘဝကို နိဂုံးကမ္ပတ် ချုပ်ငြိမ်းသွားခဲ့ကြရရှာသည်။**

*စာမျက်နှာ ၁၀မှ*

ထိုကဲ့သို့ မြန်မာဘောလုံးအသင်းသည် ဒေသတွင်း အရှေ့တောင်အာရှကျွန်းဆွယ်နှင့် အာရှအဆင့်တွင် လျှမ်းလျှမ်းတောက် အောင်မြင်ကျော်ကြားကာ ရွှေခေတ်တစ်ခေတ်ကို ထူထောင်နိုင်ခဲ့သော်ငြား ရွှေခေတ်မြန်မာ့လက်ရွေးစင် ဘောလုံးသမားကြီးများအား နိုင်ငံတော်က ထိုခေတ်အခြေအနေအရ ရေဒီယို၊ အပ်ချုပ်စက်၊ စက်ဘီးစသည့် အသုံးအဆောင်ပစ္စည်းများကိုသာ ဂုဏ်ပြုချီးမြှင့်နိုင်ခဲ့ပါသည်။

သို့တစေ ရွှေခေတ်ဘောလုံးသမားကြီးများသည် နိုင်ငံချစ်စိတ်ကို အရင်းတည်ကာ ပြိုင်ပွဲမဆိုထားဘိ၊ ခြေစမ်းပွဲများတွင်ပါ အရိုးကျေကျေ အရေခန်းခန်း ဖွဲ့လုံ့လဝီရိယအပြည့်ဖြင့် အသည်းပေါက်မတတ် ကစားခဲ့ကြပါ၏။

### ထမ်းစင်ဖြင့် ထမ်းထုတ်ခဲ့ရ

၁၉၆၄ ခုနှစ် ဇန်နဝါရီလက ရန်ကုန်မြို့တွင် ခြေစမ်းပွဲ လာရောက်ကစားခဲ့သည့် ချက်ကိုစလိုဗက်ကီးယားမှ ဒူကလာပရာဟာ ကလပ်အသင်းကြီးနှင့် ခြေစမ်းပွဲ တတိယပွဲစဉ်တွင် ချက်နောက်ခံလူနှစ်ဦးကို လိမ်ခေါက်ပြီး ချက်ဂိုးစည်းအတွင်းသို့ ဘောလုံးဆွဲယူလာသော လှဌေးကို ချက်လက်ရွေးစင် ပလွတ်စ်စကားက ပြေးဝင်ပြီး အပိုင်ကန်ခဲ့ရာ လှဌေးသည် ပုံလျက်လဲကျသွားရာမှ ပြန်မထနိုင်တော့၍ ထမ်းစင်ဖြင့် ထမ်းထုတ်ခဲ့ရလေသည်။

လှဌေးသည် ချက်နောက်တန်းကို ထိုးဖောက်မွှေနှောက် ကစားနေသူဖြစ်၍ ယခုကဲ့သို့ လူချခံခဲ့ရခြင်းဖြစ်သည်။ ထိုဒူးဒဏ်ရာကြောင့် လှဌေးသည် ၁၉၆၄ ခုနှစ်တစ်နှစ်လုံး အနားယူခဲ့ရလေသည်။

၁၉၇၁ ခုနှစ် ဆဌမအကြိမ် ကျွန်းဆွယ်ပြိုင်ပွဲတွင် တင်အောင်မိုးသည် ခြေထောက် ဒဏ်ရာရရှိနေသည့်ကြားမှ ထိုင်းနှင့် အကြိုဗိုလ်လုပွဲတွင် ၁၅ မိနစ်ခန့် ဝင်ကစားပေးခဲ့သည်။ ဗိုလ်လုပွဲတွင်မူ မကစားနိုင်တော့။ ရန်ကုန်ရောက်မှ ဓာတ်မှန်ရိုက်ကြည့်ရာ ခြေထောက်ကျိုးနေသည်ကို သိရသည်။ ထိုင်းနှင့် အကြိုဗိုလ်လုပွဲ ပွဲစဉ်တွင် ခြေကျိုးနေသည့်ကြားက တိုင်းပြည်နှင့် လူမျိုးအတွက် အနာခံ၍ ဝင်ကစားပေးခဲ့ခြင်း ဖြစ်လေသည်။

**“တစ်ဆက်တည်းမှာပင် ရွှေခေတ်ကာလအတွင်းက အဝတ်လဲခန်းတွင် ဟိန်းနေအောင် မြန်မာ့လက်ရွေးစင်ဘောလုံးသမားများ သံပြိုင်သီဆိုလေ့ရှိသည့် “ကမ္ဘာမှာ ဗမာသည် ထင်ရှားလို့သာလာပြီ၊ တို့ဗမာရဲ့အားကစားသည် ထိပ်တန်းသို့ရောက်ပြီ။ အနိုင်မခံ၊ အရှုံးမပေး၊ ဒို့အင်အားရှိသရွေ့ ... ဒို့ကြိုးစားကြသည်။ အောင်ရမည်၊ အောင်ရမည်၊ ဒို့ဗမာတွေ အဆင့်ဆင့်အောင်ရမည်”ဆိုသော “အောင်ရမည်” သီချင်းနှင့် ပြိုင်ပွဲတွင် ချန်ပီယံဆု ဆွတ်ခူးရရှိသည့်အခါတိုင်း ပြိုင်ပွဲကျင်းပရေး ကော်မတီက ဂုဏ်ပြုတီးမှုတ်ထုတ်လွှင့်ပေးပါသော နိုင်ငံတော်သီချင်းကို လွမ်းဆွတ်တမ်းတလာမိသည်”**

### နိုင်ငံကမွတ်ချော်

**ထိုကဲ့သို့ တိုင်းချစ်ပြည်ချစ်စိတ်အပြည့်ဖြင့် မြန်မာဘောလုံး ရွှေခေတ်တစ်ခေတ်ကို ထုဆစ်ပေးခဲ့ကြပါသော ရွှေခေတ်မြန်မာလက်ရွေးစင် ဘောလုံးသမားကြီးများ၏ ဘဝနေဝင် ဆည်းဆာအချိန်ကို စေ့ငုလေ့လာကြည့်လျှင်မူ ၂၀၀၉ ခုနှစ် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီခေတ်တွင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် မြန်မာနေရှင်နယ်လိဂ် ဘောလုံးပြိုင်ပွဲမှတစ်ဆင့် ပေါက်ဖွားလာခဲ့သော ပစ္စက္ခ မြန်မာဘောလုံးသမားတို့၏ ဘဝသို့နှယ် ရွှေရောင်မတောက်ပခဲ့ကြပါ။ အချို့ဆိုလျှင် ဆင်းရဲချို့တဲ့စွာ ဘဝကို နိုင်ငံကမွတ်ချော်ငြိမ်း သွားခဲ့ကြရှာသည်။**

### ခံစားမှုမရှိသလို

သူတို့၏ ချမ်းသာမှုသည် နိုင်ငံ့ဂုဏ်ဆောင်ဆုတံဆိပ်များသာ ဖြစ်လေသည်။ သူတို့ ကျင်လည်ရာ ဘဝသည် ဘောလုံးလောကသာ ဖြစ်လေသည်။ သူတို့သည် ဘဝကို ဘောလုံးအားကစား၌သာ နှစ်မြှုပ်ထားကြသည်။ သေသည့်တိုင် ဘောလုံးအားကစားကို မြတ်မြတ်နိုးနိုး ဖက်တွယ်ထားခဲ့ကြလေ၏။ မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းအပေါ်လည်း သံယောဇဉ်ကြီးကြသည်။

**၁၉၉၅-၉၆ ခုနှစ်ခန့်က အာရှလက်ရွေးစင် မြန်မာလက်ရွေးစင် ဂန္ထဝင်ဘောလုံးသမားကြီး ဗဟာဒူးသည် “ကိုယ်ကစားခဲ့တဲ့ပွဲကို ပြန်ပြီးတွေးနေရမယ်၊ ရှုံးလာတဲ့ပွဲမှာ ငါဘာတွေ မှားခဲ့သလဲ။ ငါ့ကစားဖက်တွေ ဘာတွေမှားသလဲ။ ဒါကိုတစိမ့်စိမ့်တွေးပြီး ဝမ်းနည်းခံစားနေရမယ်။ အခု ဘောလုံးသမားတွေကြည့်ရတာ ဘာမှခံစားမှုမရှိသလိုပဲ” ဟု ပြောသည်။**

အာရှလက်ရွေးစင်မြန်မာလက်ရွေးစင် နောက်တန်းခံစစ်မှူး မောင်မောင်ကမူ “ဘောလုံးအသင်းတစ်သင်းဟာ ပြိုင်ပွဲဝင် စိတ်ဓာတ်အပြည့် ရှိဖို့လိုတယ်။ အဲဒါကိုမှ အချင်းချင်း ရဲဘော်စိတ်ထားပြီး ကူညီဖေးမကစားမှုနဲ့ ပေါင်းစပ်လိုက်ရင် အောင်ပွဲရဖို့ အခြေအနေကောင်းတွေ ဖြစ်ပေါ်လာမယ်”ဟု ဆိုခဲ့ဖူးသည်။

သို့သော် ... သို့သော် ... မနေ့တစ်နေ့က အိမ်ရှင် ဂျပန်လက်ရွေးစင်အသင်းနှင့် ကမ္ဘာ့ဖလား ခြေစစ်ပွဲကစားခဲ့သည့် မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းသည် ဂျပန်အသင်းကို ၁၀ ဂိုးပြတ် မရှုမလှ အရှုံးတကွဲ အကျိုးနည်း ရှုံးနိမ့်ခဲ့ရုံမက မြန်မာနိုင်ငံတော်သီချင်းကိုပင် မဆိုကြတော့ပါလား။

### ပြန်ပြောင်းသတိရ

ထိုသောအခါ ကျွန်တော်တို့သည် မြန်မာ့ဘောလုံး ရွှေခေတ်တွင် နိုင်ငံချစ်စိတ်တစ်ခုတည်းဖြင့် ရိုးသားကြိုးစားစွာ နိုင်ငံ့ဂုဏ်မြှင့်တင်ပေးခဲ့ကြပါသော မြန်မာ့လက်ရွေးစင် ရွှေခေတ်ဘောလုံးသမားကြီးများကို ပြန်ပြောင်းသတိရလာမိသည်။

**တစ်ဆက်တည်းမှာပင် ရွှေခေတ်ကာလအတွင်းက အဝတ်လဲခန်းတွင် ဟိန်းနေအောင် မြန်မာ့လက်ရွေးစင် ဘောလုံးသမားများ သံပြိုင်သီဆိုလေ့ရှိသည့် “ကမ္ဘာမှာ ဗမာသည် ထင်ရှားလို့သာလာပြီ၊ တို့ဗမာရဲ့ အားကစားသည် ထိပ်တန်းသို့ရောက်ပြီ။ အနိုင်မခံ၊ အရှုံးမပေး၊ ဒို့အင်အားရှိသရွေ့ ... ဒို့ကြိုးစားကြသည်။ အောင်ရမည်၊ အောင်ရမည်၊ ဒို့ဗမာတွေ အဆင့်ဆင့် အောင်ရမည်” ဆိုသော “အောင်ရမည်”သီချင်းနှင့် ပြိုင်ပွဲတွင် ချန်ပီယံဆု ဆွတ်ခူးရရှိသည့် အခါတိုင်း ပြိုင်ပွဲကျင်းပရေး ကော်မတီက ဂုဏ်ပြုတီးမှုတ် ထုတ်လွှင့်ပေးပါသော နိုင်ငံတော်သီချင်းကို လွမ်းဆွတ်တမ်းတလာမိသည်။**

**ရွှေခေတ်မြန်မာဘောလုံးအသင်းနှင့် လက်ရွေးစင် ဘောလုံးသမားများ၊ တာဝန်ရှိသူများသည် နိုင်ငံတော်သီချင်းကို အသက်နှင့်ထပ်တူ အလေးမြတ်ပြုတန်ဖိုးထားခဲ့ကြပါသည်။**

### မကျေမနပ်ဖြစ်

၁၉၇၁ ခုနှစ် မလေးရှားနိုင်ငံ၌ ကျင်းပခဲ့သည့် ဆဌမအကြိမ်မြောက် ကျွန်းဆွယ်ပြိုင်ပွဲတွင် မြန်မာဘောလုံးအသင်းသည် အိမ်ရှင်မလေးရှားအသင်းကို အနိုင်ရဗိုလ်စွဲခဲ့၍ ပိတ်ပွဲအစီအစဉ်အရ ကိုယ့်အမျိုးသား နိုင်ငံတော်သီချင်း တီးမှုတ် ထုတ်လွှင့်ပေးမှုအပေါ် အထူးမျှော်လင့်စောင့်ဆိုင်းနေခဲ့ပါသော်လည်း ဆုပေးပွဲကျင်းပရေး ကော်မတီက မေ့သွား၍ဟုဆိုကာ မတီးမှုတ်ခဲ့၍ မြန်မာဘောလုံးသမားများ အတော်မကျေမနပ်ဖြစ်ခဲ့ကြသည်။

ထိုစဉ်က မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဝွမ်ရှိန်ကို မလေးရှား နိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဟာရွန်က တောင်းပန်လေမှ မြန်မာဘောလုံးသမားများသည် စိတ်ပြေကြရလေသည်။

ပစ္စက္ခတွင် နေရစ်တော့ ရွှေခေတ်ဟုသာ ဝမ်းနည်းစကား ဆိုရပါတော့မည်။ ။

ကိုးကား - မောင်ရဲဝင်း၏ မြန်မာ့အားကစား လူရည်ချွန်များ၊ လေဟုန်ခွင်း၍ အောင်ပွဲဆင်။

● *ကျော့ဖုံးမှ*

ဗီယက်နမ်အိုလံပစ်ကော်မတီသည် ဘောလုံး၊ ဖူဆယ်၊ သဲသောင်ပြင်ဘောလုံးပြိုင်ပွဲတွင် အမျိုးသားနှင့် အမျိုးသမီး ပြိုင်ပွဲများ ထည့်သွင်းကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းအနေဖြင့် ပြိုင်ပွဲလေးခုတွင် ယှဉ်ပြိုင်မည်ဖြစ်သည်။

ယင်းပြိုင်ပွဲများအနက် အမျိုးသားဘောလုံးပြိုင်ပွဲကို ယူ-၂၂ ပြိုင်ပွဲအဖြစ် ကျင်းပမည်ဖြစ်ပြီး ကျန်ပြိုင်ပွဲများကိုမူ အသက်ကန့်သတ်ချက်မထားဘဲ လက်ရွေးစင်အဆင့်အဖြစ် ကျင်းပမည်ဖြစ်သည်။ ဗီယက်နမ်အိုလံပစ်ကော်မတီသည် ဆီးဂိမ်းပြိုင်ပွဲကို သတ်မှတ်ရက်အတိုင်း ကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကာ ကိုဗစ်-၁၉ ရောဂါ ကျန်းမာရေးဆိုင်ရာ လမ်းညွှန်ချက်များအတိုင်း လုပ်ဆောင်လျက်ရှိသည်။

၂၀၂၁ ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်မည့် မြန်မာ ယူ-၂၂ အမျိုးသားဘောလုံးအသင်းကို ဘူဂေးရီးယားနိုင်ငံသား ပိုပေါ့ဗ်၊ မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းကို ဦးတင်မြင့်အောင်တို့က ကိုင်တွယ်မည်ဖြစ်ပြီး ဖူဆယ်လက်ရွေးစင်အသင်းများအား တာဝန်ယူကိုင်တွယ်မည့် နည်းပြများကို မကြာမီကြေညာမည်ဖြစ်သည်။ မြန်မာဘောလုံးနှင့် ဖူဆယ်အသင်းများသည် နှစ်လယ်ပိုင်းတွင် လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ နောက်ဆုံးကျင်းပသည့် ၂၀၁၉ ဆီးဂိမ်းပြိုင်ပွဲတွင် ဘောလုံးအမျိုးသားနှင့် အမျိုးသမီးပြိုင်ပွဲသာ ပါဝင်ခဲ့၍ မြန်မာအသင်းများမှာ ကြေးတံဆိပ်ဆုရရှိခဲ့သည်။

**ရဲရင့်လွင်**

✻ *ကျော့ဖုံးမှ*

တူချယ်သည် စပါးအသင်းမှ တိုက်စစ်ကစားသမား ဟယ်ရီကိန်းကိုခေါ်ယူရန် ဆန္ဒရှိနေသော်လည်း ပြောင်းရွှေ့ကြေး မြင့်မားမှုကြောင့် ပျက်ပြယ်ဖွယ်ရှိနေသည်။ ထို့အပြင် ဒေါ့မွန်အသင်းမှ တိုက်စစ်ကစားသမား ဟာလန်းကို ခေါ်ယူရန်လည်း စိတ်ဝင်စားနေသည်။ သို့သော်လည်း ချယ်ဆီးအသင်းသည် တိုက်စစ်မှူး လူကာကူကိုသာ ခေါ်ယူရန် အဓိကထား လုပ်ဆောင်ဖွယ်ရှိနေသည်။

တိုက်စစ်ကစားသမား လူကာကူသည် ယခုနှစ်ရာသီ စီးရီးအေတွင် အင်တာမီလန်အသင်း အတွက်ပြိုင်ပွဲစုံ ၄၄ ပွဲ ကစားထားပြီး ဂိုး ၃၀ သွင်းယူပေးထားနိုင်သည်။ ထို့အပြင် လူကာကူသည် အင်တာမီလန်အသင်း ၂၀၁၀ ပြည့်နှစ်နောက်ပိုင်း စီးရီးအေ အမှတ်ပေးဖလား ဆွတ်ခူးရာတွင် အဓိက ကူညီပေးထားနိုင်သူဖြစ်သည်။ လူကာကူသည် ချယ်ဆီးအသင်းတွင် သုံးနှစ်ကြာ ကစားဖူးသူဖြစ်ကာ ၂၀၁၄ ခုနှစ်တွင် အဲဗာတန်အသင်းသို့ ပြောင်းရွှေ့ခဲ့သူ ဖြစ်သည်။ အင်တာမီလန် အသင်းသည် လူကာကူအတွက် ပြောင်းရွှေ့ကြေး ပေါင်သန်း ၁၀၀ သတ်မှတ်ထားသော်လည်း ချယ်ဆီးအသင်းက ပေါင်သန်း ၁၀၀ အောက်ဖြင့်ခေါ်ယူရန် ဆွေးနွေးသွားဖွယ်ရှိနေသည်။

ချယ်ဆီးအသင်းသည် လာမည့်ရာသီတွင် ဗဟိုကွင်းလယ် ကစားသမားတစ်ဦးနှင့် ခံစစ်ကစားသမားတစ်ဦးကိုလည်း ခေါ်ယူရန် ပစ်မှတ်ထားနေကြောင်း သိရသည်။ ဝက်စ်ဟမ်းအသင်းမှ ရိုက်စ်သည် ချယ်ဆီးအသင်းက ခေါ်ယူရန် ကာလရှည် ပစ်မှတ်ထားနေခြင်း ဖြစ်သည်။ ပြီးခဲ့သည့် ချန်ပီယံလိဂ်ဗိုလ်လုပွဲတွင် အသင်းလူစာရင်းမှ ချန်လှပ်ခံခဲ့ရသော အေဗရာဟမ်သည် ချယ်ဆီးအသင်းနှင့် လမ်းခွဲဖွယ် ရှိနေသည်။ ထို့အပြင် အသင်းမှ တိုက်စစ်ကစားသမား ဂျီရုဒ်သည် လာမည့်လတွင် အသင်းနှင့် စာချုပ်သက်တမ်း ကုန်ဆုံးတော့မည်ဖြစ်ပြီး စတန်းဖို့ဒ်ဘရစ်မှ ထွက်ခွာဖွယ် ရှိနေသည်။

**အောင်ဇော်**

## နေ့အပူချိန်များ

**နေပြည်တော် မေ ၃၁**

နေ့အပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းတွင် မေလ၏ ပျမ်းမျှအပူချိန်ထက် ၅ ဒီဂရီစင်တီဂရိတ်၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိနှင့် မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် မွန်ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၂ ဒီဂရီစင်တီဂရိတ် ပိုခဲ့သည်။

**မိုး/ဇလ**

# အစ္စရေးဝန်ကြီးချုပ် အာဏာလက်လွှတ်ရဖွယ်ရှိ

ဂျေရုဆလင် မေ ၃၁

**အစ္စရေးနိုင်ငံ၏ လက်ယာယိမ်း အတိုက်အခံပါတီခေါင်းဆောင်သည် ညွန့်ပေါင်းအစိုးရဖွဲ့ရန်အတွက် တိုင်းပြည်၏အကြီးဆုံး အတိုက်အခံပါတီနှင့်အတူတကွ အလုပ်လုပ်သွားမည်ဟု ကြေညာခဲ့သည်။**

အကယ်၍ သဘောတူညီမှုသာရရှိခဲ့ပါက လက်ရှိဝန်ကြီးချုပ် ဘင်ဂျမင် နေတန်ယာဟုသည် ဖြုတ်ချခံရမည်ဖြစ်သည်။ နေတန်ယာဟုမှာ ၂၀၀၉ ခုနှစ်ကတည်းက အာဏာရရှိခဲ့ခြင်းဖြစ်သည်။ မတ်လအတွင်း ရွေးကောက်ပွဲကျင်းပပြီးနောက် ရေ့မတိုးသာ နောက်မဆုတ်သာအခြေအနေမှ ကျော်လွှန်နိုင်ရေးအတွက် ညွန့်ပေါင်းဖွဲ့နိုင်ရေး ဆွေးနွေးညှိနှိုင်းမှုများ ဦးတည်သွားမည်ဖြစ်သည်။

ရွေးကောက်ပွဲမှာ နှစ်နှစ်တာကာလအတွင်း လေးကြိမ် ကျင်းပပြီးပြီဖြစ်သည်။ နေတန်ယာဟု၏ လက်ယာယိမ်း လီကွတ်ပါတီသည် နေရာအများဆုံး အနိုင်ရခဲ့သည်။

သို့သော်လည်း ညွန့်ပေါင်းအစိုးရကို သတ်မှတ်ချိန်အတွင်း မဖွဲ့စည်းနိုင်ခဲ့ပေ။ အကြီးဆုံးအတိုက်အခံပါတီ၏ ခေါင်းဆောင်မှာ ယဲရာလာပတ် ဖြစ်သည်။

၎င်းမှာ လက်ရှိတွင် အစိုးရဖွဲ့နိုင်ရေးအတွက် လုပ်ဆောင်နေသည်။ အခြားသောအတိုက်အခံ ပါတီများမှာလည်း ညွန့်ပေါင်းအဖွဲ့တွင် ပါဝင်ကြရန် သဘောတူပြီးဖြစ်သည်။

အစိုးရဖွဲ့ရန်အတွက် နောက်ဆုံး ရက်သတ်မှတ်ချက်မှာ ဇွန် ၂ ရက်ဖြစ်သည်။

အင်န်အိတ်ချ်ကေ



အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟု။

# နိုင်ဂျီးရီးယားတွင် သင်္ဘောနစ်မြုပ်မှုကြောင့် သေဆုံးသူ ၈၁ ဦးအထိ ရှိလာ

**အဘူဂျာ မေ ၃၁**

ပြီးခဲ့သည့်သီတင်းပတ်က နိုင်ဂျီးရီးယားမြောက်ပိုင်း နိုင်းဂျာမြစ်အတွင်း သင်္ဘောတစ်စင်းနစ်မြုပ်မှုဖြစ်ပွားခဲ့ရာ သေဆုံးသူဦးရေမှာ ၈၁ ဦးအထိ ရှိလာခဲ့သည်ဟု မေ ၃၀ ရက်တွင် ပြည်နယ်အုပ်ချုပ်ရေးမှူးက ပြောသည်။

ယခုအချိန်အထိ အလောင်း ၈၁ လောင်းကို ဆယ်ယူပြီးဖြစ်သည်။ အနောက်မြောက်ပိုင်းပြည်နယ် ခက်ဘီတွင် ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်နေစဉ်အတွင်း ၂၂ ဦးကို ကယ်တင်နိုင်ခဲ့သည်။

အနောက်မြောက်ပိုင်းပြည်နယ် ခက်ဘီတွင် မေ ၂၆ ရက်က သင်္ဘောနစ်မြုပ်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု ပြည်နယ်အုပ်ချုပ်ရေးမှူး အတီကူ ဘာဂူဒူက ပြောသည်။ အဆိုပါ သင်္ဘောမှာ လူပေါင်း ၁၇၀ ကို တင်ဆောင်လာပြီး ဝန်ပိုတင်လာခြင်းဖြစ်သည်။ ခက်ဘီမြို့ဈေးမှ ကျေးရွာများသို့ ပြန်လာကြသူများ သင်္ဘောပေါ်တွင် လိုက်ပါလာကြသည်။

နိုင်ဂျီးရီးယားတွင် သင်္ဘောများ တန်ပိုတင်ဆောင်ကြပြီး ကုန်တင်ယာဉ်သုံးစီးစာ ပမာဏရှိသည့် ကုန်ပစ္စည်းများကို တင်ဆောင်လာသည့် သင်္ဘောများလည်းရှိကြောင်း အုပ်ချုပ်ရေးမှူးက ပြောသည်။ နိုင်ဂျီးရီးယားနိုင်ငံတွင် ရာသီဥတုဆိုးရွားမှု၊ သင်္ဘောချွတ်ယွင်းမှုနှင့် ဝန်ပိုတင်ဆောင်မှုတို့ကြောင့် သင်္ဘောနစ်မြုပ်ခြင်းများ မကြာခဏဆိုသလို ဖြစ်ပွားလေ့ရှိသည်။

ဆင်ဟွာ



သင်္ဘောနစ်မြုပ်မှုကြောင့် သေဆုံးသွားသူတစ်ဦးကို သယ်ဆောင်လာစဉ်။

# ကုန်တင်သင်္ဘောပိုင်ရှင်ထံမှ ဒေါ်လာသန်း ၅၅၀ အီဂျစ် အစိုးရတောင်းဆို

ကိုင်ရို မေ ၃၁


မတ်လအတွင်းက သီတင်းတစ်ပတ်နီးပါးအကြာ ဂျပန်လူမျိုးပိုင်ကုန်တင်သင်္ဘောတစ်စင်း စူးအက်တူးမြောင်းတွင် ပိတ်မိနေခဲ့ရာ ယင်းဖြစ်စဉ်အတွင်း အီဂျစ်အစိုးရက ကုန်တင်သင်္ဘောပိုင်ရှင်ထံမှ နစ်နာကြေး အမေရိကန် ဒေါ်လာ သန်း ၅၅၀ တောင်းဆိုထားသည်။ အဓိကရေလမ်းကြောင်းတွင် သင်္ဘောကန့်လန့်ခံကာပိတ်မိနေခဲ့ပြီး ယင်းရေလမ်းကြောင်းကို ခုနစ်ရက်ကြာ အခြားသောသင်္ဘောများ အသုံးပြုမရ ဖြစ်ခဲ့ရသည်။

ကနဦးတွင် စူးအက်တူးမြောင်း အာဏာပိုင်အဖွဲ့က လျော်ကြေးအဖြစ် ဒေါ်လာသန်း ၉၁၂ တောင်းခံခဲ့သည်။ အဆိုပါအဖွဲ့အစည်းအခြေချသည့် အစ္စမေးလီယာတွင် မေ ၃၀ ရက်က အစည်းအဝေးပြုလုပ်ခဲ့ပြီး စူးအက်တူးမြောင်းအာဏာပိုင်များက ယခုလို ပြောကြားခဲ့သည်။

သင်္ဘောသောင်တင်နေရာမှ ဖယ်ရှားနိုင်ရေးအတွက် အလုပ်သမားပေါင်း ၆၀၀ ကျော် အသုံးပြုခဲ့ရကြောင်း၊ နစ်နာကြေးတောင်းခံရာတွင် သင်္ဘောကို သောင်တင်ရာမှ လွတ်အောင်ကြိုးစားလုပ်ဆောင်ရင်း အသက်သေဆုံးသွားရသည့် အလုပ်သမားအတွက်လည်း လျော်ကြေးပါဝင်သည်။

၎င်းတို့ တောင်းခံသည့် နစ်နာလျော်ကြေး ပမာဏမှာ ဆီလျော်မှုရှိသည်ဟု အာဏာပိုင်များက ပြောသည်။ သင်္ဘောကုမ္ပဏီ ရှိုအီကီဆန်ခေရှာကမူ ဒေါ်လာသန်း ၁၅၀ ပေးမည်ဟု ကမ်းလှမ်းထားသည်။

ဆင်ဟွာ




မတ်လအတွင်းက စူးအက်တူးမြောင်းအတွင်း သင်္ဘောကန့်လန့်ခံသောင်တင်နေသည်ကို တွေ့ရစဉ်။

# ဂါဇာဒေသ အပစ်အခတ်ရပ်စဲရေးတည်ငြိမ်မှုရှိစေရေးအတွက် ပါလက်စတိုင်းနှင့် အီဂျစ်တို့ ဆွေးနွေး

ရမ်မလာ မေ ၃၁

ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်သည် မေ ၃၀ ရက်တွင် အီဂျစ်ထောက်လှမ်းရေးဝန်ကြီး အဘတ်စ်ကမယ်နှင့် တွေ့ဆုံကာ အစ္စရေး- ပါလက်စတိုင်း အပစ်အခတ်ရပ်စဲရေးတည်ငြိမ်မှုရှိစေရေးနှင့် ဂါဇာကမ်းမြောင်ဒေသပြန်လည်တည်ဆောက်ရေးတို့အတွက် ဆွေးနွေးခဲ့ကြသည်။

ပါလက်စတိုင်းနယ်မြေများတွင် အပစ်အခတ်ရပ်စဲရေး တိုးတက်မှုအခြေအနေများကို ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်နှင့် အီဂျစ် ထောက်လှမ်းရေးဝန်ကြီး အဘတ်စ်ကမယ်တို့ သုံးသပ်ဆွေးနွေးခဲ့ ကြသည်။ ထို့ပြင် ဟားမတ်စ်အဖွဲ့နှင့် ပါလက်စတိုင်းသမ္မတ၏ ပါတီ တို့ကြား ပြန်လည်သင့်မြတ်ရေး ဆွေးနွေးညှိနှိုင်းကြရန်လည်း ဆွေးနွေးခဲ့ကြသည်ဟု သိရသည်။

ဆင်ဟွာ

# အာရှသည် ကိုဗစ်-၁၉ ကူးစက်မှုမှ ပြန်လည်နာလန်ထူလာချိန်တွင် တရုတ်နိုင်ငံက ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးဆောင်ရွက်မှုများကို အရှိန်မြှင့်တင်လုပ်ဆောင်



တရုတ်နိုင်ငံမြောက်ပိုင်း ဟီဘေးပြည်နယ်ရှိ တန်ရှန်ကာကွယ်ဆေးထိုးနေရာတွင် ဆေးဘက်ဆိုင်ရာဝန်ထမ်းများက ဒေသခံများကို ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးနေစဉ်။

**ပေကျင်း မေ ၃၁**

တရုတ်နိုင်ငံသည် ၎င်း၏ကာကွယ်ဆေးထိုးလှုပ်ရှား ဆောင်ရွက်မှုကို ယခုနှစ်မှစတင်ကာ အရှိန်မြှင့်တင် လုပ်ဆောင်လျက်ရှိစဉ် အာရှ၏ ကိုဗစ်-၁၉ မှ ပြန်လည် နာလန်ထူလာမှုသည်လည်း မြင့်တက်လျက်ရှိကြောင်း ဝေါစထရိစ်ဂျာနယ်က မကြာသေးမီတွင် ရေးသားဖော်ပြလိုက်သည်။

**အင်တိုက်အားတိုက်အကောင်အထည်ဖော်**

ကမ္ဘာတစ်ဝန်း ကာကွယ်ဆေးထက်ဝက်နီးပါး နေ့စဉ်ဖြန့်ဝေမှု အပါအဝင် တရုတ်နိုင်ငံ၏ ကာကွယ်ဆေးထိုးလှုပ်ရှား ဆောင်ရွက်မှုသည် အင်တိုက်အားတိုက်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း အဆိုပါဂျာနယ်တွင် ဆက်လက်ဖော်ပြထားသည်။

**အရှိန်အဟုန်မြင့်လာစေမည်**

လျင်မြန်သည့် တရုတ်နိုင်ငံ၏ ကာကွယ်ဆေးထိုး ဆောင်ရွက်မှုများသည် အရှေ့တောင်အာရှ၏ ပျက်စီးနေသော ခရီးသွားကဏ္ဍကို ပြန်လည် အရှိန်အဟုန်မြင့်လာစေမည်ဖြစ်ကြောင်း၊ အရှေ့တောင်အာရှ၏ ခရီးသွားကဏ္ဍသည် တရုတ်ခရီးသွားများကို အဓိက မှီခိုနေရကြောင်း အဆိုပါဂျာနယ်က ထပ်မံဖော်ပြထားသည်။

မေ ၂၉ ရက်အထိ ကိုဗစ်-၁၉ ကာကွယ်ဆေး ၆၂၁ သန်းကို တရုတ်နိုင်ငံတစ်ဝန်း ထိုးပေးခဲ့ကြောင်း တရုတ်အမျိုးသားကျန်းမာရေးကော်မရှင်က မေ ၃၀ ရက်တွင် ပြောကြားလိုက်သည်။

**ဆင်ဟွာ**

# အသက် ၁၂ နှစ်အရွယ် ကလေးများကို ဖိုက်ဇာ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးရန် ဂျပန်ခွင့်ပြု

တိုကျို မေ ၃၁

**ဂျပန်ကျန်းမာရေးဝန်ကြီးဌာနက အမေရိကန် ဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီဖြစ်သည့် ဖိုက်ဇာကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေးကို ၎င်း၏ ပြည်သူလူထုကာကွယ်ဆေးထိုးအစီအစဉ်၌ အသက် ၁၂ နှစ်မှ ၁၅ နှစ်အရွယ်ရှိ ကလေးများကို တိုးချဲ့ထိုးပေးသွားရန် ဆုံးဖြတ်ခဲ့သည်။**

ဖိုက်ဇာနှင့် ၎င်း၏ ဂျာမန်မိတ်ဖက် ဘိုင်ရွန်တက်ခ်တို့က ထုတ်လုပ်လိုက်သည့် အဆိုပါကာကွယ်ဆေးသည် ဝန်ကြီးဌာနကာကွယ်ဆေးထိုးအစီအစဉ်တွင် အသုံးပြုနေသော ကာကွယ်ဆေးတစ်မျိုးဖြစ်သည်။

အဆိုပါ ကာကွယ်ဆေးသည် အမေရိကန်ရှိ အသက် ၁၂ နှစ်မှ ၁၅ နှစ်ကြား ကလေးများကို စမ်းသပ်ချက်အရ ဘေးကင်းလုံခြုံပြီး ထိရောက်မှုရှိကြောင်း ကာကွယ်ဆေး ထုတ်လုပ်သူများက အတည်ပြုပြောကြားသည်။

ထိုသို့သော သတင်းအချက်အလက်များကို ရရှိပြီးနောက် ကျန်းမာရေးဝန်ကြီးဌာနသည် ပြည်သူလူထုကာကွယ်ဆေးထိုး အစီအစဉ်များတွင် ကာကွယ်ဆေးထိုးခံရမည့် အသက်ကန့်သတ်ချက်ကို လျှော့ချရန် လွန်ခဲ့သော သီတင်းပတ်က ဆုံးဖြတ်ချက်ချခဲ့သည်။

အသက် ၁၂ နှစ်မှ အသက် ၁၅ နှစ်ကြား ကလေးများကို ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးရာတွင် မိဘများ၏ သဘောတူညီချက် လိုအပ်မည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ ဆုံးဖြတ်ချက်ကို ပြည်နယ်အစိုးရများသို့ အသိပေးသွားရန် ကျန်းမာရေးဝန်ကြီးဌာနက စီစဉ်လျက်ရှိကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**




ဖိုက်ဇာကိုဗစ်-၁၉ ကာကွယ်ဆေး။

# ဗီယက်နမ်နိုင်ငံတွင် ပီဇပြောင်း ကိုဗစ်-၁၉ ကူးစက်မှုအသစ် တွေ့ရှိ

**ဟန္နိုင်း မေ ၃၁**

အိန္ဒိယတွင် တွေ့ရှိရသည့် ဗီဇ ပြောင်း ကိုဗစ်-၁၉ ကူးစက်ခံထားရသည့် ဗီယက်နမ်နိုင်ငံသား လေးဦးကို တွေ့ရှိခဲ့သည်ဟု ဗီယက်နမ် ကျန်းမာရေးအာဏာပိုင်များက ပြောသည်။

ဗီဇပြောင်း ကိုဗစ်-၁၉၏ ကူးစက်မှုနှုန်းကို အတိအကျ မသိနိုင်သေးဟု ဗီယက်နမ်ရှိ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

သို့သော်လည်း ကူးစက်ခံထားရသူများကို အနီးကပ်စောင့်ကြည့်မှုများ ပြုလုပ်နေသည်ဟုလည်း ၎င်းက ဆက်ပြောသည်။ ဗီယက်နမ်နိုင်ငံသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကို အောင်အောင်မြင်မြင် နှိမ်နင်းနိုင်ခဲ့သည့် နိုင်ငံလည်းဖြစ်သည်။ သို့သော်လည်း ယခုနှစ်အစပိုင်းမှစ၍ ဗီဇပြောင်း ကိုဗစ်-၁၉ ကူးစက်မှုများ တွေ့လာရသည်။

ဧပြီလနှောင်းပိုင်းမှ စတင်ကာ နောက်ထပ် ကူးစက်မှုအသစ်များ တစ်ရှိန်ထိုး များပြားလာခဲ့ပြီး အချို့သောနေ့များတွင် ကူးစက်ခံရသူ ၄၀၀ အထိ ရှိလာသည်။ **အင်န်အိတ်ချ်ကေ**



ဗီယက်နမ်နိုင်ငံ မြို့တော်ဟန္နိုင်းတွင် လူသူရှင်းလင်းနေသည့်လမ်းကို တွေ့ရစဉ်။

# ဗီယက်နမ်နှင့် မလေးရှားနိုင်ငံတို့မှ ဝင်ရောက်လာသူများကို ခြောက်ရက်ကြာ သီးသန့်ခွဲခြားနေထိုင်ရန် ဂျပန်အစိုးရ စီစဉ်

**တိုကျို မေ ၃၁**

ဂျပန်အစိုးရသည် ဗီယက်နမ်နှင့် မလေးရှားနိုင်ငံတို့မှ ဝင်ရောက်လာသူများကို ခြောက်ရက်ကြာ သီးသန့်ခွဲခြားနေထိုင်သည့် အစီအစဉ်ကိုစတင်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

အိန္ဒိယနှင့် ဗြိတိန် ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ် မျိုးစိတ်သစ်လက္ခဏာနှင့်တူသော အသွင်ပြောင်း ကိုဗစ်-၁၉ မျိုးစိတ်သစ်တစ်ခုကို တွေ့ရှိကြောင်း မလေးရှားအာဏာပိုင်များက ဖော်ပြပြီးနောက် ယခုလို ဆောင်ရွက်ရန် စီစဉ်လိုက်ခြင်းဖြစ်သည်။ ထို့အပြင် မလေးရှားနိုင်ငံတွင်လည်း အသွင်ပြောင်းကိုရိုနာဗိုင်းရပ်စ်မျိုးစိတ်သစ် လျင်မြန်စွာ ကူးစက်ပျံ့နှံ့လျက်ရှိသည်။ အဆိုပါနိုင်ငံနှစ်နိုင်ငံမှ ရောက်ရှိလာသူများကို အစိုးရကစီစဉ်ထားသည့် နေရာများတွင် နေထိုင်ရန် တိုက်တွန်းသွားမည်ဖြစ်သည်။

အိန္ဒိယအသွင်ပြောင်း ကိုရိုနာဗိုင်းရပ်စ်သစ်သည် အဆိုပါနိုင်ငံများသို့ ကူးစက်ပျံ့နှံ့လျက်ရှိရာ အိန္ဒိယနှင့် တခြားငါးနိုင်ငံမှလာရောက်သူများအနေဖြင့် သီတင်းပတ်နှစ်ပတ်ကြာ သီးသန့်ခွဲခြားနေထိုင်ရမည့် ရက်များအတွင်း ပထမ ၁၀ ရက်ကို အစိုးရကစီစဉ်သည့် နေရာများတွင် နေထိုင်ရန်လိုအပ်ကြောင်း သိရသည်။

ဂျပန်နိုင်ငံသည် အာဖဂန်နစ္စတန်နှင့် ထိုင်းနိုင်ငံမှ လာရောက်သူများနှင့် အမေရိကန်ပြည်ထောင်စု၏ တချို့အစိတ်အပိုင်းမှ လာရောက်သူများကိုလည်း ၁၀ ရက်ကြာ သီးသန့်ခွဲခြားစောင့်ကြည့်ရမည့် စာရင်းထဲသို့ ထည့်ရန် စဉ်းစားလျက်ရှိသည်။

**အင်န်အိတ်ချ်ကေ**

# ကိုဗစ်– ၁၉ ကူးစက်မှု များပြားလာခြင်းကို ရင်ဆိုင်နေရသည့် မလေးရှားနိုင်ငံ

**နှင်းမိုးအိမ်**

**မလေးရှားနိုင်ငံ၏ လတ်တလော ကိုဗစ်–၁၉ ကူးစက်မှုများမှာ အဆမတန်များပြားလာပြီး တိုင်းပြည်၏ကျန်းမာရေးစနစ်မှာလည်း ပြိုပျက်လုနီးနီး ဖြစ်လာသည်။ ယင်းသို့သော အခြေအနေများကြောင့် မေ ၂၈ ရက်တွင် တစ်တိုင်းပြည်လုံးအနှံ့ အသွားအလာ ပိတ်ဆို့ကန့်သတ်မှုချမှတ်ရသည်အထိ ဖြစ်လာခဲ့သည်။**

### ကူးစက်မှုအများဆုံးပမာဏ

မလေးရှားနိုင်ငံတွင် နေ့စဉ် ကိုဗစ်–၁၉ ကူးစက်မှု အခြေအနေမှာ ၈၀၀၀ ကျော်ရှိလာသည့်အတွက် တစ်နိုင်ငံလုံး အနှံ့အသွားအလာ ပိတ်ဆို့ကန့်သတ်ရန် ဆုံးဖြတ်ချက်ချခဲ့ရခြင်း ဖြစ်သည်။ ကိုဗစ်–၁၉နှင့် ဆက်စပ်ပြီး သေဆုံးသွားသူအရေအတွက်မှာလည်း ၂၅၅၂ ဦး ကျော်ရှိလာပြီ ဖြစ်သည်။ မေ ၂၅ ရက်တွင် ကူးစက်ခံရသူ ၇၀၀၀ တွေ့ရှိခဲ့ပြီး မေ ၂၆ ရက်တွင်မူ ၈၀၀၀ ထပ်တွေ့ခဲ့သည်။ ယင်းပမာဏမှာ မလေးရှားနိုင်ငံတွင် ကိုဗစ် –၁၉ စတင်ကူးစက်သည့် အချိန်မှ စတင်ကာ အများဆုံးပမာဏပင်ဖြစ်သည်။

### လူနာများနှင့်ပြည့်

ကူးစက်မှုနှုန်းပင် များပြားလာသည် မဟုတ်၊ သေဆုံးမှုနှုန်းပါ တိုးလာခြင်း ဖြစ်သည်။ သေဆုံးမှုနှုန်း ၄၀ မှ ၅၀ကျော်ကြားရှိသည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။ တစ်နိုင်ငံလုံးအနှံ့ အထူးကြပ်မတ်ကုသဆောင်တွင် ခုတင်အရေအတွက် ၉၁ ရာခိုင်နှုန်းမှာ ပြည့်နေပြီ ဖြစ်သည်ဟု ကျန်းမာရေးဝန်ကြီးဌာန အဆင့်မြင့် အရာရှိကြီးတစ်ဦးဖြစ်သူ နော်ဟီရှိန်းမ် အဗ္ဗဒူလာက မေ ၂၁ ရက်တွင် ပြောသည်။ ဆယ်လန်ဂေါနှင့်ဖနန် ပြည်နယ်ရှိဆေးရုံများတွင် အထူးကြပ်မတ်ကုသဆောင်များမှာ လူနာများနှင့်ပြည့်နေပြီး ဖနန်ပြည်နယ်တွင် မလေးရှားတပ်ဖွဲ့က ဆေးရုံဝင်းအတွင်း ယာယီ အထူးကြပ်မတ်ကုသဆောင်ကို ဆောက်ပေးခဲ့ရသည်။

### ယာယီ ရင်ခွဲရုံအဖြစ် အသုံးပြုခဲ့ရ

သေဆုံးမှုများ များပြားလာသည့်အတွက် ဆယ်လန်ဂေါ ပြည်နယ်တွင် သဘော်ာကွန်တိန်နာများကို ယာယီ ရင်ခွဲရုံအဖြစ် အသုံးပြုခဲ့ရသည်။ တိုင်းပြည်၏ ကျန်းမာရေးစောင့်ရှောက်မှု စနစ်မှာ ဝန်နှင့်အား မမျှရအောင် ဖြစ်နေရပြီး ယိုင်နဲ့လုနီးနီး ဖြစ်နေရသည်။ အိမ်မှာ နေခြင်းအားဖြင့် ကျန်းမာရေးဝန်ထမ်းများကို ကူညီပေးကြပါဟု နော်ဟီရှိန်းမ် အဗ္ဗဒူလာက ပြောသည်။ မလေးရှားနိုင်ငံတွင် အသွားအလာ ပိတ်ဆို့ကန့်သတ်မှုကို ဇွန် ၁ ရက်မှ ၁၄ ရက်အထိ ပြုလုပ်ထားပြီး လူမှုရေးနှင့် စီးပွားရေးကဏ္ဍများကို ပိတ်ပင်ထားသည်။ မရှိမဖြစ်လိုအပ်သည့် ဝန်ဆောင်မှုများနှင့် ကဏ္ဍများမှလွဲ၍ ကျန်စီးပွားရေးလုပ်ငန်းများကို ကန့်သတ်ထားသည်။




### ဗိုင်းရပ်စ်ပျံ့နှံ့မှုလျင်မြန်ခဲ့ရ

ပြီးခဲ့သည့် စက်တင်ဘာလမှစ၍ မလေးရှားနိုင်ငံသည် ကိုဗစ်– ၁၉ တတိယအကြိမ်နှင့် ရင်ဆိုင်နေရသည်။ ဘော်နီယိုရှိ ဆာဘာ့ပြည်နယ်တွင် ပြုလုပ်သည့်ရွေးကောက်ပွဲက အစပြုလာခြင်းလည်းဖြစ်သည်။ မဲဆွယ်စည်းရုံးမှု ကာလအတွင်း လူအချင်းချင်းခပ်ခွာခွာ နေရမည့် စည်းကမ်းများနှင့် ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်ရန်တို့ကို လိုက်နာမှု အားနည်းခဲ့ကြသည်။ နိုင်ငံရေးသမားများနှင့် မဲဆန္ဒရှင်များသည် မဲပေးရန် ပန်နီဆူလာမှ ဆာဘာ့သို့ လာရောက်ကြသည်။ ယင်းကြောင့်လည်း ဗိုင်းရပ်စ်ပျံ့နှံ့မှု လျင်မြန်ခဲ့ရသည်။

### နောက်ထပ်တင်းကျပ်မှုများ

ဇန်နဝါရီလအတွင်း အရေးပေါ်အခြေအနေကြေညာခဲ့ပြီး ပြည်နယ်များကြား သွားလာမှုကို ပိတ်ပင်ခဲ့သကဲ့သို့ ကျောင်းများကိုလည်း ပိတ်ထားခဲ့ရသည်။ စာသင်ကျောင်းများကို မတ်လရောက်မှ ပြန်ဖွင့်ခွင့်ပေးခဲ့သည်။ သို့သော်လည်း ကူးစက်မှုအခြေအနေများကြောင့် ယခုလအတွင်း ကျောင်းများ ပြန်ပိတ်လိုက်ရပြန်သည်။ အစိုးရသည် နောက်ထပ် တင်းကျပ်မှုများကို မေ ၁၂ ရက်တွင်ကြေညာခဲ့သည်။ ခရိုင်အချင်းချင်းခရီးသွားလာမှုကို ပိတ်ပင်ခဲ့ပြီး စီးပွားရေးလုပ်ငန်းများ လည်ပတ်သည့် အချိန်ကိုလည်း လျှော့ချခဲ့သည်။ ထို့ပြင် ကုမ္ပဏီများကိုလည်း နေအိမ်မှသာ အလုပ်လုပ်ရန် မူဝါဒကို ကျင့်သုံးရန် ဖိအားပေးခဲ့ပြီး နောက်ထပ်ကန့်သတ်မှုများကိုလည်း ပြုလုပ်ခဲ့သည်။ ကူးစက်မှုအများစုမှာ လုပ်ငန်းခွင်နေရာများမှ ဖြစ်နေသည်။

**▼ သေဆုံးမှုများ များပြားလာသည့်အတွက် ဆယ်လန်ဂေါပြည်နယ်တွင် သဘော်ာကွန်တိန်နာများကို ယာယီရင်ခွဲရုံအဖြစ် အသုံးပြုခဲ့ရသည်။ တိုင်းပြည်၏ ကျန်းမာရေး စောင့်ရှောက်မှုစနစ်မှာ ဝန်နှင့်အား မမျှရအောင်ဖြစ်နေရပြီး ယိုင်နဲ့လုနီးနီး ဖြစ်နေရ**

**▼ မလေးရှားနိုင်ငံတွင် အသွားအလာ ပိတ်ဆို့ကန့်သတ်မှုကို ဇွန် ၁ ရက်မှ ၁၄ ရက်အထိ ပြုလုပ်ထားပြီး လူမှုရေးနှင့် စီးပွားရေးကဏ္ဍများကို ပိတ်ပင်ထားသည်။ မရှိမဖြစ်လိုအပ်သည့် ဝန်ဆောင်မှုများနှင့် ကဏ္ဍများမှလွဲ၍ ကျန်စီးပွားရေးလုပ်ငန်းများကို ကန့်သတ်ထားသည်**

### ငွေကြေးများဆုံးရှုံးခဲ့ရ

ကျန်းမာရေးဝန်ကြီးဌာန၏ ပြောကြားချက်အရ မေ၂၆ ရက်က တွေ့ရှိခဲ့သည့် ကူးစက်ခံရသူ ၅၉၃ ဦးကို ဖယ်လိုက်လျှင် ၃၉ ရာခိုင်နှုန်းမှာ လုပ်ငန်းခွင်နေရာမှ ဖြစ်ကြသည်။ လုပ်ငန်းခွင်အတွင်း ကူးစက်ခံရသူ ၁၇၀၀၀ နီးပါးရှိနေသည်။ ယင်းနေ့တွင် စုစုပေါင်းကူးစက်ခံရသူလူဦးရေ၏ လေးပုံပုံလျှင် တစ်ပုံရှိသည်။ တစ်နိုင်ငံလုံး အနှံ့အသွားအလာ ပိတ်ဆို့ကန့်သတ်မှုမှာ တိုင်းပြည်၏ စီးပွားရေးကို ထိခိုက်စေလိမ့်မည်ဟုလည်း အစိုးရက ပြောသည်။ ပြီးခဲ့သည့်နှစ် မတ်လအတွင်းကလည်း တစ်နိုင်ငံလုံး အနှံ့အသွားအလာ ပိတ်ဆို့ကန့်သတ်မှု ပြုလုပ်ခဲ့သည်။ ယင်းကာလအတွင်း ဘီလီယံနှင့်ချီသည့် ငွေကြေးများ ဆုံးရှုံးခဲ့ရပြီး လူအများအပြား အလုပ်လက်မဲ့ဖြစ်ခဲ့ရသည်။ နှစ်လတာအသွားအလာ ပိတ်ဆို့ကန့်သတ်မှုအတွင်း ယင်းသို့ ဆုံးရှုံးနစ်နာမှုများနှင့် ကြုံတွေ့ခဲ့ရခြင်း ဖြစ်သည်။ အဆိုးရွားဆုံးအချိန်များမှာ မကုန်ဆုံးနိုင်သေး အသွားအလာပိတ်ဆို့ကန့်သတ်ရန် မလေးရှားဝန်ကြီးချုပ် ကြေညာချက်ထွက်မလာမီ ဘဏ္ဍာရေးဝန်ကြီး၏ ပြောကြားချက်အရ ယခုနှစ်အတွင်း မလေးရှားနိုင်ငံ၏ စီးပွားရေးမှာ ၆ ဒသမ ၀ မှ ၇ ဒသမ ၅ ရာခိုင်နှုန်းအထိ တိုးတက်လာနိုင်သည်ဟု သိရသည်။ အဆိုးရွားဆုံး အချိန်များမှာ မကုန်ဆုံးနိုင်သေးဟု နော်ဟီရှိန်းမ် အဗ္ဗဒူလာက ပြောသည်။ နေ့စဉ်ကူးစက်မှုများမှာ စံချိန်တင်များပြားနေဆဲဖြစ်ပြီး ကူးစက်ခံရသူများအနက် ၈၀ ရာခိုင်နှုန်းမှာ ရောဂါရာဇဝင်နောက်ကြောင်းလိုက်မရ ဖြစ်နေသည်။ မည်သည့်နေရာမှ ကူးစက်လာသည်ကိုလည်း မသိရချေဟု ကျန်းမာရေးဝန်ထမ်းတစ်ဦးက ယခုလအစောပိုင်းတွင် ပြောသည်။ မလေးရှားနိုင်ငံသည် ပြင်းထန်သည့် ကူးစက်မှုများနှင့် ရင်ဆိုင် တွေ့ကြုံရပြီ ဖြစ်သည်။

### အိမ်မှာနေခြင်းဖြင့်ကူညီပါ

ဗီဇပြောင်း ကိုဗစ် –၁၉ ကူးစက်မှုများကိုလည်း တွေ့ရှိရသည်။ တောင်အာဖရိကတွင် တွေ့ရှိရသည့် ဗီဇပြောင်း ကိုဗစ် –၁၉ ဗိုင်းရပ်စ်နှင့် အိန္ဒိယတွင်တွေ့ရှိရသည့် ဗီဇပြောင်း ကိုဗစ် –၁၉ တို့ကိုပါ မလေးရှားနိုင်ငံတွင် ကူးစက်လာသည်ကိုတွေ့ရသည်။ ဧပြီလ ၁ ရက်မှစတင်ကာ ကူးစက်မှုများ များပြားလာခြင်း ဖြစ်သည်။ ပြည်သူများအားလုံး အဆိုးဆုံးအခြေအနေအတွက် ပြင်ဆင်ရန်လိုအပ်ပြီး အိမ်မှာနေခြင်းဖြင့် ကျန်းမာရေးဝန်ထမ်းများကို ကူညီကြပါ။ ပြည်သူများအားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် ကိုဗစ် –၁၉ ကူးစက်မှု သံသရာကို ချိုးဖျက်နိုင်သည်ဟု နော်ဟီရှိန်းမ် အဗ္ဗဒူလာက ၎င်း၏ တွစ်တာစာမျက်နှာတွင် ရေးသားခဲ့သည်။

### ဗီယက်နမ်နိုင်ငံတွင်လည်း ကန့်သတ်မှုများပြုလုပ်

ဗီယက်နမ်နိုင်ငံတွင်လည်း ကိုဗစ်–၁၉ကူးစက်မှုများကို ထိန်းချုပ်နိုင်ရန် ရည်ရွယ်၍ မေ ၃၁ ရက်မှစတင်ကာ ဟိုချီမင်းမြို့တွင် လူအချင်းချင်းခပ်ခွာခွာ နေမည့် ကန့်သတ်ချက်ကို ၁၅ ရက်ကြာ ပြုလုပ်သွားမည်ဟု ဗီယမ်နမ်အစိုးရက မေ ၃၀ ရက်တွင် ကြေညာခဲ့သည်။ ဟိုချီမင်းမြို့တွင် ကူးစက်မှုများ များနေသည့်အတွက် ယခုလိုလုပ်ဆောင်ရခြင်းဖြစ်သည်ဟု အစိုးရထုတ်ပြန်ကြေညာချက်အရ သိရသည်။

**ကိုးကား– ကျိုဒို**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

## ရှမ်းပြည်နယ်၊ လားရှိုးမြို့နယ်၊ လင်းခေးမြို့နယ်၊ လဲချားမြို့နယ်၊ ဟိုပန်မြို့နယ်၊ နမ့်ခမ်းမြို့နယ်၊ လောက်ကိုင်မြို့နယ်နှင့် မိုင်းယောင်းမြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေး

၂၀၂၂ ခုနှစ်၊ မေလ ၃၁ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်၊ လားရှိုးမြို့နယ်၊ လင်းခေးမြို့နယ်၊ လဲချားမြို့နယ်၊ ဟိုပန်မြို့နယ်၊ နမ့်ခမ်းမြို့နယ်၊ လောက်ကိုင်မြို့နယ်နှင့် မိုင်းယောင်းမြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေးခဲ့သည်။

၂။ မဲဆန္ဒရှင်စာရင်းစစ်ဆေးချက်များအရ ရှမ်းပြည်နယ်အတွင်းရှိ အဆိုပါမြို့နယ် ၇ မြို့နယ်တွင် ယခင်ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ခဲ့သည့် မဲဆန္ဒရှင်စာရင်းမှာ ၄၇၉၀၃၉ ဦး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလစာရင်းအရ အသက် ၁၈ နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများမှာ ၃၈၈၇၄၅ ဦး ဖြစ်သည်။ မဲဆန္ဒရှင်စာရင်းများတွင် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊ လက်မှတ်မရှိသူများမှာ ၉၅၂၇၂ ဦး၊ နိုင်ငံသား စိစစ်ရေးကတ်ပြားအမှတ်တစ်ခုတည်းဖြင့် မဲစာရင်းတွင် ၃ ကြိမ်နှင့်အထက် ပါဝင်နေသူများမှာ ၂၅၆၈ ဦး၊ ၂ ကြိမ် ပါဝင်နေသူများမှာ ၃၃၈၉၂ ဦး ဖြစ်သည်။

၃။ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းစစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

**မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှု**

| စဉ် | မြို့နယ် | မဲရုံ ပေါင်း | မြို့နယ် ကော်မရှင် စာရင်း | လဝက စာရင်း | နိုင်ငံသား စိစစ်ရေး ကတ် မရှိဘဲ မဲစာရင်း တွင် ပါဝင် နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်း ဖြင့် မဲစာရင်း ၃ ကြိမ်နှင့် အထက် ပါဝင် နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်း ဖြင့် မဲစာရင်း ၂ ကြိမ် ပါဝင် နေသူများ |
|---|---|---|---|---|---|---|---|
| ၁ | လားရှိုးမြို့နယ် | ၁၄၅ | ၂၂၀၃၉၉ | ၁၃၈၉၆၅ | ၅၂၉၃၁ | ၁၁၀၃ | ၁၄၉၀၂ |
| ၂ | လင်းခေးမြို့နယ် | ၃၉ | ၂၆၄၅၃ | ၄၀၆၁၄ | ၁၅၃၀ | ၅၁ | ၁၅၆၄ |
| ၃ | လဲချားမြို့နယ် | ၃၆ | ၃၉၆၈၄ | ၂၉၃၆၄ | ၉၄၁၅ | ၆၆ | ၁၇၉၀ |
| ၄ | ဟိုပန်မြို့နယ် | ၄၃ | ၂၂၆၁၇ | ၂၂၃၈၁ | ၄၆၂၆ | ၁၇၈ | ၁၉၆၂ |
| ၅ | နမ့်ခမ်းမြို့နယ် | ၁၁၅ | ၈၆၆၃၄ | ၈၁၀၅၁ | ၁၀၃၂၂ | ၉၆၀ | ၁၀၅၅၄ |
| ၆ | လောက်ကိုင်မြို့နယ် | ၂၉ | ၅၆၀၆၁ | ၃၀၂၉၀ | ၁၆၂၃၆ | ၂၁၀ | ၃၀၅၈ |
| ၇ | မိုင်းယောင်းမြို့နယ် | ၆၈ | ၂၇၁၉၁ | ၄၆၀၈၀ | ၂၁၂ | | ၆၂ |
| | စုစုပေါင်း | ၄၇၅ | ၄၇၉၀၃၉ | ၃၈၈၇၄၅ | ၉၅၂၇၂ | ၂၅၆၈ | ၃၃၈၉၂ |

၄။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၅၃ အရ ရှမ်းပြည်နယ်၊ လားရှိုးမြို့နယ်၊ လင်းခေးမြို့နယ်၊ လဲချားမြို့နယ်၊ ဟိုပန်မြို့နယ်၊ နမ့်ခမ်းမြို့နယ်၊ လောက်ကိုင်မြို့နယ်နှင့် မိုင်းယောင်းမြို့နယ်တို့၏ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန်အခြေအနေများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ သက်ဆိုင်ရာမြို့နယ်အလိုက် ယခင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ သက်ဆိုင်ရာမြို့နယ်များရှိ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့်အတူ မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

၅။ မြေပြင်စစ်ဆေးချက်များအရ အဆိုပါ ၇ မြို့နယ်တွင် မဲရုံပေါင်း ၄၇၅ ရုံ၊ စုစုပေါင်းထုတ်ယူ ရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၅၂၁၄၈၃ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၂၇၂၅၂၆၊ ကျန်ရှိရမည့်အရေအတွက်မှာ ၂၄၈၉၅၇၊ မြေပြင်လက်ကျန် ၂၃၁၃၇၇ ဖြစ်ကြောင်း တွေ့ရှိရသည်။ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့်အရေအတွက်ထက်လျော့နည်းသော မဲလက်မှတ်အရေအတွက် ၂၉၇၁၄ ဖြစ်ပြီး၊ အပိုတွေ့ရှိရသော မဲလက်မှတ်အရေအတွက်မှာ ၁၂၁၃၄ ဖြစ်သည်။ မြို့နယ်အလိုက် ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ တရားမဝင် အပိုရရှိနေခြင်းတို့ကို တွေ့ရှိရသည်။ မြို့နယ်တစ်မြို့နယ်ချင်းအလိုက် စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

**မြို့နယ်အလိုက် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်**

| စဉ် | မြို့နယ် | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | လားရှိုးမြို့နယ် | ၁၄၅ | ၂၃၀၉၅၀ | ၁၁၈၁၃၀ | ၁၁၂၈၂၀ | ၁၀၄၇၂၀ | ၁၈၇၉၁ | ၁၀၆၉၁ |
| ၂ | လင်းခေးမြို့နယ် | ၃၉ | ၂၉၆၈၆ | ၂၂၁၈၅ | ၇၅၀၁ | ၇၅၀၁ | | |
| ၃ | လဲချားမြို့နယ် | ၃၆ | ၄၅၁၆၇ | ၁၈၇၉၈ | ၂၆၃၆၉ | ၂၅၉၃၁ | ၅၀၇ | ၆၉ |
| ၄ | ဟိုပန်မြို့နယ် | ၄၃ | ၂၄၄၀၀ | ၁၃၄၀၄ | ၁၀၉၉၆ | ၁၀၂၈၇ | ၁၀၉၁ | ၃၈၂ |
| ၅ | နမ့်ခမ်းမြို့နယ် | ၁၁၅ | ၉၇၃၅၀ | ၆၀၆၈၀ | ၃၆၆၇၀ | ၂၉၈၈၆ | ၇၆၅၁ | ၈၆၇ |
| ၆ | လောက်ကိုင်မြို့နယ် | ၂၉ | ၆၁၂၂၆ | ၁၇၉၃၈ | ၄၃၂၈၈ | ၄၂၉၉၃ | ၂၉၅ | |
| ၇ | မိုင်းယောင်းမြို့နယ် | ၆၈ | ၃၂၇၀၄ | ၂၁၃၉၁ | ၁၁၃၁၃ | ၁၀၀၅၉ | ၁၃၇၉ | ၁၂၅ |
| | စုစုပေါင်း | ၄၇၅ | ၅၂၁၄၈၃ | ၂၇၂၅၂၆ | ၂၄၈၉၅၇ | ၂၃၁၃၇၇ | ၂၉၇၁၄ | ၁၂၁၃၄ |

*စာမျက်နှာ ၁၆ သို့*



လားရှိုးမြို့နယ် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံ။



လင်းခေးမြို့နယ် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံ။

## ■ ရှမ်းပြည်နယ်၊ လားရှိုးမြို့နယ်၊ လင်းခေးမြို့နယ်၊ လဲချားမြို့နယ်၊ ဟိုပန်မြို့နယ်၊ နမ့်ခမ်းမြို့နယ်၊ လောက်ကိုင်မြို့နယ်နှင့် မိုင်းယောင်းမြို့နယ်တို့၏ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများကို စိစစ်ရာတွင် မဲစာရင်းများကောက်ယူရာ၌ ဥပဒေနှင့်ညီညွတ်ခြင်းမရှိသော မှားယွင်းမှုများကို တွေ့ရှိ

## ■ ဆန္ဒမဲလက်မှတ်များ မြေပြင်ဖွင့်ဖောက်စစ်ဆေးရာတွင် မဲလက်မှတ် အပို/ လျော့နည်း ပျောက်ဆုံးမှုများတွေ့ရှိရပြီး သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ/ နည်းဥပဒေပါ သတ်မှတ်ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခဲ့သည်ကို စစ်ဆေးတွေ့ရှိရ

*စာမျက်နှာ ၁၅ မှ*

၆။ ရှမ်းပြည်နယ်အတွင်းရှိ အဆိုပါမြို့နယ် ၇ မြို့နယ်၏ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများကို စိစစ်ရာတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၏ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများစာရင်းက အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလတွင် အသက် ၁၈ နှစ်ပြည့်ပြီး နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူများ၊ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၆(က) အရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများစာရင်းထက် ၉၀၂၉၄ ဦး ပိုမိုများပြားနေပါသည်။

၇။ နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ မဲစာရင်းတွင်ပါဝင်နေသူများမှာ ၉၅၂၇၂ ဦး ရှိနေကြောင်း စိစစ်တွေ့ရှိပါသည်။ ထို့ပြင် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ **“ အခန်း(၆) မဲစာရင်းပြုစုခြင်း ”ပါ ပုဒ်မ ၁၅ (ဂ) တွင် “ မဲဆန္ဒနယ်များရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မည်သူမဆို သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မဲစာရင်းတစ်ခုမှအပ အခြားမဲဆန္ဒနယ်၏ မဲစာရင်းများ၌ တစ်ချိန်တည်းတွင် အမည်စာရင်းပါဝင်ခြင်းမရှိစေရ ”** ဟု ပြဋ္ဌာန်းထားသော်လည်း ရှမ်းပြည်နယ်အတွင်းရှိ အဆိုပါ မြို့နယ် ၇ မြို့နယ်၏ မဲစာရင်းများတွင် ၃ ကြိမ်နှင့်အထက် ပါဝင်နေသူ ၂၅၆၈ ဦး၊ ၂ ကြိမ်ပါဝင်နေသူ ၃၃၈၉၂ ဦး ရှိနေကြောင်း စိစစ်တွေ့ရှိရသဖြင့် မဲစာရင်းများကောက်ယူရာ၌ ဥပဒေနှင့်ညီညွတ်ခြင်းမရှိသော မှားယွင်းမှုများကို တွေ့ရှိရသည်။

၈။ လားရှိုးမြို့နယ်တွင် မဲရုံအသုံးပြု ဆန္ဒမဲလက်မှတ်များ ချိပ်ပိတ်ထုပ်ပိုး သိမ်းဆည်းအပ်နှံပြီးနောက် ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် မဲရုံမှူးများလက်ဝယ်တွင် အကြောင်းအမျိုးမျိုးကြောင့် ကျန်ရှိနေသည့် အသုံးမပြုရသေးသည့် မဲလက်မှတ်များကို ရွေးကောက်ပွဲကျင်းပပြီးနောက်ပိုင်း ၂၀- ၁၁- ၂၀၂၀ ရက်နေ့မှသာ ပြန်လည်အပ်နှံလာသဖြင့် မဲလက်မှတ် ၁၀၆၉၁ စောင်အား မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် သီးခြားစုစည်းထိန်းသိမ်းထားရှိသည်ကို စိစစ်တွေ့ရှိရသည်။

၉။ လင်းခေးမြို့နယ်တွင် မဲဆန္ဒနယ်ပြင်ပရောက် နိုင်ငံပြင်ပရှိ အစိုးရ၏ခွင့်ပြုချက်ဖြင့် ရောက်ရှိနေသော ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအတွက် ပေးပို့သည့် ကြိုတင်မဲလက်ခံဖြတ်ပိုင်း ၆၁ စောင်ကို စိစစ်ခဲ့ရာ လက်ခံဖြတ်ပိုင်းများတွင် မဲဆန္ဒရှင်အမည်၊ မဲစာရင်းအမှတ်စဉ်၊ မဲရုံအမှတ်၊ ရပ်ကွက်/ ကျေးရွာ အမည်များ ဖြည့်သွင်းရေးသားထားခြင်းမရှိကြောင်း တွေ့ရှိရသည်။

၁၀။ နမ့်ခမ်းမြို့နယ်၊ တွန့်ဟုန်း(ကချင်)ကျေးရွာအုပ်စု မဲရုံအမှတ်(၂)တွင် မဲဆန္ဒရှင် ၃၆၅ ဦး ဆန္ဒမဲပေးထားသော်လည်း မဲဆန္ဒရှင်စာရင်း ပုံစံ(၁)တွင် မဲဆန္ဒရှင်လက်မှတ် သို့မဟုတ် လက်ဝဲလက်မ လက်ဗွေ ရေးထိုးရိုက်နှိပ်ထားခြင်းမရှိကြောင်း တွေ့ရှိရသည်။

၁၁။ နမ့်ခမ်းမြို့နယ်၊ အမှတ်(၁၄)ရပ်ကွက် မဲရုံအမှတ်(၁)၊ ကောင်းကတ်ကျေးရွာအုပ်စု မဲရုံအမှတ်(၂) နှင့် မန်ပန်(လွယ်)ကျေးရွာအုပ်စု မဲရုံအမှတ်(၁)တို့မှ အပ်နှံသည့် မဲရုံအိတ်များတွင် မဲဆန္ဒရှင် စာရင်းပုံစံ(၁) စာအုပ်များ၊ ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် လက်ခံဖြတ်ပိုင်းများနှင့် လက်ကျန် ဆန္ဒမဲလက်မှတ်များ ထည့်သွင်းအပ်နှံထားခြင်းမရှိကြောင်း စိစစ်တွေ့ရှိရသည်။

၁၂။ ရှမ်းပြည်နယ်၊ လားရှိုးမြို့နယ်၊ လင်းခေးမြို့နယ်၊ လဲချားမြို့နယ်၊ ဟိုပန်မြို့နယ်၊ နမ့်ခမ်းမြို့နယ်၊ လောက်ကိုင်မြို့နယ်နှင့် မိုင်းယောင်းမြို့နယ်တို့၏ မြေပြင်စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) ဆန္ဒမဲပေးခဲ့သူဦးရေမှာ ၂၈၃၇၂၄ ဦး ဖြစ်သော်လည်း ထုတ်ယူရရှိဆန္ဒမဲလက်မှတ်များအနက် မဲပေးအသုံးပြုခဲ့သည့် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ၂၇၂၅၂၆ စောင် ဖြစ်သဖြင့် မဲပေးသူအရေအတွက်ထက် ၁၁၁၉၈ စောင် လျော့နည်းအသုံးပြုထားခြင်း၊

( ခ ) ဆန္ဒမဲလက်မှတ်များ ထုတ်ယူရရှိမှုနှင့် အသုံးပြုမှုများတွင် မဲလက်မှတ် ၂၉၇၁၄ စောင် ပျောက်ဆုံးနေခြင်း၊

( ဂ ) အချို့မဲရုံများတွင် ဆန္ဒမဲလက်မှတ်အပို ၁၂၁၃၄ စောင် တွေ့ရှိရခြင်း၊

(ဃ) သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၆၆(ဓ)ကို လိုက်နာခြင်းမရှိဘဲ ဆန္ဒမဲလက်မှတ် လက်ခံဖြတ်ပိုင်း/ လက်ကျန် ဆန္ဒမဲလက်မှတ်များကို ရွေးကောက်ပွဲကျင်းပပြီးစီးသည့် နောက်ပိုင်းမှသာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ သီးခြားလာရောက်အပ်နှံခြင်း၊

( င ) မဲဆန္ဒရှင်စာရင်းပုံစံ(၁)စာအုပ်တွင် ဆန္ဒမဲလာရောက်ပေးသည့် မဲဆန္ဒရှင်၏ ထိုးမြဲလက်မှတ် သို့မဟုတ် လက်ဝဲလက်မ လက်ဗွေ ရေးထိုး/ရိုက်နှိပ်ထားခြင်းမရှိဘဲ ဆန္ဒမဲလက်မှတ် ထုတ်ပေး၍ မဲပေးခွင့်ပြုထားခြင်း၊

( စ ) အချို့မဲရုံများတွင် ဆန္ဒမဲလက်မှတ် လက်ခံဖြတ်ပိုင်းများတွင် မဲဆန္ဒရှင်အမည်၊ မဲစာရင်း အမှတ်စဉ်၊ မဲရုံအမှတ်၊ ရပ်ကွက်/ ကျေးရွာအမည်၊ လက်မှတ် သို့မဟုတ် လက်ဗွေတို့ကို ဖြည့်သွင်းရေးသားထားမှုမရှိဘဲ မဲပေးသုံးစွဲထားခြင်း၊

(ဆ) ရပ်ကွက်/ ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအချို့အနေဖြင့် ဆန္ဒမဲလက်မှတ် လက်ခံဖြတ်ပိုင်းများနှင့် ဆန္ဒမဲလက်မှတ်အပိုများကို ဥပဒေနှင့်အညီ အပ်နှံရန်ပျက်ကွက်သဖြင့် လျော့နည်းပျောက်ဆုံးမှုများ တွေ့ရှိရခြင်း၊

( ဇ ) နိုင်ငံသားစိစစ်ရေးကတ်မရှိသူများ မဲစာရင်းတွင်ပါဝင်ပြီး မဲဆန္ဒရှင်သက်သေခံလက်မှတ်များဖြင့်သာ နိုင်ငံသားစိစစ်ရေးကတ်မပါရှိဘဲ မဲပေးမှုကို လက်ခံဆောင်ရွက်ခဲ့ခြင်း၊

( ဈ ) ကြိုတင်မဲများကောက်ခံရာတွင်လည်း ဥပဒေနှင့်ညီညွတ်မှုမရှိသော ဆန္ဒမဲပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ခြင်း၊

(ည) COVID-19 ရောဂါနှင့်စပ်လျဉ်း၍ ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များကို အကြောင်းပြုကာ ရွေးကောက်ပွဲကျင်းပရန် အချိန်နီးကပ်မှသာ ဥပဒေနှင့်ညီညွတ်မှုမရှိသော ညွှန်ကြားချက်များ ထုတ်ပြန်၍ မဲစာရင်းများကောက်ခံမဲပေးစေခြင်း၊ ကြိုတင်မဲပေးစေခြင်း။

၁၃။ ရှမ်းပြည်နယ်၊ လားရှိုးမြို့နယ်၊ လင်းခေးမြို့နယ်၊ လဲချားမြို့နယ်၊ ဟိုပန်မြို့နယ်၊ နမ့်ခမ်းမြို့နယ်၊ လောက်ကိုင်မြို့နယ်နှင့် မိုင်းယောင်းမြို့နယ်တို့၏ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများကို စိစစ်ရာတွင် မဲစာရင်းများကောက်ယူရာ၌ ဥပဒေနှင့်ညီညွတ်ခြင်းမရှိသော မှားယွင်းမှုများကို တွေ့ရှိရသည်။ ဆန္ဒမဲလက်မှတ်များ မြေပြင်ဖွင့်ဖောက်စစ်ဆေးရာတွင် မဲလက်မှတ် အပို/ လျော့နည်း ပျောက်ဆုံးမှုများ တွေ့ရှိရပြီး သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ/ နည်းဥပဒေပါ သတ်မှတ်ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခဲ့သည်ကို စစ်ဆေးတွေ့ရှိရကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**



လဲချားမြို့နယ် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံ။



လောက်ကိုင်မြို့နယ် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံ။

# COVID– 19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၅၈ ဦး တွေ့ရှိ

## (၃၁–၅–၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၃၀–၅–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၃၁–၅–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁,၇၇၁) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၅၈) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၆၂၁,၄၁၃) ခု အား စစ်ဆေးခဲ့ပြီး COVID–19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၃,၆၂၉) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၂,၃၁၉) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီးဖြစ်ပါသည်။ COVID–19 ရောဂါဖြင့် ထပ်မံသေဆုံးသူ (၁) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၃,၂၁၇) ဦး ရှိပါသည်။

### ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ
### (၃၁–၅–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဓာတ်ခွဲခန်းများ | (၄၄၀) ခု | (၃) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၄၆၁) ခု | (၁) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၆) ခု | – |
| ပြင်ဦးလွင်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၇၀၀) | (၂၄) ခု | – |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၃၀၅) ခု | (၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၇၆) ခု | (၂၇) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၃၅၉) ခု | (၂၅) ဦး |
| စုစုပေါင်း | (၁,၇၇၁) ခု | (၅၈) ဦး |

** ပြည်သူလူထုအနေဖြင့် COVID–19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် –

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကို မကြာခဏဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID–19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကို တစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID–19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## ၃၁-၅ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၄၀၄၃၂၂၇ | ၂၇၈၄၀၈၈၄ | ၆၀၉၅၅၁ |
| ၂။ | အိန္ဒိယ | ၂၈၀၇၈၄၉၇ | ၂၅၇၅၀၆၁၀ | ၃၂၉၅၉၀ |
| ၃။ | ဘရာဇီး | ၁၆၅၁၅၁၂၀ | ၁၄၉၁၂၇၄၄ | ၄၆၂၀၉၂ |
| ၄။ | ပြင်သစ် | ၅၆၆၆၁၁၃ | ၅၃၁၅၁၅၀ | ၁၀၉၄၀၂ |
| ၅။ | တူရကီ | ၅၂၄၂၉၁၁ | ၅၁၀၅၀၄၂ | ၄၇၄၀၅ |
| ၆။ | ရုရှား | ၅၀၇၁၉၁၇ | ၄၆၈၄၅၈၅ | ၁၂၁၅၀ |
| ၇။ | ဗြိတိန် | ၄၄၈၄၀၅၆ | ၄၂၈၇၇၀၈ | ၁၂၇၇၈ |
| ၈။ | အီတလီ | ၄၂၁၆၀၀၃ | ၃၈၅၁၆၆၁ | ၁၂၆၀၄၆ |
| ၉။ | အာဂျင်တီးနား | ၃၇၅၃၆၀၉ | ၃၃၁၉၀၆၈ | ၇၇၄၅၆ |
| ၁၀။ | ဂျာမနီ | ၃၆၈၇၈၈၄ | ၃၄၈၆၇၀၀ | ၈၉၀၅၈ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၃၁ – ၅ – ၂၀၂၁

| နိုင်ငံ | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၁၈၂၁၇၀၃ | ၁၆၆၉၁၁၉ | ၅၀၅၇၈ |
| ဖိလစ်ပိုင် | ၁၂၃၀၃၀၁ | ၁၁၅၅၀၄၅ | ၂၀၉၆၆ |
| မလေးရှား | ၅၇၂၃၅၇ | ၄၉၀၀၃၈ | ၂၇၉၆ |
| ထိုင်း | ၁၅၉၇၉၂ | ၁၀၈၃၄၅ | ၁၀၃၁ |
| မြန်မာ | ၁၄၃၆၂၉ | ၁၃၂၃၁၉ | ၃၂၁၇ |
| စင်ကာပူ | ၆၂၀၅၁ | ၆၁၄၃၄ | ၃၃ |
| ကမ္ဘောဒီးယား | ၃၀၀၉၄ | ၂၂၆၃၆ | ၂၁၄ |
| ဗီယက်နမ် | ၇၃၂၁ | ၃၀၂၉ | ၄၇ |
| လာအို | ၁၉၁၂ | ၁၅၄၃ | ၃ |
| ဘရူနိုင်း | ၂၄၂ | ၂၂၈ | ၃ |



# ပညာသင်ယူခွင့်ကို နှောင့်ယှက်ဟန့်တား အကြမ်းဖက်မှုတွေ အဆုံးသတ်ပါ

နေခြည်သွေး

**ဇွန်လဆန်းဆိုတာ အစဉ်အဆက် အခြေခံပညာကျောင်းတွေ ဖွင့်လှစ်တဲ့ အချိန်ကာလဖြစ်ပါတယ်။ နှစ်စဉ်နှစ်တိုင်း ကလေးတွေဟာ မိုးဦးကျ ဇွန်လဆန်းမှာ စာသင်ကျောင်းတွေ ဖွင့်တော့မယ်ဆိုတဲ့ စိတ်ကူးနဲ့ ပျော်ခဲ့ကြရသလို မိဘတွေကလည်း မိမိတို့သားသမီးတွေကို ပညာတတ်ကြီးတွေ ဖြစ်စေဖို့အတွက် အခြေခံအုတ်မြစ်ဖြစ်တဲ့ ကျောင်းတော်ကြီးကို ပို့နိုင်ကြဖို့ ပံ့ပိုးပေးကြနဲ့၊ စိတ်ကူးသစ်တွေနဲ့ လတစ်လဖြစ်ပါတယ်။ အခုလို အခမဲ့ပညာရေးစနစ်ကြီးနဲ့ ကျောင်းတက်ဖို့ ငွေကုန်ကြေးကျမရှိတဲ့အချိန်မျိုးဆိုရင် မိဘတွေအတွက် အထိုက်အလျောက် အသက်ရှူချောင်ပြီး ကိုယ့်သားသမီးတွေ ပညာသင်ကြရဖို့ ဝမ်းသာလှေ့ရှိကြရတဲ့ကာလပဲ ဖြစ်ပါတယ်။**

စာရေးသူကိုယ်တိုင်လည်း ကျောင်းအပ်နှံရေးရက်သတ္တပတ်မှာ ကလေးတွေကို စာသင်ကျောင်းဆီ အရောက်သွားပြီး ကျောင်းအပ်ခဲ့ပါတယ်။ များပြားလှတဲ့ ကလေးမိဘတွေနဲ့ အဖြူအစိမ်းလေးတွေ ဝတ်ဆင်ထားကြတဲ့ ကျောင်းသူ ကျောင်းသားကလေးတွေကို ကြည့်ရင်း ဖြူစင်တဲ့ကလေးတွေ အေးအေးချမ်းချမ်း ပညာသင်ကြားခွင့်ရတယ်ဆိုတာ နိုင်ငံအတွက် အကောင်းဆုံးဆုလာဘ်ကြီးရယ်လို့ အတွေးဖြစ်မိပါတယ်။

ကျောင်းအပ်နှံဖို့အတွက် ပိုက်ဆံတစ်ကျပ်မျှ ကုန်စရာမလိုဘူး။ ပြဋ္ဌာန်းစာအုပ် အခမဲ့၊ ဗလာစာအုပ်အခမဲ့နဲ့ ကိုဗစ်-၁၉ ကာကွယ်ရေးပစ္စည်းလေးတွေကိုကြည့်ရင်း နိုင်ငံတော်ရဲ့ စေတနာကို အသိအမှတ်မပြုဘဲ မနေနိုင်ခဲ့ပါဘူး။ မိမိတို့ သားသမီးတွေ လွယ်လွယ်ကူကူပညာသင်ကြားခွင့်၊ လုံခြုံစွာနဲ့ ပညာသင်ကြားခွင့်တွေအတွက် ဖြည့်ဆည်းပေးနေတဲ့ ဆရာ ဆရာမတွေရဲ့ ကျေးဇူးတရားကို မျက်နှာလွှဲမနေနိုင်ခဲ့ပါဘူး။ သို့သော် လက်ရှိမြန်မာနိုင်ငံတစ်ဝန်းလုံးအနေအထားမှာတော့ စာသင်ကျောင်းတွေမှာ ဗုံးကွဲတာ၊ မိုင်းထောင်တာတွေအပြင် ထိခိုက်အောင် လုပ်ဆောင်နေကြပြီး ကလေးတွေ ကျောင်းမတက်ဖို့ မိုက်မိုက်ကန်းကန်း ဆောင်ရွက်နေကြတာတွေဟာ အနိဋ္ဌာရုံတွေပဲလို့ တိုင်းပြည်အတွက်၊ ကလေးတွေ အနာဂတ်အတွက် ရင်နာမိပါတယ်။

### တောပန်းကလေးများပွင့်ကြဖို့

စာသင်ကျောင်းတစ်ကျောင်းဖြစ်လာဖို့ မြို့ကြီးတွေပေါ်မှာထက် ကျေးလက်ဒေသတွေမှာ ပိုမိုခက်ခဲပါတယ်။ ကျောင်းဖြစ်မြောက်ရေး ကော်မတီဝင်တွေရဲ့ အခက်အခဲကို ပြီးခဲ့တဲ့ရက်က ဖတ်ရှုကြည့်ရတဲ့အခါ ပိုမိုပြီးခံစားမိလာရပါတယ်။ မိမိတို့နေထိုင်ရာ ကျေးရွာမှာ စာသင်ကျောင်းလေးဖြစ်လာအောင် ကော်မတီဝင်တွေ စာရွက်စာတမ်း တစ်ပွေ့တစ်ပိုက်နဲ့ မြို့ပေါ်ကို အခေါက်ခေါက်အလီလီတက်ပြီး တင်ပြကြရပါတယ်။ ရုံးဋ္ဌာန ပုံစံတွေအရ စာတစ်စောင် ရေးသားရတယ်ဆိုတာ လွယ်ကူရိုးရှင်းတဲ့ကိစ္စတော့ မဟုတ်ပါဘူး။ အဲဒီကုန်ကျစရိတ်ကတင် ကျောင်းပုံမဆွဲရသေးခင်မှာတောင် ဘိလပ်မြေအိတ် ၁၀၀ စာလောက် ကုန်ကျနိုင်ပါသေးတယ်။ အစိုးရက ချထားပေးတဲ့ ဘတ်ဂျက်ငွေဟာ ကျောင်းတစ်ကျောင်း လုံလုံလောက်လောက်နဲ့ ပြည့်ပြည့်စုံစုံဖြစ်ဖို့အတွက်တော့ လိုအပ်ချက်တွေ ရှိနေနိုင်ပါသေးတယ်။ ဒီတော့ ရွာကျောင်းလေးတစ်ကျောင်းဖြစ်လာဖို့ သီးနှံပေါ်ချိန်၊ စပါးပေါ်ချိန်တွေမှာ ဒေသခံတွေရဲ့ ချွေးနဲ့သွေးနဲ့ရရှိလာတဲ့ ငွေတွေကနေ အလှူခံပြီး အနှစ်နှစ်အလလ စုဆောင်းတည်ဆောက်ခဲ့ကြရတဲ့ ကျောင်းတွေဖြစ်ပါတယ်။

စာသင်ကျောင်းတည်ဆောက်ပြီးရုံနဲ့လည်း မပြီးသေးပါဘူး။ မိမိတို့ရွာက ရင်သွေးတွေအတွက် အသင်အပြကောင်းပြီး စေတနာထက်သန်တဲ့ ဆရာ ဆရာမ ရရှိဖို့ ကြိုးစားကြရတာလည်း လွယ်ကူတဲ့ အလုပ်မဟုတ်ပါဘူး။ ဆရာမြဲဖို့အတွက် ဆရာ ဆရာမတွေရဲ့ နေရေး၊ စားရေးကိုလည်း ဒေသခံတွေကပဲ အင်တိုက်အားတိုက် ဆောင်ရွက်ပေးကြရတာပဲဆိုတာ စာသင်ကျောင်းလေးတွေရှိတဲ့ ကျေးရွာတိုင်း သိရှိကြမှာပါ။

ဆရာ ဆရာမတွေ ရလာပြန်တော့လည်း မိမိတို့ရင်သွေးတွေ စနစ်တကျနဲ့ ပညာသင်ယူနိုင်အောင်၊ ထိုက်သင့်တဲ့အောင်မြင်မှုတွေ ရလာအောင်နဲ့ ကလေးတိုင်းပညာသင်ယူနိုင်အောင် ကျောင်းကော်မတီတွေက ကြိုးစားကြရတာပါ။ ဒါတင်မကသေးပါဘူး။ ကျောင်းပတ်ဝန်းကျင်သာယာအောင်နဲ့ လုံခြုံမှုရှိအောင် လိုအပ်တဲ့ အုတ်တံတိုင်းတွေ ကာရံတာ၊ လျှပ်စစ်မီးရရှိအောင် ကြိုးပမ်းတာ၊ သောက်သုံးရေဖူလုံအောင် ကြိုးပမ်းတာ၊ အိမ်သာနဲ့ တစ်ကိုယ်ရေသန့်ရှင်းရေးတို့အတွက် ပြင်ဆင်တာမျိုးတွေကိုလည်း ကျေးရွာ ဒေသခံတွေက တစ်တပ်တစ်အား စုပေါင်းဖြည့်ဆည်းခဲ့ကြရတာပါ။

### လက်ရှိအခြေအနေ

**လက်ရှိအခြေအနေမှာတော့ ကျောင်းသား ကျောင်းသူတွေ ကျောင်းမတက်နိုင်အောင် အမျိုးမျိုးလှုံ့ဆော်နေကြတာကို မြင်တွေ့ရမှာပါ။ အပြစ်မဲ့တဲ့ကလေးတွေ စာမသင်နိုင်အောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဗုံးတွေခွဲတာ၊ မိုင်းတွေထောင်တာတွေ ပြုလုပ်လာကြပါတယ်။ မငြိမ်သက်တဲ့အခါ၊ မအေးချမ်းတဲ့အခါ မိဘတွေက မိမိသားသမီးတွေကို ကျောင်းပို့ဖို့ ခက်ခဲနေကြရပါတယ်။ ဒါတင်မကသေးပါဘူး။ ရပ်ရွာတွေထဲမှာ ကျောင်းသွားအပ်တဲ့ ကျောင်းသားမိဘတွေရဲ့ စာရင်းကို ကောက်ခံနေတယ်ဆိုတဲ့ အဓမ္မအသံတွေလည်း ကြားတွေ့နေရပါတယ်။ "အပ်ရဲရင် အပ်ကြည့်ပါ" ဆိုတဲ့ အသံတွေ လှိုင်လှိုင်ကြားနေကြရပါတယ်။ မြို့ကြီးတွေမှာရှိတဲ့ မိမိတို့ဆွေမျိုးသားချင်းတွေကလည်း ကလေးတွေ ကျောင်းအပ်ချင်ပေမယ့် သွားမအပ်ရဲကြတော့ဘူး။ ကျောင်းအပ်ရင် ကလေးတွေထိခိုက်ကုန်မယ်ဆိုတဲ့ အပြောကို ကြောက်နေကြရပါတယ်။ ကျောင်းထားတဲ့မိသားစုကို ရပ်ကွက်က နှိပ်စက်ကလူပြုမှာကို ကြောက်နေကြရပါတယ်။**

စာရေးသူတို့ မိတ်ဆွေအပေါင်းအသင်းတွေ သူတို့သားသမီးတွေကို ကျောင်းအပ်ချင်ပေမယ့် ရပ်ကွက်ထဲမှာ ဒလန်ဆိုပြီး နှိပ်စက်ခံရမှာကြောက်လို့ ကျောင်းမအပ်ရဲကြသူတွေ အများကြီးရှိပါတယ်။ အဲဒီလိုပဲ စာရေးသူမိတ်ဆွေ ဆရာ ဆရာမတွေ ကျေးလက်မှာ တာဝန်ထမ်းဆောင်နေကြသူတွေထဲမှာ ကျေးရွာက ဘာလုံခြုံမှုမှ မပေးနိုင်ဘူးနော်၊ ဆရာမတွေ အမြန်ဆုံး CDM လုပ်ပါဆိုပြီး ဖိအားပေးတာမျိုးကိုလည်း စိတ်မသက်သာဖွယ် ကြားသိရပါတယ်။

နယ်ဝေးမှာ တာဝန်ထမ်းဆောင်နေကြရတဲ့ ဆရာ ဆရာမတွေဟာ အိမ်နဲ့ အဝေးကြီးမှာ တာဝန်ကျတဲ့အရပ်က ဒေသခံတွေကိုပဲ ဆွေမျိုးသဖွယ် ပတ်သက်ဆက်နွှယ်နေကြရတဲ့အခါ အခုလိုသဘောထားကွဲလွဲမှုတွေကြောင့် သူတို့တာဝန်ကျတဲ့ကျေးရွာတွေကို စွန့်ခွာလာကြတာရဲ့ နောက်ဆက်တွဲအကျိုးဆက်ကတော့ အနှစ်နှစ် အလလက ဖော်ဆောင်ခဲ့ကြတဲ့ ကျေးရွာစာသင်ကျောင်းလေး အနာဂတ်မဲ့သွားတာပဲ ဖြစ်ပါတယ်။

### ပြင်းပြင်းထန်ထန်အရေးယူပါ

စာသင်ကျောင်း အုတ်နံရံကို ဗုံးခွဲသတဲ့။ ကလေးတွေ ကျောင်းမတက်ရအောင် အမျိုးမျိုးတားဆီးနေကြသတဲ့။ ဒါဟာ အဓမ္မလုပ်ရပ်၊ အကြမ်းဖက်တဲ့လုပ်ရပ်၊ လူမဆန်တဲ့ လုပ်ရပ်ဆိုတာကို ဘာကြောင့်များ မျက်ကွယ်ပြုနေကြပါသလဲလို့ အကြမ်းဖက်သူတွေကို မေးခွန်းထုတ်လိုပါတယ်။ ပြည်သူတွေအနေနဲ့ မတရားမှုကို တွန်းလှန်ကြပါလို့ဆိုရာမှာ အခုလို အပြစ်မဲ့ပြည်သူတွေ၊ တိုင်းပြည်ရဲ့ ရင်သွေးတွေ ပညာသင်ချိန်မှာ ပညာမသင်နိုင်အောင် လုပ်ဆောင်နေတာတွေကို တွန်းလှန်ပစ်ရမှာ မဟုတ်ပါလား။ အကြမ်းဖက်မှုကို လူတိုင်းကြောက်ရွံ့ပါတယ်၊ ရွံရှာကြလေ့ရှိပါတယ်။ သို့သော်လည်း လက်မခံဘဲ အမှန်တရားကို မြင်အောင်ကြည့်ကြဖို့ လိုအပ်ပါတယ်။

နိုင်ငံတော်အနေနဲ့လည်း လုံခြုံရေးကို အပြည့်အဝတာဝန်ယူနိုင်ဖို့၊ ကလေးတွေကို ကျောင်းတွေဆီ လုံခြုံစွာ ပို့ဆောင်ပေးနိုင်ဖို့အတွက် အစီအမံတွေကို စီမံဆောင်ရွက်ပေးသွားမယ်၊ စီမံဆောင်ရွက်ပေးထားတယ်လို့ ပြီးခဲ့တဲ့ သတင်းစာရှင်းလင်းပွဲမှာ ကြားသိရတဲ့အတွက် အားတက်မိပါတယ်။ အထူးသဖြင့်တော့ ကျွန်မတို့ရင်သွေးလေးတွေရဲ့ အနာဂတ်ကို ချိုးဖဲ့ဖျက်ဆီးလိုသူတွေ၊ ကျောင်းမတက်ကြဖို့ လှုံ့ဆော်တဲ့သူတွေ၊ ကျောင်းတက်မယ့် ကလေးတွေကို ထိခိုက်အောင် ဗုံးထောင်မိုင်းခွဲသူတွေနဲ့ ကျောင်းပို့မယ့်မိသားစုတွေကို ခြိမ်းခြောက်အကျပ်ကိုင်တဲ့သူတွေအားလုံးကို ပြင်းပြင်းထန်ထန်အရေးယူတာ၊ ဖော်ထုတ်အပြစ်ပေးတာတွေ လုပ်ဆောင်ပေးပါလို့ တင်ပြတောင်းဆိုပါရစေ။

ထို့အတူ ပြည်သူတွေအားလုံးကလည်း ကလေးတွေအနာဂတ်ကို ရိုက်ချိုးမယ့် အစွန်းရောက်အကြမ်းဖက်သူတွေကို ဖော်ထုတ်ပေးပါ။ မိမိတို့ကလေးတွေ ကျောင်းတက်ဖို့အရေးကို နှောင့်ယှက်ဟန့်တားသူတွေကိုလည်း သက်ဆိုင်ရာကို အမြန်ဆုံးသတင်းပို့ခြင်းများဖြင့် ပူးပေါင်းဆောင်ရွက်ရင်း ကလေးတွေကို ကျောင်းပို့နိုင်ဖို့ မိမိတတ်နိုင်တဲ့ဘက်က ပူးပေါင်းပေးကြဖို့ တိုက်တွန်းလိုက်ပါရစေ။ ။

✣ **ပြည်သူတွေအားလုံးကလည်း ကလေးတွေ အနာဂတ်ကို ရိုက်ချိုးမယ့် အစွန်းရောက် အကြမ်းဖက်သူတွေကို ဖော်ထုတ်ပေးပါ။ မိမိတို့ကလေးတွေ ကျောင်းတက်ဖို့အရေးကို နှောင့်ယှက်ဟန့်တားသူတွေကိုလည်း သက်ဆိုင်ရာကို အမြန်ဆုံးသတင်းပို့ခြင်းများဖြင့် ပူးပေါင်းဆောင်ရွက်ရင်း ကလေးတွေကို ကျောင်းပို့နိုင်ဖို့ မိမိတတ်နိုင်တဲ့ဘက်က ပူးပေါင်းပေးကြဖို့ တိုက်တွန်းလိုက်ပါရစေ**

✦ **လက်ရှိအခြေအနေမှာတော့ ကျောင်းသား ကျောင်းသူတွေ ကျောင်းမတက်နိုင်အောင် အမျိုးမျိုးလှုံ့ဆော်နေကြတာကို မြင်တွေ့ရမှာပါ။ အပြစ်မဲ့တဲ့ကလေးတွေ စာမသင်နိုင်အောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဗုံးတွေခွဲတာ၊ မိုင်းတွေထောင်တာတွေ ပြုလုပ်လာကြပါတယ်။ မငြိမ်သက်တဲ့အခါ၊ မအေးချမ်းတဲ့အခါ မိဘတွေက မိမိသားသမီးတွေကို ကျောင်းပို့ဖို့ ခက်ခဲနေကြရပါတယ်။ ဒါတင်မကသေးပါဘူး။ ရပ်ရွာတွေထဲမှာ ကျောင်းသွားအပ်တဲ့ ကျောင်းသားမိဘတွေရဲ့ စာရင်းကို ကောက်ခံနေတယ်ဆိုတဲ့ အဓမ္မအသံတွေလည်း ကြားတွေ့နေရပါတယ်။ "အပ်ရဲရင် အပ်ကြည့်ပါ" ဆိုတဲ့ အသံတွေ လှိုင်လှိုင်ကြားနေကြရပါတယ်။ မြို့ကြီးတွေမှာရှိတဲ့ မိမိတို့ဆွေမျိုးသားချင်းတွေကလည်း ကလေးတွေ ကျောင်းအပ်ချင်ပေမယ့် သွားမအပ်ရဲကြတော့ဘူး။ ကျောင်းအပ်ရင် ကလေးတွေထိခိုက်ကုန်မယ်ဆိုတဲ့ အပြောကို ကြောက်နေကြရပါတယ်။ ကျောင်းထားတဲ့မိသားစုကို ရပ်ကွက်က နှိပ်စက်ကလူပြုမှာကို ကြောက်နေကြရပါတယ်**

၂၀၂၁ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်ပိုစတာ




## စာပေဗိမာန်စာမူဆုရစာအုပ် ဖြန့်ချိရောင်းချ

**နေပြည်တော် မေ ၃၁**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေး ဦးစီးဌာန စာပေဗိမာန်က ၂၀၁၆ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု၊ စာပေပဒေသာ တတိယဆုရရှိသည့် စာရေးဆရာ ဇော်လွင်ဦး(ဟသ်ာတ)၏ "တစ်ချိန်တစ်ခါဆီက စံပြကြက်ခြေနီ" စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် အားကျတယ်၊ တာဝန်မှူး၊ လေ့ကျင့်ထူးချွန်၊ မီးလောင်ပြင်မှာ၊ ရင်ဘတ်မှာတံဆိပ်တပ်ရသည့်နေ့၊ လွမ်းမိပါသည် စံပြကြက်ခြေနီ စသည့် အခန်းပေါင်း ၂၁ ခန်း ပါဝင်ပြီး တစ်ခေတ်တစ်ခါက ကြက်ခြေနီလူငယ်တစ်ယောက်၏ လှုပ်ရှားမှုပုံရိပ်အချို့နှင့် ထူးချွန်သော ကြက်ခြေနီလူငယ်များကို ဂုဏ်ပြုသည့် စံပြကြက်ခြေနီစခန်းအတွေ့အကြုံများကို သုတရသ ထုံမွမ်းရေးဖွဲ့တင်ပြထားရာ ယနေ့ခေတ် လူငယ်များအတွက် စိတ်အာဟာရဖြစ်စေမည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်ပါသည်။

အဆိုပါစာအုပ်ကို ရောင်းဈေးငွေကျပ် ၁၅၀၀ ဖြင့် အမှတ် ၅၂၉-၅၃၁ ၊ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင်ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈၊ အမှတ် (တ-၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင်ဖုန်း ၀၂-၄၀၃၀၁၈၆နှင့် အမြို့မြို့ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉ - ၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်၊ အရောင်းဌာနဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရှမ်းရွာသစ်မြို့၌ မိုးရာသီလူထုဖြန့်ဝေ စိုက်ပျိုးရန်အတွက် ပျိုးပင်များပျိုးထောင်ထားရှိ

**ရှမ်းရွာသစ် မေ ၃၁**

ကရင်ပြည်နယ် ရှမ်းရွာသစ်မြို့ သစ်တောဦးစီးဌာနမှ သဘာဝဘေးဖြစ်စဉ်များကို သစ်ပင်စိုက်ပျိုးခြင်းဖြင့် ကာကွယ်နိုင်ရန်နှင့် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်စေရန် ရည်ရွယ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မိုးရာသီတွင် လူထုဖြန့်ဝေစိုက်ပျိုးရန်အတွက် ယာယီသစ်တောပျိုးဥယျာဉ်တွင် ပျိုးပင်ပေါင်း ၁၀၀၀၀ ကို ပျိုးထောင်ထားရှိသည်။

ရှမ်းရွာသစ်မြို့ သစ်တောဦးစီးဌာန၏ ယာယီပျိုးဥယျာဉ်တွင် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် မန်ဂျန်ရှားပင် ၅၀၀၀နှင့် ပျဉ်းကတိုးပင် ၅၀၀၀ ပျိုးထောင်ထားရှိပြီး ရာသီဥတုပူပြင်းလာခြင်း၊ မိုးခေါင်ခြင်း စသော သဘာဝဘေးများကို သစ်ပင်စိုက်ပျိုးခြင်းဖြင့် ကာကွယ်နိုင်မည်ဖြစ်၍ ပြည်သူများက နှစ်စဉ် မိုးရာသီတွင် သစ်ပင်များ တစ်နိုင်တစ်ပိုင် စိုက်ပျိုးပြုစုထိန်းသိမ်း စေလိုကြောင်း မြို့သစ်တောဦးစီးဌာနမှ သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၃၁ - ၅- ၂၀၂၁

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၇၀၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၄၇၇၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၆၅၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၄၇၃၀၀၀ |

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၈၅ | ကျပ် | ၁၀၄၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၀၁၅ | ကျပ် | ၁၀၅၄ | ကျပ် |
| အောက်တိန်း ၉၂ | ၉၉၀ | ကျပ် | ၁၀၃၅ | ကျပ် |
| အောက်တိန်း ၉၅ | ၁၁၂၅ | ကျပ် | ၁၁၂၅ | ကျပ် |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၆၃၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၈၅၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၁၈၀ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၃ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၃၉၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၇၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၄၀ |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၀၀၀ | ၉၁၀၀ | ၁၂၂၆ | ၁၁၀၂၆၀၀၀ |
| MTSH | ၃၄၅၀ | ၃၅၀၀ | ၈၅၈ | ၂၉၈၄၉၅၀ |
| MCB | ၇၈၀၀ | ၇၈၀၀ | ၃ | ၂၃၄၀၀ |
| FPB | ၁၉၅၀၀ | ၁၉၅၀၀ | ၄၁၁ | ၈၀၁၄၅၀၀ |
| TMH | ၂၇၅၀ | ၂၇၅၀ | ၂ | ၅၅၀၀ |
| EFR | ၃၀၅၀ | ၃၀၅၀ | ၇၁ | ၂၂၀၀၅၀ |

ညီညီ - စုစည်းသည်




**အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့် သတင်းစာ မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာပါ**

**မြန်မာ့အလင်း**

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - ဝင်းကျော် |
| သတင်းထောက်မှူး | - ခင်ရတနာ |
| စာတည်းများ | - ကြည်ဝင်း၊ သိမ့်သိမ့်မိုး |
| ဘာသာပြန်စာတည်း | - ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော် |
| အငယ်တန်းသတင်းထောက်များ | - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး |
| ဓာတ်ပုံသတင်းထောက် | - တင်စိုး |
| သုတေသန | - အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm



# အမှတ်(၃) စက်ရုံ၊ ကား ၃ စီး

**မောင်ခင်မင် (ဓနုဖြူ)**

"ဒီတစ်ပတ်မှာလဲ ကြားဖောက်မေးစရာကလေး ရှိနေပါတယ်။ မြန်မာ့ပညာရေး စာပေအကြောင်းတော့ တော်တော်နဲ့ပြီးမှာ မဟုတ်တော့ဘူး ထင်ပါတယ် ဘဘ။ အားနာပါတယ်"

"ကဲပါကွယ်။ စကားတွေ ခံမနေပါနဲ့တော့။ သမီးမေးချင်တဲ့ ကြားဖောက်ကိစ္စသာပြောပါ"

"ဒီကိစ္စကလဲ သမီးတို့သူငယ်ချင်းတွေ အငြင်းပွားစရာဖြစ်နေလို့ပါ။ စာရေးတဲ့အခါ ဂဏန်းနဲ့ စာနဲ့ ရောရေးရမလား၊ ဂဏန်းကို ကွင်းစ ကွင်းပိတ်နဲ့ ရေးရမလားဆိုတဲ့ ကိစ္စပါ ဘဘ"

"ဒါလဲ ဆွေးနွေးစရာကောင်းတဲ့ ကိစ္စတစ်ခုပဲ။ သမီးအစဖော်လိုက်တော့ ပြောကြတာပေါ့"

"ဟုတ်ကဲ့ပါ"

"တကယ်တော့ ဂဏန်းနဲ့စာနဲ့ ရောရေးတဲ့အတွက် ရှုပ်ထွေးစရာမရှိဘူးဆိုရင် ရောရေးရုံပဲပေါ့ကွယ်။ ဂဏန်းဆိုတာက ၁ ကနေ ၉ အထိရယ်၊ ၀(သုည)ရယ် အားလုံး ၁၀ မျိုးပဲရှိတာလေ"

"ဟုတ်ပါတယ် ဘဘ"

"ရှေးတုန်းက ကျောက်စာတွေ၊ ပေစာတွေမှာလဲ ဂဏန်းနဲ့ စာတွေ ရောရေးတာပဲ။ ဂဏန်းက ၁၀ မျိုးတည်းဆိုတော့ အနည်းစုပေါ့။ စာလုံးတွေထဲမှာ လိုအပ်သလို ညှပ်ရေးတာပေါ့။ လက်ရေးနဲ့ရေးတော့လဲ ပြဿနာမရှိပါဘူး"

"ဟုတ်ကဲ့ပါ"

"ပုံနှိပ်စာလုံးခေတ်ကျတော့လဲ ဂဏန်းနဲ့စာနဲ့ ကွဲကွဲပြားပြား ရှိပါတယ်။ အဲ... ဘဘ သတိထားမိသလောက်တော့ လက်နှိပ်စက်စာလုံးတွေမှာ ရ(ရကောက်)နဲ့ ၇ (ခုနစ်) က စာလုံးတစ်မျိုးတည်း အဖြစ်ရေးတယ်။ ဂ(ဂငယ်) နဲ့ ၈(ရှစ်) ကလဲ စာလုံးတစ်မျိုးတည်း ဖြစ်နေတယ်။ သမီးရော သတိထားမိသလား"

"သတိမထားမိပါဘူး ဘဘ"

"ဒီတော့ တချို့နေရာတွေမှာ မကွဲမပြား ဖြစ်နိုင်တာပေါ့။ ရကောက်လား ၇ လား၊ ဂ ငယ်လား ၈ လား ရောထွေးနိုင်တာပေါ့။ လွန်ခဲ့တဲ့ ၁၉၉၀ လောက်ကပြုစုတဲ့ 'မြန်မာစာ မြန်မာစကား'ဆိုတဲ့ စာအုပ်ကလေးမှာ ကာတွန်းပုံတွေနဲ့ ပြဖူးတယ်။ အဲဒီပြဿနာ ကွဲပြားအောင်လေ။ 'ရကောက်မှာ အဆန်ပါတယ်။ ၇ မှာ အဆန် မပါဘူး'၊ 'ဂငယ်မှာ အဆန်မပါဘူး၊ ၈ မှာအဆန်ပါတယ်' ဆိုတာမျိုးပေါ့"

"ဟုတ်ကဲ့၊ သမီး ဖတ်ဖူးပါတယ် ဘဘ"

"သမီးမေးတဲ့ ဂဏန်းကို ကွင်းစ ကွင်းပိတ်နဲ့ ရေးတဲ့ကိစ္စလဲ ဆွေးနွေးကြပါတယ်။ တချို့က ၁ ကနေ ၉ အထိနဲ့ ၀ (သုည)ကို တစ်လုံးချင်းရေးရင် တစ်၊ ငါး၊ ရှစ်၊ ကိုး ဆိုပြီး စာနဲ့ရေးသင့်တယ်။ ၄၆၅၉ ကျပ်ဆိုတာမျိုး ဂဏန်းတွေအများကြီးဆိုရင်တော့ ဂဏန်းနဲ့ရေးသင့်တယ်လို့ ပြောတာမျိုးလဲရှိတယ်"

"ဟုတ်ကဲ့ပါ"

"တချို့ကတော့ ဂဏန်းတစ်လုံးချင်းပဲရေးရေး၊ ဂဏန်းတွေစုပြီးတော့ပဲရေးရေး ဂဏန်းနဲ့ရေးတာတိကျတယ်။ ငွေကြေးကိစ္စတွေမှာကျတော့ ၃၄၇၅၈ ကျပ်လို့ ဂဏန်းနဲ့ရေးပြီး(သုံးသောင်းလေးထောင်ခုနစ်ရာငါးဆယ့်ရှစ်ကျပ်တိတိ)လို့ ဘေးမှာ စာနဲ့ရေးပြတာမျိုးလဲ ကျင့်သုံးကြတယ် မဟုတ်လား"

"ဟုတ်ပါတယ် ဘဘ။ သမီးတို့လဲ လစာငွေ စာရင်းတို့ ဘာတို့ အဲဒီလို ဂဏန်းနဲ့ရော စာနဲ့ရော ရေးရပါတယ်"

" ဆရာကြီးတစ်ယောက်ပြောတာရှိတယ်။ ရုံးတွေမှာ လက်နှိပ်စက်သုံးတဲ့ ခေတ်တုန်းက ၇ နဲ့ ရ၊ ဂ နဲ့ ၈ ရောထွေးနိုင်တာမို့ ဂဏန်းတွေကို ကွင်းစ ကွင်းပိတ်နဲ့ ရေးကြတယ်တဲ့။ အခုကွန်ပျူတာသုံးတဲ့ ခေတ်မှာကျတော့ ဂဏန်းနဲ့စာနဲ့ မှားစရာမရှိလို့ ဂဏန်းတွေကို ကွင်းနဲ့ရေးဖို့ မလိုတော့ဘူး. . .တဲ့ "

"ဘဘ၊ ဒါဆိုရင် လက်နှိပ်စက်နဲ့ရိုက်တော့ စည်းကမ်းတစ်မျိုး၊ ကွန်ပျူတာစာစီတော့ စည်းကမ်းတစ်မျိုးဖြစ်မနေဘူးလား"

"အင်း...ဒါလဲစဉ်းစားစရာပဲ။ တကယ်တော့ လက်ရေးနဲ့ပဲရေးရေး၊ လက်နှိပ်စက်တို့၊ ကွန်ပျူတာတို့နဲ့ပဲ ရိုက်ရိုက် စည်းကမ်းတစ်မျိုးတည်းသတ်မှတ်တာ အရှင်းဆုံးပေါ့ကွယ်"

> **◆ ရကောက်လား ၇ လား၊ ဂ ငယ်လား ၈ လား ရောထွေးနိုင်တာပေါ့။ လွန်ခဲ့တဲ့ ၁၉၉၀ လောက်ကပြုစုတဲ့ 'မြန်မာစာ မြန်မာစကား' ဆိုတဲ့ စာအုပ်ကလေးမှာ ကာတွန်းပုံတွေနဲ့ ပြဖူးတယ်။ အဲဒီပြဿနာ ကွဲပြားအောင်လေ။ 'ရကောက်မှာ အဆန်ပါတယ်။ ၇ မှာ အဆန် မပါဘူး'၊ 'ဂငယ်မှာ အဆန်မပါဘူး၊ ၈ မှာအဆန်ပါတယ်' ဆိုတာမျိုးပေါ့**

"ဟုတ်ကဲ့ပါ"

"တကယ်တော့ ဒီစည်းကမ်းတွေဟာ စာအရေးအသားကိစ္စ ဆောင်ရွက်သူတွေက အတွေ့အကြုံပေါ်မူတည်ပြီး သတ်မှတ်တဲ့ စည်းကမ်းတွေပဲ မဟုတ်လား။ အရေးကြီးတာက ဂဏန်းနဲ့စာ ရောရော ထွေးထွေးမဖြစ်ဘဲ အဓိပ္ပာယ်ရှင်းနေဖို့ပဲလေ"

"ဟုတ်ပါတယ် ဘဘ"

"ဘဘသဘောကတော့ ဂဏန်းတစ်မျိုးပဲ ဖြစ်ဖြစ်၊ အများကြီးပဲ ဖြစ်ဖြစ် ဂဏန်းတွေရေးတဲ့အခါ ကွင်းစကွင်းပိတ်နဲ့ ရေးရင် လက်ရေးနဲ့ပဲ ရေးရေး၊ လက်နှိပ်စက်တို့၊ ကွန်ပျူတာတို့ပဲသုံးသုံး ဂဏန်းနဲ့စာကွဲပြားနေမှာမို့ ဂဏန်းတွေကို ကွင်းခတ်တဲ့ စနစ်ကိုကြိုက်တယ်။ 'ဂဏန်းဟူသမျှ ကွင်းခတ်ကြ'လို့တောင် တစ်ခါက ဘဘ ရေးဖူးပါတယ်"

"ဟုတ်ကဲ့"

"စည်းကမ်းကို ပုံသေသတ်မှတ်ထားရင် ကွန်ပျူတာလား၊ လက်နှိပ်စက်လား ဘာမှထည့်စဉ်းစားစရာ မလိုတော့ဘူးလေ။ ဟုတ်တယ် မဟုတ်လား"

"ဟုတ်ပါတယ် ဘဘ"

"သမီးသတိထားမိလား မသိဘူး။ မြန်မာစာအဖွဲ့က ပြုစုတဲ့ မြန်မာသဒ္ဒါမှာ ပုဒ်ဖြတ် ပုဒ်ရပ် သင်္ကေတများဆိုပြီး တစ်ချောင်းပုဒ်တို့၊ နှစ်ချောင်းပုဒ်တို့၊ ကွင်းစကွင်းပိတ် အမျိုးမျိုးတို့စတဲ့ သင်္ကေတတွေ ဘယ်လို သုံးရတယ်ဆိုတာ ပြထားတယ်လေ"

"သမီးတို့သင်ခဲ့ဖူးပါတယ် ဘဘ"

"အဲဒီမှာ ဘယ်နေရာမျိုးမှာ ဂဏန်းကို ကွင်းနဲ့ပြရမယ်ဆိုပြီး သတ်မှတ်ထားတဲ့ စည်းကမ်းဟာ မှတ်သားစရာကောင်းပါတယ်"

"သမီးမမှတ်မိတော့ပါဘူး ဘဘ။ ပြောပြပါ"

"အဲဒီမှာ သတ်မှတ်တာက အဆင့်၊ အမှတ်၊ အပိုဒ်တွေကို ဖော်ပြတဲ့ ဂဏန်းကို ချိတ်ကွင်းနဲ့ ပြရတယ်...တဲ့"

"ဟုတ်ကဲ့"

"ကဲ... တစ်ခုချင်းကြည့်ရအောင်။ 'အဆင့်'ဆိုတာက ဘာသာရပ်အားလုံးတွင် အဆင့် (၄) ရသူများသာ လျှောက်ထားနိုင်သည်ဆိုတာမျိုးပေါ့။ အဆင့်ကိုပြတဲ့ သင်္ကေတပေါ့။ အတန်းထဲမှာ အဆင့် (၁) ရတယ်၊ အဆင့် (၂) ရတယ် ဆိုတာမျိုးတွေ အကျုံးဝင်တာပေါ့။ ဂျပန်နိုင်ငံမှာ တိုကျိုတက္ကသိုလ်ဟာ အဆင့် (၁) တက္ကသိုလ်ပဲ၊ ဘယ်နိုင်ငံကတော့ ကိုဗစ်-၁၉ ကူးစက်မှုအများဆုံး နိုင်ငံတွေထဲမှာ အဆင့် (၅) ပဲ ဆိုတာမျိုး သုံးနိုင်တာပေါ့"

"ဟုတ်ကဲ့ပါ"

"အမှတ်ဆိုတာက အမှတ်(၃) အစိုးရအထက်တန်းကျောင်းတို့၊ အမှတ်(၂) စက်မှုလုပ်ငန်းတို့ဆိုတာမျိုး အမှတ်သင်္ကေတအဖြစ်နဲ့ သုံးတာလေ။ အိမ်အမှတ်၊ အခန်းအမှတ်တွေလဲ ပါတာပေါ့"

"ဟုတ်ကဲ့ပါ"

"အပိုဒ်ဆိုတာက ကိုးခန်းပျို့ အပိုဒ် (၃၅) မှာ ဘယ်လိုဖွဲ့ထားတယ်၊ ဒီအကြောင်းက ဒီဥပဒေ အပိုဒ်(၁၀) မှာပါတယ်ဆိုတာမျိုး အပိုဒ်နံပါတ်ကို ရည်ညွှန်းတာမျိုးပေါ့"

"ဟုတ်ကဲ့ နားလည်ပါပြီ ဘဘ"

"ဒီတော့၊ အဲဒီလို အဆင့်ဘယ်လောက်၊ အပိုဒ်ဘယ်လောက်၊ အမှတ်စဉ်ဘယ်လောက် ဆိုတာမျိုး သင်္ကေတအဖြစ် ရည်ညွှန်းတဲ့ ဂဏန်းတွေကို ကွင်းနဲ့ပြရတာလို့ နားလည်ရတာပေါ့။ အဲဒီ ၃ မျိုး မဟုတ်တဲ့ အရေအတွက်ကို ပြတာမျိုး၊ လူ ၂၇၄ ယောက်၊ သရက်သီး အလုံး ၃၀၊ ငွေ ၁၄၆၈၂ ကျပ် ဆိုတာမျိုးဆိုရင်တော့ ဂဏန်းကို ကွင်းတပ်စရာမလိုဘဲ စာနဲ့ရော ပြရတယ်လို့လဲ တစ်ဆက်တည်း နားလည်ရတာပေါ့ကွယ်"

"အဲဒီလိုဆိုရင် ဂဏန်းမှာ ကွင်းထည့် မထည့် ပြဿနာဟာ တော်တော်ရှင်းသွားပါပြီ ဘဘ။ အရင်ကတည်းက သတ်မှတ်ထားတဲ့ စည်းကမ်းကို သမီးတို့အမှတ်တမဲ့ ဖြစ်သွားတာနဲ့ ဘဘကို အလုပ်ပေးသလို ဖြစ်သွားပါတယ်"

"ကိစ္စမရှိပါဘူးကွယ်၊ အရေးကြီးတာက အရေးအသား အသုံးအနှုန်း ရှင်းဖို့ပါပဲ"

## မချမ်းဘောမြို့နယ် ၂၅ ခုတင်ဆံ့ ပြည်သူ့ဆေးရုံပတ်လည်နှင့် ဝန်ထမ်းအိမ်ရာများ၌ စုပေါင်းသန့်ရှင်းရေးပြုလုပ်

**မချမ်းဘော မေ ၃၁**

ကချင်ပြည်နယ် မချမ်းဘော မြို့နယ် ၂၅ ခုတင်ဆံ့ ပြည်သူ့ဆေးရုံဝင်း အတွင်းအပြင်နှင့်



ဝန်ထမ်းအိမ်ရာများ သန့်ရှင်းသာယာလှပ စေရေးအတွက် စုပေါင်းသန့်ရှင်းရေး ပြုလုပ်ခြင်းကို မေ ၂၉ ရက်က မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဦးဆောင်မှုဖြင့် ပြုလုပ်သည်။

ကျန်းမာရေး ဆောင်ပုဒ်နှင့်အညီ ပြည်သူများ ရောဂါဘယကင်းဝေးရေး၊ လူတိုင်းသက်တမ်းစေ့ နေထိုင်နိုင်ရေး ဆောင်ပုဒ်များနှင့်အညီ ၂၅ ခုတင်ဆံ့ ပြည်သူ့ဆေးရုံဝင်း အတွင်းအပြင်နှင့် ဝန်ထမ်းအိမ်ရာများ ပတ်ပတ်လည်တွင် စုပေါင်းသန့်ရှင်းရေး ပြုလုပ်ကြသည်။

အဆိုပါ သန့်ရှင်းရေးပြုလုပ်ရာတွင် နယ်မြေခံ တပ်နယ်မှ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ ရပ်ကွက် စီမံအုပ်ချုပ်ရေး အဖွဲ့များ၊ ဒေသခံ ရပ်မိရပ်ဖများဖြင့် စုပေါင်းသန့်ရှင်းရေး ပြုလုပ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မိုးညိုမြို့၌ လမ်းအဆင့်မြှင့်တင် ခင်းကျင်း

**မိုးညို မေ ၃၁**

ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့ ဗိုလ်ချုပ်အောင်ဆန်း လမ်းမကြီးသို့ ဆက်သွယ်သည့် ရွှေဥဒေါင်းရပ်ကွက် ဗန္ဓုလလမ်းကို မေ ၂၈ ရက်က မြေနီလမ်းမှ ကွန်ကရစ်လမ်းအဖြစ် တိုးမြှင့်ခင်းကျင်းပြီး ဖြစ်သည်။

အဆိုပါ ဗန္ဓုလလမ်း ယခင်မြေနီဂဝံလမ်း အရှည် ၁၆၂၅ ပေကို မေ ၁၄ ရက်မှ စတင်ကာ တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့၏ ခွင့်ပြုရန်ပုံငွေကျပ် ၅၉ ဒသမ ၉သန်း အကုန်အကျခံပြီး သတ်မှတ်စံနှုန်းနှင့်အညီ အမြင့် ရှစ် လက်မ၊ အကျယ် ၁၂ ပေ ကွန်ကရစ်လမ်းအဖြစ် အဆင့်တိုးမြှင့် ခင်းပေးကြောင်း သိရသည်။

**ခင်လတ်(မိုးညို)**

# ကချင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ပေးသော နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ဒုတိယအကြိမ်အဖြစ် ရပ်ကွက်နေပြည်သူများထံပေးအပ်



**မြစ်ကြီးနား မေ ၃၁**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံးမှ ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ပေးသော နိုင်ငံသား စိစစ်ရေးကတ်ပြားကို ဒုတိယအကြိမ်အဖြစ် မြစ်ကြီးနားမြို့ ဒူကထောင်ရပ်ကွက်နှင့် မြို့သစ်ကြီး ရပ်ကွက်နေပြည်သူများအတွက် ပေးအပ်ပွဲကို မေ ၂၉ ရက်က မြစ်ကြီးနားမြို့ စုပေါင်းရုံးဝင်းအတွင်းရှိ မနောရွှေပြည်ခန်းမ၌ ပြုလုပ်သည်။ **(ယာပုံ)**

အဆိုပါ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲတွင် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးခက်ထိန်နန်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို တာဝန်ယူဆောင်ရွက်ပြီးသည့်နောက် နိုင်ငံတော်ရှေ့ဆက်သွားမည့် ရှေ့လုပ်ငန်းစဉ် (၅)ရပ်နှင့် ဦးတည်ချက် (၉)ရပ် ချမှတ်ကာ နိုင်ငံတော်၏ တာဝန်များကို ဆောင်ရွက်လျက်ရှိကြောင်း၊ ရှေ့လုပ်ငန်းစဉ်(၅)ရပ်အရ လွတ်လပ်ပြီးတရားမျှတသော အထွေထွေရွေးကောက်ပွဲ ပြန်လည်ကျင်းပမည်ဖြစ်သည့်အတွက် ဥပဒေအရ ရွေးကောက်ပွဲကျင်းပမည့်နေ့တွင် အသက် ၁၈ နှစ်ပြည့်ပြီး နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူများကို မဲပေးခွင့်ရရှိအောင် ပန်းခင်းစီမံချက်ရေးဆွဲပြီး တစ်နိုင်ငံလုံးရှိ တိုင်းရင်းသားအားလုံး နိုင်ငံသားစိစစ်ရေးကတ်ပြား ရရှိရေးအတွက် မြို့နယ်အသီးသီးတွင် ဆောင်ရွက်ပေးနေပြီဖြစ်ကြောင်း၊ မိမိတို့ ကချင်ပြည်နယ်တွင် ဒုတိယအကြိမ်အဖြစ် ရပ်ကွက်နေပြည်သူများအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ရခြင်းဖြစ်ကြောင်းနှင့် စီမံချက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများက မိမိတို့ တာဝန်ယူဆောင်ရွက်ရမည့် ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း တိုက်တွန်းမှာကြားသည်။

ထို့နောက် ပြည်နယ်ဦးစီးမှူး၊ ညွှန်ကြားရေးမှူးဦးဝင်းရဲထွန်းက ပန်းခင်းစီမံချက်ဖြင့် ကချင်ပြည်နယ်တစ်ဝန်း မြို့နယ်အသီးသီးရှိ ပြည်သူများအတွက် ဆောင်ရွက်ပေးလျက်ရှိသည့် အိမ်ထောင်စုစာရင်းနှင့် ကိုင်ဆောင်လက်မှတ်ထုတ်ပေးနိုင်ရေး ဆောင်ရွက်နေမှုများနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား၏ နိုင်ငံသားဖြစ်တည်မှုအတွက် အရေးပါမှုတို့ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ပြီးစီးသော ဒူကထောင်ရပ်ကွက်ရှိ ပြည်သူ ၂၇ ဦးနှင့် မြို့သစ်ကြီးရပ်ကွက်ရှိ ပြည်သူ ၁၁၀ တို့အတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပြီး မြစ်ကြီးနားမြို့ သီတာရပ်ကွက်အတွင်းရှိ လဝကဝန်ထမ်းအိမ်ရာများ ပြင်ဆင်ဆောင်ရွက်နိုင်ရေးနှင့် ဝန်ထမ်းအိမ်ရာသွားလမ်းခင်းကျင်းဆောင်ရွက်ပေးနိုင်ရေး ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ စီမံချက်ဖြင့် မြစ်ကြီးနားမြို့နယ်ဦးစီးမှူးရုံးမှ ပထမအကြိမ်အဖြစ် ဂျာမိုင်ကောင်းရပ်ကွက်၊ KBC နေရပ်စွန့်ခွာစခန်းနေ ပြည်သူများအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးပြီး ကချင်ပြည်နယ်အတွင်း ပန်းခင်းစီမံချက်ကာလ မေ ၃ ရက်မှ နိုဝင်ဘာ ၃ ရက်အထိ ပြည်နယ်အတွင်းရှိ ကိုင်ဆောင်လက်မှတ်မရှိသူ ၂၀၁၃၆၆ ဦးခန့် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**ပြည်နယ် (ပြန်/ဆက်)**

# တနင်္သာရီတိုင်းဒေသကြီးအဆင့် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကျင်းပ

**ထားဝယ် မေ ၃၁**

တနင်္သာရီတိုင်းဒေသကြီးအဆင့် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ထားဝယ်မြို့ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးတင်အောင်က ကိုဗစ်-၁၉ ရောဂါကြောင့် စာသင်ကျောင်းများအားလုံး ပိတ်ထားရပြီး စာသင်နှစ် တစ်နှစ်နောက်ဆုတ်လိုက်ရသည့်အတွက် ကျောင်းနေအရွယ်ကလေးအားလုံး အသိပညာ/အတတ်ပညာများရယူရေး တစ်နှစ် နောက်ကျဆုံးရှုံးရသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ ယခု ၂၀၂၁-၂၀၂၂ ပညာသင်နှစ်မှ ပြန်လည် ဖွင့်လှစ်နိုင်သည်ကို မိဘပြည်သူများ အနေဖြင့် မိမိတို့၏ ရင်သွေးသားသမီးများအတွက် ဝမ်းမြောက်ဝမ်းသာဖြစ်နေရသည်ကို သိရကြောင်း၊ ကလေးပျော် ကျောင်း/ဆရာပျော် ကျောင်း ဖြစ်စေရေးအတွက် ကျောင်း ဥပဓိရုပ်ကောင်းမွန်ရေး၊ သန့်ရှင်းသာယာရေး၊ လုံခြုံဘေးကင်းရေး၊ အေးချမ်းစွာပညာသင်ကြားခွင့် ရရှိစေရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါကာကွယ်တားဆီးရေး လမ်းညွှန်ချက်နှင့်အညီ အစိုးရ/ ပြည်သူ ပူးပေါင်း ပါဝင်တာဝန်ယူကြရန် တိုက်တွန်းလိုကြောင်း၊ တိုင်းဒေသကြီး၏ အနာဂတ်သမိုင်းဖန်တီးရှင် ဗိသုကာလောင်းများ ဖြစ်ကြသော လူငယ် လူရွယ်များ စာသင်ခန်းထဲ အမြန်ရောက်ရှိ သင်ယူနိုင်ရန် ကျောင်းနေအရွယ် ကလေးအားလုံး ပညာသင်ယူနိုင်ရန် ကျောင်းအပ်နှံကြပါစို့ဟု တိုက်တွန်းပြောကြားသည်။ **(အောက်ပုံ)**

ထို့နောက် တိုင်းဒေသကြီး ပညာရေးမှူး၊ ညွှန်ကြားရေးမှူး ဦးဖြူဝင်းက ကျောင်းအပ်နှံရေးနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကျောင်းသား ကျောင်းသူများအား ပညာရေးဝန်ကြီးဌာနက ထောက်ပံ့သည့် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ၊ ဗလာစာအုပ်၊ စာရေးကိရိယာ၊ ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေး ပစ္စည်းများ ပေးအပ်သည်။

အခမ်းအနားသို့ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြောင်း သိရသည်။

**ထားဝယ်( ပြန်/ဆက်)**








# ပဲခူးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ကမ္ဘောဇသာဒီနန်းတော် အဆင့်မြှင့်တင်နေမှုကို ကြည့်ရှုစစ်ဆေး

**ပဲခူး မေ ၃၁**

ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးမျိုးဆွေဝင်းသည် ယနေ့နံနက်ပိုင်းက အများပြည်သူ စိတ်လက်အပန်းဖြေနိုင်စေရေး ကမ္ဘောဇသာဒီနန်းတော် အဆင့်မြှင့်တင်ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ပဲခူးမြို့ ကမ္ဘောဇသာဒီနန်းတော်ရာဝင်းအတွင်းရှိ မြေနန်းပြာသာဒ်ဆောင်နှင့် ဘမရာသနပလ္လင်တော်ဆောင်သို့ သွားရောက်ပြီး နန်းတော်ကုန်းပြန်လည်တူးဖော်စဉ် ရရှိခဲ့သည့် ကျွန်းတိုင်များ၊ မှတ်တမ်းဓာတ်ပုံများ ပြသထားရှိမှုနှင့် ထပ်မံအဆင့်မြှင့်တင်ဆောင်ရွက်မည့် အခြေအနေများကို တိုင်းဒေသကြီး ရှေးဟောင်းသုတသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမြင့်ဇော်က ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ကမ္ဘောဇသာဒီနန်းတော်ကို ၁၅၅၆ ခုနှစ်တွင် ဘုရင့်နောင်မင်းတရားကြီးက တည်ဆောက်ခဲ့ပြီး ၁၆ ရာစုရှိ မြန်မာ့အင်ပါယာ၏ ခံ့ညားထည်ဝါမှုကို ဖော်ပြနေသော ပြယုဂ်ဖြစ်၍ ရေရှည်တည်တံ့စေရေး၊ နောင်မျိုးဆက်သစ်များအထိတိုင် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေးတို့အတွက် စဉ်ဆက်မပြတ် ထိန်းသိမ်းစောင့်ရှောက်ရမည်ဖြစ်ကြောင်း၊ ယင်းသို့ ထိန်းသိမ်းစောင့်ရှောက်ရာတွင်လည်း ရှေးမူလက်ရာမပျက် ထိန်းသိမ်းရန် အလွန်အရေးကြီးကြောင်း တာဝန်ရှိသူများအား မှာကြားပြီး ကမ္ဘောဇသာဒီနန်းတော်ရာဝင်းအတွင်း Historical Park အဖြစ် အများပြည်သူစိတ်လက်အပန်းဖြေနိုင်စေရေး အဆင့်မြှင့်တင် ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုသည်။

ဆက်လက်၍ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် ဟံသာဝတီကျုံးဟောင်း၊ ကျုံးပတ်လမ်းနှင့် မြို့ရိုးတူးဖော်ပြီးစီးမှုနေရာများတွင် အများပြည်သူ လမ်းလျှောက်အပန်းဖြေနိုင်စေရေး စီစဉ်ဆောင်ရွက်နေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# မိုးဦးမကျခင် ကြိုတင်ပြင်ဆင်

ဆင်းသီဟ

### သီးနှံမျိုးစေ့ လက်ဝယ်ရှိပြီလား

မိုးရွာလျှင် လယ်ယာမြေမှာ ထွန်ယက်မည်၊ စိုက်ပျိုးမည်။ မိုးဦးမကျမီ အချိန်တွင် ထွန်ထယ် ကိရိယာတို့ကို ပြင်ဆင်သည်။ မျိုးစေ့မျိုးဆန်ကို စစ်ဆေးသန့်စင်သည်။ ဒါက တောင်သူလယ်သမားကြီးတိုင်း ထားရှိသင့်သည့် လယ်ယာစိုက်ပျိုးရေးဆိုင်ရာ အလေ့အထဖြစ်သည်။

နွေရာသီကတည်းက မိုးကိုမျှော်သည်။ ပူလိုက်တာ၊ အိုက်လိုက်တာ၊ မိုးရွာပါတော့။ အခုနှစ်မှာ သင်္ကြန်ကျပြီးနောက်ပိုင်း အခုအချိန်အထိ တစ်မိုးမက ရွာသည်။ မြက်ပင်တွေ ပေါက်လာသည်။ ပေါင်းပင်တွေ ပေါက်လာသည်။ မိသားစုစားဖို့ လယ်တဲအနီး ဟင်းသီးဟင်းရွက် သီးနှံပင်တွေ စိုက်နေကျနေရာက ချဉ်ပေါင်ပင်နှင့် ပင်စိမ်းပင်တွေ စပေါက်လာသည်။ ယခု ကဆုန်လမှာ မိုးရွာတော့ မိုးဦးကျပြီလား၊ စဉ်းစားစရာဖြစ်ပါသည်။

ယခုအချိန် တောင်သူလယ်သမားကြီးများ လက်တွန်းထွန်စက်၊ ထွန်စက်၊ တမန်းမွှေစက်၊ ရေစုပ်စက်၊ လယ်ယာသုံးကိရိယာ စသည် အဆင်သင့် ပြင်ဆင်ကြပြီလား၊ ကိုယ်ပိုင်မရှိလည်း ငှားရမ်းလုပ်ကိုင်နိုင်ရေး စုံစမ်းပြီးပြီလား၊ စိုက်ပျိုးမည့် သီးနှံမျိုးစေ့ရော လက်ဝယ်ရှိပြီလား။ ကျွန်တော့်အတွေးများ ဖြစ်ပါသည်။

ကျွန်တော်တို့ ငယ်ငယ်က ယခုလို ကဆုန်လ ရွာမှာ ရေးလူကြီးများ လုပ်လေ့လုပ်ထရှိတာ မှတ်မိသည်။ အဲသည်အချိန်က ယခုခေတ်လို စက်တွေ မပေါ်သေး။ နွားဖြင့်သာ ထွန်ယက်ကြရသည်။ မိုးဦးကျလျှင် ထွန်ဖို့ယက်ဖို့ ထွန်သွားထွန်တံများ ပြင်ကြသည်။ ထွန်သွားလုပ်ရန် သင်းဝင်သားကို ခွဲစိတ်ပြီး ဓားဖြင့်ခုတ်ထစ်ကာ ချွန်ရသည်။ သက်ကြီးရွယ်အို လယ်သမားကြီးများက မျိုးဆက်သစ် ငယ်ရွယ်သူတွေကို ဘယ်လို ခုတ်ရ၊ ထစ်ရ၊ ချွန်ရတယ်ဆိုတာ နေ့လယ်နေ့ခင်း အရိပ်ကောင်းကောင်း သစ်ပင်အောက် လေလာလာမှာ ထိုင်ရင်း လက်တွေ့သင်ပြပေးသည်။ ထွန်တံအတွက်တော့ ရှားသားအနှစ်ကို သုံးလေ့ရှိသည်။

### ရှေးခေတ်က မျိုးစပါးသိုလှောင်ခြင်း

ဒါတွင်မကသေး။ ကျီထဲပုတ်ထဲထားသည့် မျိုးစပါးကိုထုတ်ကာ နေလှမ်းပြီး ပြာတီးသည်။ အိမ်ရှိ ရေအိုးအနီး သဲအစိုဓာတ်ရှိရာမှာ မျိုးစေ့ချပြီး အပင်ပေါက်မပေါက် စမ်းကြည့်သည်။ မိုးဦးမကျမီ စတင်သည့် လယ်ယာလုပ်ငန်းလို့ ဆိုရပါမည်။

မျိုးအဖြစ်အသုံးပြုမည့် စပါးစေ့တွေကို ကျီ၊ ပုတ်ထဲမှာ သိုလှောင်ထားတာဖြစ်သည်။ ကျီဆိုတာ ခုခေတ်လူငယ်တွေ သိသူတောင် နည်းလောက်မည်ထင်သည်။ ဝင်ပေါက်တစ်ခုတည်းရှိသော အလုံကာ အလုံခင်းထားသည့် အဆောက်အအုံပင်ဖြစ်သည်။ သစ်သားတိုင်၊ သစ်သားတန်း၊ ထရံကာ ဒါမှမဟုတ် ပျဉ်ကာဖြစ်သည်။ ပုတ်ဆိုတာက တော့ ဝါးကို နှီးဖျာပြီး ထည့်စရာအဖြစ် ရက်လုပ်ထားတာဖြစ်သည်။ ပုတ်တွေမှာ ၅ တင်းဝင်၊ ၁၀ တင်းဝင်၊ ၁၅ တင်းဝင် စသည်ဖြင့် အရွယ်အစားအမျိုးမျိုး ရက်လုပ်ထားသည်။ နောက်ချေး/ရွှံ့တို့ဖြင့် သေသေချာချာ မံထားသည်။ သီးသန့် ရိတ်သိမ်းခြွေလှေ့အခြောက်ခံထားသည့် မျိုးစပါး၊ ပဲမျိုးစုံ စသည့် မျိုးစေ့မျိုးဆန်တွေကို အဲဒီသီးနှံတွေ ပေါ်ချိန်မှာ စနစ်တကျ နေလှန်းပြာတီးပြီး ထည့်သွင်းသိမ်းဆည်း သိုလှောင်ထားသည်။ ဗီဇအရည်အသွေးမပျက်ရေး ဆောင်ရွက်သည့် အလေ့အထတစ်ခု ဖြစ်သည်။

### မျိုးသန့်စိုက်ပျိုးလိုသောအသိ

တစ်နေ့က ဆွေမျိုးတော်စပ်သူ လယ်သမားတစ်ဦးက ဖုန်းဆက်လာသည်။ မျိုးသန့်စပါးလိုချင်လို့၊ ဘယ်မှာ ဝယ်လို့ရနိုင်မလဲ၊ စုံစမ်းပေးပါလို့ ဆိုလာသည်။ စိုက်ပျိုးနေကျ စပါးမျိုးကို နှစ်စဉ် ဆက်တိုက်စိုက်တော့ စပါးအထွက် နည်းလာသည်။ အရည်အသွေးကလည်း အရင်လောက်မကောင်းဟု ဆိုလာသည်။ မျိုးသန့်ကိုစိုက်ပျိုးတာ ကောင်းသည်ဆိုသောအသိ လယ်သမားတွေမှာ ရှိလာခြင်းအတွက် ကျွန်တော် ဝမ်းသာမိပါသည်။

မိုးဦးကျခါနီးဆို မျိုးစပါးအတွက် ရှာရဖွေရ ဒုက္ခဖြစ်ရတာတွေ ကြားသိနေရသည်။ လွန်ခဲ့သည့် နှစ်ပေါင်း ၅၀ ကျော် ကျွန်တော်တို့ အလုပ်ဝင်ချိန် တောင်သူလယ်သမားကြီးများကို ကိုယ့်အားကိုယ်ကိုး ကိုယ့်မျိုးကိုယ်ထားဖို့ နှိုးဆော်တာ သတိရနေမိသည်။ ကိုယ်ကြိုက်သည့်မျိုးကို သီးသန့်လယ်ကွက်မှာ နှစ်စဉ်စိုက်ပြီး မျိုးသန့်ပွားဖို့ သူတို့ကို ဆော်ဩသည်။ ယခုအခါတွင်လည်း မျိုးဆက်သစ် လယ်သမားတွေကို တိုက်တွန်းချင်ပါသည်။

### မျိုးရွေးချယ်ပုံနှင့် မျိုးသန့်ပွား စိုက်ပျိုးပုံ

ကိုယ့်အကြိုက်မျိုး ရွေးချယ်ပုံကို ပြောပြချင်ပါသည်။ စပါးအထွက်နှုန်းကောင်းခြင်း၊ ဆန်အထွက်နှုန်း ကောင်းခြင်း၊ ဆန်ရောင်ဆန်သား ကြည်လင်ကောင်းမွန်ပြီး ဆန်အဆင့်အတန်း မြင့်မားခြင်း၊ စပါးလုံး အရွယ်ပမာဏ ညီညာပြီး ဆန်နီကင်းခြင်း၊ ပင်ပွားကောင်းခြင်း၊ ပင်ရပ်ညီညာခြင်း၊ ပန်းပွင့်ရက်ညီသဖြင့် ရင့်မှည့်ရာတွင် ညီညာခြင်းနှင့် ပိုးမွှားရောဂါဒဏ်ကို ခံနိုင်ရည်ရှိခြင်း စသည့် အရည်အချင်းများနှင့် ပြည့်စုံသည်ကို မျိုးအဖြစ် ရွေးချယ်ရန်ဖြစ်ပါသည်။

> ❍ **ကောင်းသောမျိုးစေ့(Good Seed) ဆိုသည်မှာ ကျောက်စရစ်ခဲ၊ မြေကြီးခဲ၊ ပေါင်းမြက်စေ့ စသည်တို့ ကင်းရှင်းပြီး သန့်ရှင်းနေရမည်။ အခြားမျိုးစေ့များ ရောနှောနေခြင်း မရှိစေရ။ မျိုးစေ့များတွင် မှဲ့ပြောက်များ ကင်းစင်ခြင်း၊ အရောင်အသွေး တူညီခြင်း၊ ပြည့်ဖြိုးပြီး စပါးလုံးပုံသဏ္ဌာန်ကြီးသော စပါးစေ့တွေချည်းဖြစ်ခြင်း စသည့် အရည်အချင်းတွေနှင့် ပြည့်စုံနေရပါမည်။ မိုးဦးကျခါနီး ကဆုန်၊ နယုန်လမှာမှ ကိုယ့်လယ်ယာမြေမှာ စိုက်မည့်မျိုးကို ရှာဖွေနေလို့ မဖြစ်ပါ။ စိုက်ပျိုးရေးဆိုင်ရာ ကျေးရွာဝန်ထမ်း၊ မြို့နယ်ဝန်ထမ်းတွေကို မျိုးသန့်ရရှိရေး ကြိုတင်ဆက်သွယ် စုံစမ်းနိုင်သည်။ မြို့ပေါ်သို့ဈေးဝယ်သွားရင်း မြို့နယ်စိုက်ပျိုးရေးရုံးကို ဝင်ပြီး မေးမြန်းမှာကြားနိုင်သည်**

မျိုးသန့်ပွား စိုက်ပျိုးပုံကိုလည်း ပြောပြချင်သေးသည်။ မျိုးစေ့အတွက် စိုက်ပျိုးထားသည့် လယ်ကွက်ကို စပါးအပင်ပွားချိန်မှသည် ရိတ်သိမ်းချိန်မတိုင်မီအထိ ပြုစုစောင့်ရှောက်ရန်ဖြစ်သည်။ အဲသည် လယ်ကွက်ကို မျက်ခြည်မပြတ် ကြည့်ရှုပြီး စပါးနှံထွက်ချိန်မှာတော့ လယ်ကွက်ထဲကိုဆင်းကာ အရပ်ပိုရှည်ထွက်လာသော အပင်တွေ၊ တိုပြီးကျန်ခဲ့သည့်အပင်တွေ၊ စောပြီး အနှံထွက်သည့်အပင်တွေကို အပင်ရင်းကနေ ရိတ်ပယ်ပစ်လိုက်ရန် လိုသည်။ အဲဒါ မျိုးကွဲမျိုးလေ အပင်တွေ ဖြစ်ပါသည်။

### မျိုးကွဲမျိုးလေ ဆန်နီပင်များ ရိတ်ပယ်ခြင်း

ဒါနှင့်မပြီးသေး။ စပါးရင့်မှည့်စပြုချိန်မှာ လယ်ကွက်ထဲဆင်းရမည်။ စပါးလုံး အရွယ်အစား၊ အရောင်အဆင်း ကွဲပြားနေသည့် စပါးပင်တွေ၊ ဆန်နီပါသော စပါးပင်တွေကို စေ့စေ့စပ်စပ် ရှာဖွေပြီး ရိတ်ပယ်ပစ်ရန် လိုသည်။ အဲသည်လို မျိုးကွဲမျိုးလေ ဆန်နီပင်များ ရိတ်ပယ်ခြင်းကို မျိုးကွဲမျိုးလေ ဆန်နီပင်တွေ ကင်းရှင်းသည်အထိ သုံးကြိမ်လေးကြိမ် လုပ်ရမှာဖြစ်သည်။

ဆန်နီပါသော အပင်ရွေးချယ်နည်းစနစ်ကို ပြောပြချင်သေးသည်။ နံနက် နေထွက်ခါစ စပါးနှံတွေ နှင်းစိုနေချိန်မှာ လယ်ထဲဆင်း စစ်နိုင်သည်။ လယ်ကွက်ထဲမှာ အနောက်ဘက်မှ အရှေ့ဘက်သို့ လမ်းလျှောက် စစ်ရမည်။ ဒါမှ ဆန်နီပါသော စပါးနှံများကို နေရောင်ထိုးပြီး နီရဲနေသည်ကို မြင်ရမှာဖြစ်သည်။ မျိုးကောင်းမျိုးသန့် မျိုးစပါး ရရှိရေးအတွက် စိတ်ရှည်လက်ရှည်လုပ်ဖို့တော့ လိုပါသည်။

### မျိုးစေ့ထုတ်စိုက်ကွက် သီးသန့်ထားသင့်

မျိုးအဖြစ်အသုံးပြုဖို့ မျိုးစေ့ထုတ်စိုက်ကွက်ကို သာမန်စိုက်ကွက်တွေလို စိုက်ပျိုးခြင်း မပြုသင့်ပါလို့ အခုခေတ် လယ်သမားတွေကို ပြောလိုပါသည်။ စပါးသီးနှံကို လယ်သမားတိုင်း စိုက်သည်။ မိုးရာသီမှာ စိုက်သည်။ ရေရရှိသည့်ဒေသတွေမှာ နွေရာသီမှာလည်း စိုက်သည်။ ဘာ စပါးစိုက်တာလဲ။ မျိုးအမည်ကို ဆိုလိုရင်းမဟုတ်ပါ။ စားဖို့လား၊ ရောင်းဖို့လား၊ မျိုးထားဖို့လား။ တစ်နည်းအားဖြင့် စားစပါးလား၊ ရောင်းစပါးလား၊ မျိုးစပါးလားလို့ မေးလိုတာဖြစ်သည်။ မျိုးစပါးကို စားစပါး၊ ရောင်းစပါး စိုက်ပျိုးသလို စိုက်ပျိုးပြီး ရိတ်သိမ်းခြွေလှေ့လျှင် မျိုးသန့်မျိုးစေ့ မဖြစ်နိုင်တော့ပါ။ မျိုးပေါက်နှုန်းလည်း လျော့နည်းနိုင်ပါသည်။

ကိုယ်စိုက်မည့်လယ်အတွက် လိုအပ်သည့်မျိုးစေ့ရအောင် နှစ်စဉ် မျိုးစေ့ထုတ်စိုက်ကွက် သီးသန့်ထား စိုက်သင့်သည်။ လယ်သမားတိုင်း လုပ်ဖို့ ကျွန်တော် တိုက်တွန်းလိုပါသည်။ ပထမ တစ်နှစ်တော့ မြို့နယ်စိုက်ပျိုးရေး ဒါမှမဟုတ် မျိုးစေ့ထုတ်ခြံ ဒါမှမဟုတ် ဌာန၏ကြီးကြပ်မှုဖြင့် ဆောင်ရွက်သည့် မျိုးစေ့ထုတ် အကျိုးဆောင်တောင်သူတို့ထံက ရရှိသည့် စီးပွားဖြစ် မျိုးသန့်မျိုးစေ့(Certified Seed)ကို စိုက်သင့်သည်။ နှစ်စဉ် ရယူစိုက်ပျိုးရန်တော့ မလိုပါ။ ငွေကုန်ကြေးကျများမှာ စိုးပါသည်။ အဲဒီမျိုးကို ဗီဇအရည်အသွေးထိန်းကာ မိမိလယ်မြေမှာ ကိုယ့်အားကိုယ်ကိုး မျိုးစေ့ပွားသင့်သည်။ စနစ်တကျ မျိုးစေ့ထုတ် အလေ့အကျင့်ကောင်းများနှင့် ဆောင်ရွက်လျှင် ကောင်းသောမျိုးစေ့(Good Seed)ကို ရရှိနိုင်ပါမည်။

### ကောင်းသောမျိုးစေ့၏ အရည်အသွေး

ကောင်းသောမျိုးစေ့(Good Seed) ဆိုသည်မှာ ကျောက်စရစ်ခဲ၊ မြေကြီးခဲ၊ ပေါင်းမြက်စေ့ စသည်တို့ ကင်းရှင်းပြီး သန့်ရှင်းနေရမည်။ အခြားမျိုးစေ့များ ရောနှောနေခြင်း မရှိစေရ။ မိမိအသုံးပြုမည့်မျိုးတစ်မျိုးတည်းသာ ပါဝင်နေရမည်လို့ ဆိုလိုခြင်းဖြစ်သည်။ မျိုးစေ့များတွင် မှဲ့ပြောက်များ ကင်းစင်ခြင်း၊ အရောင်အသွေး တူညီခြင်း၊ ပြည့်ဖြိုးပြီး စပါးလုံးပုံသဏ္ဌာန်ကြီးသော စပါးစေ့တွေချည်းဖြစ်ခြင်း စသည့် အရည်အချင်းတွေနှင့် ပြည့်စုံနေရပါမည်။

မိုးဦးကျခါနီး ကဆုန်၊ နယုန်လမှာမှ ကိုယ့်လယ်ယာမြေမှာ စိုက်မည့်မျိုးကို ရှာဖွေနေလို့ မဖြစ်ပါ။ စိုက်ပျိုးရေးဆိုင်ရာ ကျေးရွာဝန်ထမ်း၊ မြို့နယ်ဝန်ထမ်းတွေကို မျိုးသန့်ရရှိရေး ကြိုတင်ဆက်သွယ် စုံစမ်းနိုင်သည်။ မြို့ပေါ်သို့ဈေးဝယ်သွားရင်း မြို့နယ် စိုက်ပျိုးရေးရုံးကိုဝင်ပြီး မေးမြန်းမှာကြားနိုင်သည်။ မိမိလက်ဝယ်ရှိမျိုးကို နှစ်စဉ် ဆက်တိုက် စိုက်ပျိုးခြင်းမပြုသင့်ပါ။ အထွက်နှုန်းနှင့် အရည်အသွေးတွေ ကျဆင်းသွားနိုင်သည်။ သုံးနှစ်တစ်ကြိမ်တော့ မဖြစ်မနေ မျိုးသန့်ကို စိုက်ပျိုးပြီး ကျန်သောနှစ်များတွင် ကိုယ့်လယ်ကွက်မှာ ကိုယ့်လယ်မြေအတွက် မျိုးစေ့ထုတ် စိုက်ပျိုးပွားများသင့်ပါသည်။ ။

---

## မအူပင်မြို့တွင် စပါးစိုက်တောင်သူများအား နည်းပညာပေးဆွေးနွေး

မအူပင် မေ ၃၁

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်၌ ၂၀၂၂ ခုနှစ် မိုးစပါးရာသီ မျိုးစပါးစိုက်တောင်သူများအား နည်းပညာပေးဆွေးနွေးပွဲကို ငါးကြီးဂရက်ကျေးရွာ စိုက်ပျိုးရေးဦးစီးဌာန နည်းပညာပြန့်ပွားရေးစင်တာတွင် မေ ၃၀ ရက် က ကျင်းပသည်။

ဆွေးနွေးပွဲတွင် ခရိုင်စိုက်ပျိုးရေးမန်နေဂျာ ဦးစိုးမိုးအောင်က မိုးစပါးစိုက်တောင်သူများအနေဖြင့် မျိုးကောင်းမျိုးသန့်စပါးစိုက်ပျိုးနိုင်ရန်နှင့် နည်းပညာလိုအပ်ချက်များအား စိုက်ပျိုးရေးဝန်ထမ်းများနှင့်ပူးပေါင်းဆောင်ရွက်ရေးပြောကြားပြီး မြို့နယ်မန်နေဂျာ ဦးသာအေးက မြို့နယ်အတွင်း မိုးစပါးစိုက်လျာထားချက်နှင့် မျိုးစပါးစိုက်ကေလျာထားချက်များ၊ မျိုးကောင်းမျိုးသန့်စိုက်ပျိုးရန်ဆောင်ရွက်ထားရှိမှုများကို ပြောကြားသည်။

ဆက်လက်၍ ခရိုင်မျိုးစေ့တာဝန်ခံဒေါ်ငြိမ်းငြိမ်းက မျိုးသန့်မျိုးစေ့များအတွက် ဆင်းသုခ(Rs) မျိုးစပါးကို စိုက်ပျိုးထုတ်လုပ်ရန်နှင့် ၎င်းမျိုးသက်တမ်းမှာ ၁၃၅ ရက်ဖြစ်ပြီး တစ်ကေလျှင် အထွက်နှုန်း တင်း ၆၀ မှ ၇၅တင်းအထိထွက်ရှိနိုင်ပြီး နည်းပညာ လိုအပ်ချက်ရှိပါက တောင်သူများအနေဖြင့် စိုက်ပျိုးရေးဦးစီးဌာနသို့ ဆက်သွယ်နိုင်ကြောင်း ပြောသည်။

အောင်ခိုင် (ပြန်/ဆက်)

# ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်းရှေ့၌ လက်လုပ်မိုင်းထောင်ရန်ပြုလုပ်စဉ် ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး မိုင်းထောင်သူအမျိုးသားတစ်ဦး ထိခိုက်ဒဏ်ရာရရှိ

နေပြည်တော် မေ ၃၁

**ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်းရှေ့၌ လက်လုပ်မိုင်းထောင်ရန် ပြုလုပ်စဉ် ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး မိုင်းထောင်သူအမျိုးသားတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။**

ဖြစ်စဉ်မှာ မေ ၃၀ ရက် ည ၇ နာရီ မိနစ် ၄၀ ခန့်တွင် အုတ်ဖိုမြို့နယ် မိုးညိုတန်းရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်းရှေ့ လမ်းမပေါ်တွင် ပေါက်ကွဲမှုဖြစ်ပွားကြောင်းသတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ ဆိုင်ကယ်တစ်စီး မီးလောင်နေသည်ကိုတွေ့ရှိရပြီး ဖြစ်စဉ်အား စုံစမ်းခဲ့ရာ အမျိုးသားတစ်ဦးသည် ကျောင်းရှေ့သို့ ဆိုင်ကယ်ဖြင့် ရောက်ရှိလာကာ လက်လုပ်မိုင်းထောင်နေစဉ် ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး အဆိုပါအမျိုးသားတွင် ထိခိုက်ဒဏ်ရာများရရှိ၍ ထွက်ပြေးသွားကြောင်း သိရှိရသည်။

ထို့ကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် လက်လုပ်မိုင်းထောင်ရန် ပြုလုပ်ခဲ့သည့် အမျိုးသားအား ဖမ်းဆီးရမိနိုင်ရေးအတွက် လိုက်လံပိတ်ဆို့ရှာဖွေစစ်ဆေးခဲ့ရာ ဘူတာရုံလမ်းအနောက်ဘက် လမ်းပေါ်၌ ခြေထောက်တွင် သွေးများပေကျံနေသည့် ထူးကုန်းကျေးရွာနေ ဝေယံကျော် (၁၉)နှစ် သောက်ရေသန့်စက်ရုံအလုပ်သမား (ဘ) ဦးမောင်ချို အား တွေ့ရှိရသဖြင့် စစ်ဆေးခဲ့ရာ ၎င်းသည် လက်လုပ်မိုင်း တစ်လုံးအား ကျောင်းရှေ့သို့ ဆိုင်ကယ်ဖြင့် သွားရောက်ထောင်စဉ် ပေါက်ကွဲမှုဖြစ်ခဲ့ပြီး ဆိုင်ကယ်မီးလောင်ကာ ၎င်း၏ ခါးအောက်ပိုင်းတို့တွင် မိုင်းစထိမှန်ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရှိရသဖြင့် ဆေးကုသမှုခံယူနိုင်ရေး အုတ်ဖိုပြည်သူ့ဆေးရုံသို့ ပို့ဆောင်ထားရှိခဲ့သည်။

ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဖမ်းဆီးရမိသူ ဝေယံကျော်အား ထပ်မံစစ်ဆေးခဲ့ရာ လက်လုပ်မိုင်း တစ်လုံးထည့်ထားသော စက္ကူဘူးအား ကျောင်းရှေ့တွင် သွားရောက်ထောင်ထားပေးရန် မိုးညိုတန်းရပ်ကွက်နေ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဟောင်း ဦးဇော်မင်း (အိုစစ်သောက်ရေသန့် စက်ရုံပိုင်ရှင်) နှင့် ၎င်း၏သမက်ဖြစ်သူ နိုင်လင်း (၃၂) နှစ် (ဘ) ဦးခင်ဝင်းတို့က ငွေကျပ် တစ်သိန်းပေး၍ စေခိုင်းခဲ့ခြင်းဖြစ်ကြောင်း သိရှိခဲ့ရသည်။

ဝေယံကျော်၏ ဖော်ထုတ်ချက်အရ ဖောက်ခွဲဖျက်ဆီးရေးလုပ်ဆောင်ရန် ငွေပေးစေခိုင်းခဲ့သည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဟောင်း ဦးဇော်မင်း (အိုစစ်သောက်ရေသန့်စက်ရုံပိုင်ရှင်) နှင့် ၎င်း၏ သမက်ဖြစ်သူ နိုင်လင်းတို့အား ဖမ်းဆီးရမိနိုင်ရေး အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ည ၈ နာရီခန့်တွင် အိုစစ်သောက်ရေသန့်လုပ်ငန်းနှင့် နေအိမ်တွဲလျက်အား ဝင်ရောက်ရှာဖွေခဲ့ရာ ၎င်းတို့ နှစ်ဦးကို မတွေ့ရှိရဘဲ နိုင်လင်း၏ ဇနီးဖြစ်သူ မနန်းထက်ဇော် (၃၃)နှစ်၊ (ဘ) ဦးဇော်မင်းအား တွေ့ရှိရသဖြင့် နေအိမ်အတွင်း ဆက်လက်ရှာဖွေခဲ့ရာ NLD အလံသေး ကိုးခု၊ NLD တံဆိပ်ပါ အင်္ကျီကိုးထည်တို့ကို တွေ့ရှိရသဖြင့် ထိန်းသိမ်းခဲ့သည်။

ထိုသို့ နိုင်ငံတော်အစိုးရမှ ကျောင်းနေအရွယ်လူငယ် လူရွယ်များအား ပညာသင်ကြားနိုင်ရေး အတွက် ကျောင်းများ ပြန်ဖွင့်လှစ်၍ ကျောင်းအပ်လက်ခံနေခြင်းအား အနှောင့်အယှက်ဖြစ်စေရန် အတွက် ပညာသင်ကြားခွင့်ရရှိရေး ကျောင်းလာရောက်အပ်နှံသည့် လူငယ် လူရွယ်များနှင့် ဆရာ ဆရာမများအား ထိခိုက်ဒဏ်ရာရရှိအောင်ရည်ရွယ်၍ ကျောင်းရှေ့လမ်းပေါ်တွင် လက်လုပ်မိုင်းထောင်ရန် ပြုလုပ်သူ ဝေယံကျော်နှင့် ထိုကဲ့သို့ပြုလုပ်ရန် ငွေပေး၍ စေခိုင်းသူများအား ဖမ်းဆီးရမိနိုင်ရေး စုံစမ်းဖော်ထုတ်လျက်ရှိကြောင်းနှင့် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



တရားခံ ဝေယံကျော်





မနန်းထက်ဇော်



သိမ်းဆည်းရမိသည့် သက်သေခံပစ္စည်းများ

# နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် လှုံ့ဆော်သူများအား ဖမ်းဆီးရမိ

နေပြည်တော် မေ ၃၁

**နိုင်ငံ၏ အုပ်ချုပ်မှုယန္တရား ပုံမှန်လည်ပတ်ရေးနှင့် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ဆူပူအကြမ်းဖက်လူတစ်စုက CDM လှုပ်ရှားမှုတွင် မပါဝင်သည့် ကျန်းမာရေးဝန်ထမ်းများ၊ ပညာရေးဝန်ထမ်းများ၊ ဘဏ်ဝန်ထမ်းများနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား ဖိအားပေးခြိမ်းခြောက်ခြင်း၊ လှုံ့ဆော်ခြင်း၊ Social Punishment ပြုလုပ်ခြင်းများ လုပ်ဆောင်လျက်ရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးထိန်းသိမ်း၍ လိုအပ်သလို အရေးယူဆောင်ရွက်လျက်ရှိသည်။**

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် မီးသွေးချောင်းကျေးရွာနေ သက်နိုင်ထွန်း(ခ)ပေါ်လာကြီး (ဘ)ဦးကံထွန်း၊ မရမ်းရိုးကျေးရွာနေ ကျော်သန့်စင်ဦး(ခ)ကျော်ကြီး (ဘ) ဦးအောင်အောင်ဦးနှင့် ငါးသိုင်းချောင်းမြို့ မြစ်ဆယ်အုပ်စု ရွာသစ်ကုန်းကျေးရွာနေ ငါးသိုင်းချောင်းတိုက်နယ်ဆေးရုံမှ အထက်တန်းသူနာပြု မနုနုရီ (ဘ) ဦးဌေးအောင်တို့ သုံးဦးသည် ၎င်းတို့၏ Thet Naing Tun Face-book account ၊ Kyaw Thant Sim Oo Facebook accountနှင့် Htoo Htet Myat Mg Facebook account များဖြင့် လူမှုကွန်ရက်ပေါ်တွင် မဟုတ်မမှန်သတင်းများ ရေးသားဖြန့်ဝေခြင်း၊ တရားမဝင် သတင်းမီဒီယာများမှ သတင်းများအား ပြန်လည်မျှဝေခြင်း၊ တရားမဝင် အဖွဲ့အစည်းဖြစ်သည့် CRPH အားထောက်ခံခြင်း၊ အများပြည်သူနှင့် အစိုးရဝန်ထမ်းများအား အထိတ်တလန့် ဖြစ်စေရန်နှင့် ပြစ်မှုကျူးလွန်လာစေရန် သွေးထိုးလှုံ့ဆော် ရေးသားခဲ့ခြင်းများ ဆောင်ရွက်လျက်ရှိသဖြင့် ၎င်းတို့၏ နေအိမ်များ၌ မေ ၃၀ ရက်တွင် ဖမ်းဆီးထိန်းသိမ်းခဲ့ပြီး သက်ဆိုင်ရာ ရဲစခန်းများ၌ ရာဇသတ်ကြီးပုဒ်မ၊ ၅၀၅ - က ဖြင့် အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်



သက်နိုင်ထွန်း (ခ) ပေါ်လာကြီး



ကျော်သန့်စင်ဦး



နုနုရီ

# အကြမ်းဖက်မှုလုပ်ရပ်များတွင်အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများ ဆက်လက်ဖော်ထုတ်သိမ်းဆည်းရမိ

**နေပြည်တော် မေ ၃၁**

အကြမ်းဖက်အဖွဲ့အစည်းများအဖြစ် ကြေညာထားသော CRPH ၊ NUG အဖွဲ့များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် အဖျက်အမှောင့်လုပ်ငန်းများ၊ မိုင်းထောင်ဖောက်ခွဲမှု၊ မီးရှို့ဖျက်ဆီးမှုနှင့် အကြမ်းဖက်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး ထိုသို့လုပ်ဆောင်ရာတွင် အသုံးပြုလျက်ရှိသည့် လက်နက်များ၊ ဖောက်ခွဲရေးပစ္စည်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် စစ်ဆေးရှာဖွေ သတင်းဖော်ထုတ်ဖမ်းဆီးထိန်းသိမ်းခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ယနေ့ နံနက် ၇ နာရီခွဲခန့်တွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ သာစည်ကျေးရွာနေ လှိုင်ထွန်း (၃၆နှစ်) (ဘ) ဦးရွှေသိုင်း၏ နေအိမ်အား ဝင်ရောက် ရှာဖွေခဲ့ရာ ၎င်းအားနေအိမ်အတွင်းမှ လက်လုပ်သေနတ်ပြုလုပ်ရာတွင် အသုံးပြုသည့် သံပိုက် ၄၉ ချောင်းနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ထိုသို့စစ်ဆေးနေစဉ် နံနက် ၈ နာရီ ၁၅ မိနစ်ခန့်တွင် လှိုင်ထွန်း၏ နေအိမ်အနောက်ဘက် ဝါးရုံတောအတွင်းမှ လက်နက်ကိုင်အကြမ်းဖက်သူများက လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ် တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခုခံပစ်ခတ်ခဲ့ရာ အဆိုပါအကြမ်းဖက်သူများ ပြန်လည်ဆုတ်ခွာထွက်ပြေးသွားခဲ့သဖြင့် အဆိုပါနေရာအား သွားရောက်ရှင်းလင်းစစ်ဆေးခဲ့ရာ ဝါးရုံတောအတွင်းမှ MA–13 သေနတ်တစ်လက်၊ ၎င်းကျည်အိမ် တစ်ခု၊ ၅ ဒသမ ၅၆ ကျည် ၂၈ တောင့်၊ လက်ကိုင်ဖုန်း တစ်လုံးတို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဖမ်းဆီးရမိသူ လှိုင်ထွန်း၏ ထွက်ဆိုချက်အရ နံနက် ၉ နာရီတွင် ၎င်း၏နေအိမ်အနီးမှ CDM ပြုလုပ်ထားသူ မြတ်မြတ်ခိုင် (၂၇)နှစ် မူလတန်းပြဆရာမ (ဘ) ဦးမောင်ကြည်၏ နေအိမ်အား ဝင်ရောက်ရှာဖွေခဲ့ရာ ၎င်းအား မတွေ့ရှိရဘဲ နေအိမ်အတွင်းမှ ၅ ဒသမ ၅၆ ကျည် ကိုးတောင့်၊ CDM နှင့် အကြမ်းဖက်သူများအား ထောက်ပံ့ရန် နိုင်ငံခြားမှ ပေးပို့ထားသည့် ငွေကျပ် ၁၃၀၀၀၀၀၊ USA ဒီမိုကရေစီမိတ်ဆွေများဟု ရေးသားထားသည့် စာအိတ်သုံးလုံးနှင့် နိုင်ငံတော်ဆန့်ကျင်ရေး လှုံ့ဆော်စာသားများပါ လက်ကမ်းစာရွက် ၂၈၅ ရွက်နှင့် အခြားစာရွက်စာတမ်းများအား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

အကြမ်းဖက်ရာတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများ သိုဝှက်သိမ်းဆည်းထားရှိသူများနှင့် လက်ဝယ်ထားရှိသူအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# မှတ်သားဖွယ်ရာ မိုးရေချိန်


**နေပြည်တော် မေ ၃၁**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ပုသိမ်ကြီး (စိုက်ပျိုးရေး) တွင် ၂ ဒသမ ၇၃ လက်မ၊ ညောင်ဦးမြို့တွင် ၂ ဒသမ ၄၄ လက်မ၊ ကနီမြို့တွင် ၂ ဒသမ ၂၀ လက်မ၊ မန္တလေးမြို့တွင် ၁ ဒသမ ၈၉ လက်မ၊ ထားဝယ်မြို့တွင် ၁ ဒသမ ၆၁ လက်မ၊ တံတားဦး (လေကြောင်းမိုးလေဝသ)တွင် ၁ ဒသမ ၅၄ လက်မ၊ မတူပီမြို့တွင် ၁ ဒသမ ၄၆ လက်မ၊ ချောင်းဆုံမြို့တွင် ၁ ဒသမ ၃၈ လက်မနှင့် ပခုက္ကူမြို့တွင် ၁ ဒသမ ၂၆ လက်မ တို့ဖြစ်ကြသည်။ နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၁၀၀ ဖြစ်သည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မိုး/ဇလ

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဦးထိပ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







မော်ကွန်းတိုက်(၇၂×၃၀)ပေ ၁ လုံး-၈၈၄ သိန်း



ဂေါပကရုံး (၄၈×၂၄)ပေ ၁ လုံး-၄၂၃ သိန်း



ရေပန်းအကြီး



မြန်မာမှုစကျင်ကျောက်ဖြင့် တည်ဆောက်ပူဇော်ထားသော ဂန္ဓကုဋိတိုက်
(၅၄×၂၇)ပေ ၂၄ လုံး ၁ လုံးလျှင်- ၁၂၅၀ သိန်း



ဓမ္မာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း



သုခမ္မာဇရပ်(၅၄×၃၀)ပေ ၆ လုံး ၁ လုံးလျှင်-၅၅၇ သိန်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး ၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒ ဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည် ဖြစ်ပါသည်-

(၁) အဝင်မုခ်ဦး(၁၀၀×၄၀)ပေ ၁ ခု - ၈၂၀ သိန်း
(၂) အဝင်မုခ်ဦးငယ်(၇၅×၄၀)ပေ ၃ ခု၊ ၁ ခုလျှင် - ၆၇၆ သိန်း
(၃) ရေပန်းအကြီး(အချင်း ၇၅ ပေ၊ အမြင့် ၁၅ ပေ) ၁ ခု - ၄၃၂၀ သိန်း
(၄) ရေပန်းအသေး(အချင်း ၃၀ ပေ၊ အမြင့် ၉ ပေ) ၁၈ ခု၊ ၁ ခုလျှင် - ၈၀၅ သိန်း
(၅) မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေခန်း) ၂၀၀ ခန်း ၁ ခုလျှင် - ၇၂ သိန်း
(၆) မဟာရံတံတိုင်းစိန်တောင်စကျင်ကနုတ်ပန်း(မြန်မာမှုပါ) ၆၅၂ ခု၊ ၁ ခုလျှင် - ၇ သိန်း
(၇) မဟာရံတံတိုင်းရှိ စကျင်ထောင့်တိုင်(မြန်မာမှုပါ) ၅၀ ခု ၁ ခုလျှင် - ၁၅ သိန်း
(၈) မဟာရံတံတိုင်း၏အင်္ဂတေမြန်မာမှု ၂၁၈ ကျင်း၊ ၁ ကျင်းလျှင် - ၄.၁ သိန်း
(၉) မြန်မာမှု တစ်ဖက်လှခြံစည်းရိုး(၂၇ ပေခန်း) ၄၅၅ ခန်း ၁ ခန်းလျှင် - ၃၀ သိန်း
(၁၀) စကျင်ကျောက်ပြား ၂၁၂၀ ကျင်း၊ ၁ ကျင်းလျှင် - ၄.၇ သိန်း
(၁၁) ကြွေပြား ၁၇၃၆ ကျင်း၊ ၁ ကျင်းလျှင် - ၂ သိန်း
(၁၂) ကွန်ကရစ် ၈ လက်မထုခင်းခြင်း၊ ၅၉၁၀ ကျင်း ၁ ကျင်းလျှင် - ၃.၆ သိန်း
(၁၃) မြောက်ဘက်မုခ်ပင်မလှေကား(မြန်မာမှုပါ) ၁ စင်း - ၁၉၁၄ သိန်း
(၁၄) အရှေ့၊ အနောက်နှင့် တောင်ဘက်မုခ်လှေကား (မြန်မာမှုပါ) ၃ စင်း၊ ၁ စင်းလျှင် - ၄၉၀ သိန်း
(၁၅) ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ × ၁၇၆)ပေ၊ ၈၂ ခန်း ၁ ခန်းလျှင် - ၁၉၃ သိန်း
(၁၆) ရင်ပြင်တော် ပင်မတံတား(၁၀ ပေခန်း) ၉ ခန်း ၁ ခန်းလျှင် - ၁၃၂၂ သိန်း
(၁၇) လမ်းမီးတိုင် (၉ မီတာ) ၁ တိုင်လျှင် - ၁၀ သိန်း
(၁၈) High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် - ၄၉၄ သိန်း
(၁၉) Garden Light(၁ မီတာ) ၁ တိုင်လျှင် - ၁.၂ သိန်း
(၂၀) ဆလိုက်မီး(၁၀ မီတာ) ၁ တိုင်လျှင် - ၁၈၅ သိန်း
(၂၁) ဂန္ဓကုဋိတိုက်(Solar) ၂၄ လုံး၊ ၁ လုံးလျှင် - ၄၈ သိန်း
(၂၂) ဓမ္မာရုံ(မီး/ရေ) ၁ လုံး - ၁၉၅ သိန်း
(၂၃) သုခမ္မာဇရပ်(မီး) ၆ လုံး၊ ၁ လုံးလျှင် - ၄၁ သိန်း
(၂၄) မော်ကွန်းတိုက်(မီး) ၁ လုံး - ၄၁ သိန်း
(၂၅) ဇာတ်ရုံ(မီး/ရေ) ၁ လုံး - ၉၉ သိန်း
(၂၆) ဂေါပကရုံး(မီး/ရေ) ၁ လုံး - ၁၁၀ သိန်း

၃။ သို့ဖြစ်ပါ၍ စေတနာရှင်ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့် အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများကိုထည့်ဝင်လိုပါက **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆** နှင့် **ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** သို့ အလှူငွေများအား ငွေသားဖြင့်လည်းကောင်း၊ Account Transfer ဖြင့်လည်းကောင်း ထည့်ဝင်လှူဒါန်းနိုင်ပါရန်နှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်-

(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅
(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၀၆

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပြည်ထောင်စုရာထူးဝန်အဖွဲ့
ကြေညာချက်အမှတ်၊ ၇ / ၂၀၂၁
၁၃၈၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၇ ရက်
( ၂၀၂၁ ခုနှစ်၊ ဇွန် လ ၁ ရက် )

အကြောင်းအရာ။ **ရေးဖြေစာမေးပွဲများ ကျင်းပမည့်ရက် အသိပေးကြေညာခြင်း**

၁။ ၂၀၂၀ ပြည့်နှစ်အတွင်း ကြော်ငြာခေါ်ယူခဲ့ပြီး COVID-19 ကူးစက်မြန်ရောဂါ အခြေအနေအရ စာမေးပွဲကျင်းပရန် ဆိုင်းငံ့ထားခဲ့သော ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ကြော်ငြာစာအမှတ်၊ ၃/၂၀၂၀ပါ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်း (၁၀)ခုမှ လစ်လပ်ရာထူး (၁၉၅)နေရာအတွက် ရေးဖြေစာမေးပွဲကို ၂၆-၆-၂၀၂၁ရက် (စနေနေ့)တွင် မြန်မာစာ ဘာသာရပ်ကို ၀၉:၀၀နာရီမှ၁၁:၀၀နာရီအထိလည်းကောင်း၊ အင်္ဂလိပ်စာဘာသာရပ်ကို ၁၃:၀၀နာရီမှ၁၅:၀၀နာရီအထိလည်းကောင်း၊ ၂၇-၆-၂၀၂၁ရက် (တနင်္ဂနွေနေ့)တွင် သုတရေးရာဘာသာရပ်ကို ၀၉:၀၀နာရီမှ ၁၁:၀၀နာရီအထိလည်းကောင်း၊ နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ မကွေးနှင့် မော်လမြိုင်စာစစ်ဌာန(၅)ခု၌ သတ်မှတ်နေ့ရက်၊ အချိန်များတွင် တစ်ပြိုင်တည်း ကျင်းပစစ်ဆေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

၂။ ဖြေဆိုသူများအတွက် စာမေးပွဲခုံအမှတ်စာရင်း၊ စာစစ်ဌာန၊ ဖြေဆိုခွင့်ကတ်ပြား ထုတ်ယူရမည့်နေ့ရက်နှင့်နေရာများကို ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ Website, Myanmar National Web Portal ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရုံးအမှတ်(၁၇) နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ မကွေးနှင့် မော်လမြိုင်မြို့များရှိ တိုင်းဒေသကြီး/ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံးများတွင် ၃-၆-၂၀၂၁ရက်နေ့မှစ၍ အသိပေး ကြေညာမည်ဖြစ်ပြီး ဖြေဆိုသူများအနေဖြင့် မိမိတို့၏ ခုံအမှတ်နှင့်စာစစ်ဌာနကို သိရှိပြီးဖြစ်ကြောင်း ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရုံးအမှတ်(၁၇)၊ နေပြည်တော် (ဖုန်း၊ ၀၆၇ - ၃၄၀၉၀၅၂၊ ၀၆၇ - ၃၄၀၉၄၃၀၊ ၀၉ - ၄၂၄၄၀၈၉၅၄၊ ၀၉- ၄၂၀၇၀၆၆၀၅၊ ၀၉- ၄၂၀၇၀၆၆၀၆၊ ၀၉-၂၆၂၅၀၂၉၈၈၊ ၀၉-၇၉၇၇၂၇၆၉၆နှင့် ၀၉-၇၈၁၂၈၆၇၇၈) သို့ ၃-၆-၂၀၂၁ရက်(ကြာသပတေးနေ့)မှ ၁၄-၆-၂၀၂၁ရက်(တနင်္လာနေ့)အတွင်း မပျက်မကွက် (မပျက်မကွက်) ဆက်သွယ်ဆောင်ရွက်ပေးရန် အသိပေးကြေညာအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန
## အလုပ်လျှောက်လွှာခေါ်ယူခြင်း

၁။ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနနှင့် တိုင်းရင်းသားအခွင့်အရေးများကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနတို့တွင် လစ်လပ်လျက်ရှိသော ဒုတိယဦးစီးမှူး(လစာနှုန်း ကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀)ရာထူး(၁၆)နေရာ အတွက် အောက်ပါပညာအရည်အချင်း သတ်မှတ်ချက်များနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

(က) **ပြည်ထောင်စုဝန်ကြီးရုံး**

| စဉ် | ရာထူး | လစ်လပ် | ပညာအရည်အချင်း |
|---|---|---|---|
| (၁) | ဒုတိယဦးစီးမှူး | ၃ နေရာ (နေပြည်တော်) | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီး ကွန်ပျူတာ/အင်္ဂလိပ်စာကျွမ်းကျင်သူ |

(ခ) **တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဦးစီးဌာန**၊ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)

| စဉ် | ရာထူး | လစ်လပ် | ပညာအရည်အချင်း |
|---|---|---|---|
| (၁) | ဒုတိယဦးစီးမှူး | ၃ နေရာ (ကျား-၁၊ မ-၂) | ဝိဇ္ဇာဘွဲ့(သဘင်)၊ B.A(Dramatic Arts) |
| (၂) | ဒုတိယဦးစီးမှူး(အဆို) | ၂ နေရာ (ကျား-၁၊ မ-၁) | ဝိဇ္ဇာဘွဲ့(ဂီတ)၊ B.A(Music) |
| (၃) | ဒုတိယဦးစီးမှူး(အတီး) | ၂ နေရာ (ကျား-၁၊ မ-၁) | ဝိဇ္ဇာဘွဲ့(ဂီတ)၊ B.A(Music) |

(ဂ) **တိုင်းရင်းသားအခွင့်အရေးများကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန**

| စဉ် | ရာထူး | လစ်လပ် | ပညာအရည်အချင်း |
|---|---|---|---|
| (၁) | ဒုတိယဦးစီးမှူး | ၆ နေရာ (နေပြည်တော်-၄၊ ရှမ်း-၁၊ တနင်္သာရီ-၁) | တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီး ကွန်ပျူတာကျွမ်းကျင်သူ (အင်္ဂလိပ်စာ၊ ဥပဒေ၊ မနုဿဗေဒ ဘွဲ့များကိုဦးစားပေး ရွေးချယ်မည်) |

၂။ လျှောက်ထားသူသည်-
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်။
(ခ) လျှောက်ထားသူသည် ၁၈- ၆- ၂၀၂၁ ရက်နေ့တွင်
(၁) အသက်(၁၈)နှစ်ပြည့်ပြီး ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက အသက်(၂၇)နှစ် (အစိုးရဝန်ထမ်း ဖြစ်ပါက အသက် ၃၅ နှစ်)ထက် မကျော်လွန်သူ ဖြစ်ရမည်။
(၂) တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဦးစီးဌာနမှ ခေါ်ယူသော(၇) နေရာအတွက် ပြင်ပ ပုဂ္ဂိုလ်ဖြစ်ပါက အသက် ၃၀ နှစ်(အစိုးရဝန်ထမ်း ဖြစ်ပါက အသက် ၃၅ နှစ်) ထက်မကျော်လွန်သူ ဖြစ်ရမည်။
(ဂ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
(ဃ) ရွေးချယ်ခြင်းခံရသူများသည် အနည်းဆုံး(၃)နှစ် တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ဝန်ခံကတိပြုလက်မှတ်ရေးထိုးနိုင်ရမည်။
(င) လျှောက်ထားသူတစ်ဦးလျှင် ဦးစီးဌာနတစ်ခုနှင့် ရာထူးတစ်မျိုးသာ လျှောက်ထားခွင့်ပြုမည်ဖြစ်သည်။
(စ) နေရာဒေသမရွေး တာဝန်ထမ်းဆောင်နိုင်ရမည်။

၃။ လျှောက်လွှာတွင် အောက်ပါအချက်များ ပြည့်စုံစွာ ဖော်ပြပါရှိရမည်-
(က) အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်
(ခ) မွေးသက္ကရာဇ်နှင့် အသက်
(ဂ) လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာ
(ဃ) ပညာအရည်အချင်း
(င) မိဘအမည်၊ အလုပ်အကိုင်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်
(စ) အိမ်ထောင် ရှိ/မရှိ
(ဆ) နေရပ်လိပ်စာ၊ ဖုန်းနံပါတ်
(ဇ) လျှောက်ထားမည့် ဦးစီးဌာနအမည်
(လျှောက်လွှာပုံစံများကို တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ Facebook Page: Ministry of Ethnic Affairs Myanmar တွင်လည်း ကြေညာထားမည် ဖြစ်ပါသည်။)

၄။ လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါအချက်အလက်များ ပြည့်စုံစွာ(ပူးတွဲ) ပါရှိရမည်-
(က) ပညာအရည်အချင်း အထောက်အထားမိတ္တူ (ဘွဲ့လက်မှတ်၊ ၁၀ တန်းအောင်လက်မှတ်)
(ခ) ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရဲစခန်း၏ ထောက်ခံစာမူရင်း (လွန်ခဲ့သော တစ်လအတွင်း)
(ဂ) လိပ်စာဖော်ပြပါဒေသတွင် အမှန်နေထိုင်ကြောင်းနှင့် အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံစာ မူရင်း
(ဃ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူမှန်
(င) ပြင်ပပုဂ္ဂိုလ်များအတွက် အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ
(စ) နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသည့် ဌာန၊ ရာထူး၊ လစာနှုန်း၊ သက်ဆိုင်ရာဌာန ခွင့်ပြုမိန့်မူရင်း
(ဆ) စာမေးပွဲဝင်ကြေးငွေကျပ် ၁၀၀၀ ပေးသွင်းထားသည့် ချလန်မူရင်း
(ဇ) ပတ်စ်ပို့ဓါတ်ပုံ(၃)ပုံ (လွန်ခဲ့သော ခြောက်လခန့်) (ဓါတ်ပုံကျောဘက်တွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်အမှတ် ရေးသားရန်)

၅။ နေပြည်တော်ရှိ လစ်လပ်ရာထူးနေရာများအတွက် လျှောက်ထားသူများသည် အလုပ် ခန့်အပ်ခြင်းခံရပါက မိမိအစီအစဉ်ဖြင့် နေထိုင်နိုင်သူဖြစ်ရမည်။

၆။ စာမေးပွဲဝင်ကြေးကျပ် ၁၀၀၀/-(ကျပ် တစ်ထောင်တိတိ)ကို မြို့နယ်များမှ လျှောက်ထားသူများသည် မိမိတို့မြို့နယ်များရှိ မြန်မာ့စီးပွားရေးဘဏ်(ရုံးခွဲ)များတွင် ဘဏ်ငွေလွှဲလက်မှတ် ပြုလုပ်၍ မြန်မာ့စီးပွားရေးဘဏ်ငွေစာရင်းအမှတ်(MD-013556)သို့ ပေးသွင်းရမည်။

၇။ လျှောက်လွှာများကို တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ရုံးအမှတ်(၁၄)၊ နေပြည်တော်၊ သို့ (၁၈-၆-၂၀၂၁)ရက်နေ့ထိ ရုံးချိန်အတွင်း နောက်ဆုံးထား ပေးပို့လျှောက်ထားရမည်။

၈။ သတ်မှတ်ရက်ထက် ကျော်လွန်၍ ရောက်ရှိလာသော လျှောက်လွှာများ၊ အရည်အချင်း သတ်မှတ်ချက်များနှင့် မကိုက်ညီသူများ၊ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်း အထောက်အထား မပြည့်စုံ သူများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။ ရေးဖြေစာမေးပွဲ အောင်မြင်သူများကို လူတွေ့စစ်ဆေးမှု ပြုလုပ်ပြီး ရွေးချယ်ခန့်ထားမည် ဖြစ်ပါသည်။ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)တွင် ခန့်ထားမည့် ရာထူးနေရာများအတွက် ရေးဖြေအောင်မြင်သူများကို လူတွေ့စစ်ဆေးခြင်း ဆောင်ရွက်ရာ၌ ကပြခြင်း၊ သီဆိုခြင်းနှင့် တီးခတ်ခြင်းများကိုပါ လက်တွေ့စစ်ဆေးသွားမည် ဖြစ်ပါသည်။

၉။ ဖြေဆိုခွင့်ရသူများ၏အမည်စာရင်း၊ ခုံအမှတ်၊ ဖြေဆိုမည့်နေ့ရက်နှင့် နေရာများကို ၂၈-၆- ၂၀၂၁ ရက်နေ့တွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ရုံးအမှတ်(၁၄)၊ နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီးရုံးကြော်ငြာသင်ပုန်းနှင့် Facebook Page: Ministry of Ethnic Affairs Myanmar တို့တွင် ကြေညာပေးထားမည်ဖြစ်ပါသည်။

၁၀။ လျှောက်ထားသူသည် ရေးဖြေစာမေးပွဲ ဖြေဆိုရမည်။ ရေးဖြေစာမေးပွဲတွင် အောက်ပါဘာသာရပ် (၂)ခုကို ဖြေဆိုရမည်-
(က) အင်္ဂလိပ်စာ (ခ) အထွေထွေဗဟုသုတ

၁၁။ အသေးစိတ်သိရှိလိုပါက တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ရုံးအမှတ် (၁၄)၊ နေပြည်တော် ဖုန်း (၀၆၇-၃၄၀၉၅၅၁)သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၃၂)၊ မြေကွက်အမှတ်(၁၉၅)၊ နှစ်(၆၀)ဂရန်မြေ၊ အကျယ်အဝန်း ပေ(၄၀ x ၆၀) အနက်မှ (ယင်းမြေကွက်၏ရှေ့မှမျက်နှာမူလျှင် လက်ယာဘက်အခြမ်း) ပေ(၂၀x၆၀) ရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၂)ရပ်ကွက်၊ ချမ်းမြေ့သာယာ(၄)လမ်း၊ အမှတ်(၁၉၅/ခ)ဟုခေါ်တွင်သော နေအိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့သည် ဦးကြည်နိုင်စိုး ၁၂/ဥကမ(နိုင်)၁၇၃၄၂၈နှင့် ဒေါ်သိမ့်သိမ့်စု ၁၂/ သဃက(နိုင်)၁၆၁၁၄၀တို့က တရားဝင်လက်ရောက်ရရှိပိုင်ဆိုင်ကြောင်း အဆိုပြုလျက် အပြီးအပိုင်ရောင်းချရန် ကမ်းလှမ်းလာသည့်အလျောက် ကျွန်ုပ်၏ မိတ်ဆွေများဖြစ်ကြသော ဦးသာတင်အောင် ၁၂/တမန(နိုင်)၀၁၆၄၇၉နှင့် ဒေါ်ခင်ဝင်းမော် ၁၂/မဂတ(နိုင်)၀၂၇၁၉၆ တို့က အပိုင်ဝယ်ယူရန် စရန်ငွေအချို့ကိုပေးချေပြီးဖြစ်ပါသည်။

အထက်အရောင်းအဝယ်ပါ ပစ္စည်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံ ခိုင်လုံသည့်စာချုပ်စာတမ်း အထောက်အထားများနှင့်တကွ ကန့်ကွက်နိုင်ပြီး သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသာတင်အောင်နှင့် ဒေါ်ခင်ဝင်းမော်တို့၏လွှဲအပ်ချက်အရ-**
**ဦးတင်မောင်ဆွေ B.A(Law)LL.B,D.B.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၄၆၄၃)**
**အမှတ်(၂၈၊ပထမထပ်)၊ ၃၈လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၅၀၀၉၁၆၇**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ကြီးပွားရေး/ မြောက်)၊ မြေကွက်အမှတ် ၁၀၄/ခ၊ မြေကွက်တည်နေရာအမှတ်(၁၀၄)၊ တပင်ရွှေထီးလမ်း၊ ကြီးပွားရေးရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ (ဦးရွှေကြည် EE.၀၀၃၇၂၈) အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက်ထံမှ [GP-၂၆၃၀၄/၂၀၁၃)]ရသူ ဦးကျော်မြင့် ၁၄/ညတန(နိုင်) ၀၁၁၃၇၀က အရောင်းမြေပုံကူးလျှောက်ထားလာရာ ဌာန၏ မြေစာရင်းမှတ်ချက်ပါ(၂၀၁၇) ခုနှစ်တွင်(GP)ဦးကျော်မြင့်မှ အရောင်းမြေပုံကူး လျှောက်ထားရယူခဲ့ပြီး ၎င်း(၂၀၁၇)အရောင်း မြေပုံသည် အရောင်းအဝယ်စာချုပ်ချုပ်ဆိုခဲ့ခြင်းမရှိဘဲ အထားအသိုမှားယွင်းကာ ပျောက်ဆုံး သွားပါကြောင်း၊ ၎င်းအရောင်း မြေပုံအား အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချ၊ ပေါင်နှံ၊ စွန့်လွှတ်၊ လှူဒါန်း၊ ပေးကမ်း၊ အာမခံအဖြစ် တင်သွင်းထားခြင်းမရှိပါကြောင်း၊ ၎င်းအရောင်းမြေပုံနှင့် ပတ်သက်၍ ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက တာဝန်ယူ ဖြေရှင်းပေးမည် ဖြစ်ပါကြောင်း ကျမ်းကျိန်လွှာအမှတ်(၉/၁၂၈၀/၉-၉-၂၀၂၀)၊ဂရန်မူရင်း၊ နိုင်/ကတ်တို့ပူးတွဲ၍ ပါဝါပေးသူ ယနေ့ထက်တိုင် သက်ရှိထင်ရှား ရှိကြောင်းနှင့် ပါဝါရုပ်သိမ်း ခြင်းမရှိသေးကြောင်း ကျမ်းကျိန်လွှာနှင့် (GP)အမှတ်(၂၆၃၀၄/၁၉-၁၂-၂၀၁၃)တို့နှင့်အတူ အရောင်း မြေပုံကူး ထပ်မံလျှောက်ထားလာခြင်းအပေါ် တရားဝင်ခိုင်လုံသော အထောက်အထားများ ဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက် မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ဝဏ္ဏ ဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၉/ပုဗ္ဗသီရိ အနောက်ရပ်မှ မြေရေိယာ ၀ ဒသမ ၀၅၅ ဧကရှိ မြေကွက်အမှတ် (ပ-၃၄၀၇၆) ဒေါ်ခိုင်မြတ်သူ ၁၂/ဒဂမ(နိုင်)၀၂၁၈၃၂ (ဘ)ဦးမျိုးအောင် အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်ကို ဒေါ်သူသူအောင် ၁၃/လရန(နိုင်)၀၈၂၁၄၅ (ဘ)ဦးအောင်မြင့်မှ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံ တင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာ အမှတ် (၁၂၇၇/၂၀၁၇)တင်ပြ၍ ဦးအောင်ခိုင် ၉/မခန(နိုင်)၁၈၆၂၈၃ နှင့် မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ် စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်း နှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၆/မြို့မရပ်၊ ဇဝနဒီပ ရပ်ကွက်မှ မြေရေိယာ ၀ ဒသမ ၁၁၀ဧကရှိ၊ နှစ် ၃၀ မြေငှားစာချုပ် မြေကွက်အမှတ် (ပ-၂၀၆၄၃) ၏မြေငှားစာချုပ် မူရင်းပျောက်ဆုံးသွားပါသဖြင့် မြေကွက်အမည် ပေါက် ဒေါ်မာမာ(ခ)ဒေါ်အေးအေးဝင်း ၁၂/သကတ(နိုင်)၀၃၈၅၁၇ (ဘ)ဦးထွန်း တင်မှ မြေငှားစာချုပ်မူရင်း ပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်း မိတ္တူ၊ ကိုယ်တိုင် ဝန်ခံကတိပြုချက်မူရင်း၊ ရပ်ကွက်ထောက်ခံ ချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ မြေငှားခပေးသွင်းထား သည့် ပြေစာမိတ္တူများတင်ပြပြီး နှစ် ၃၀ မြေငှားစာချုပ် မိတ္တူမှန်ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ် စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ပျောက်ဆုံးသွားသော နှစ် ၃၀မြေငှား စာချုပ်မူရင်းအား ပယ်ဖျက်၍ မိတ္တူမှန်လျှောက်ထားလာမှုအား ဆက်လက် ဆောင်ရွက် ပေးသွား မည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မင်းဓမ္မလမ်းရှိ ရွှေကမ္ဘာအဆင့်မြင့် အိမ်ရာ၊ တိုက်အမှတ်(B6)၊ (၂)ခန်းတွဲ (၅)ထပ်တိုက်အဆောက်အအုံမှ အခန်းအမှတ် (302)၊ တတိယထပ်တိုက်ခန်းသည် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ နှင့် ရွှေကမ္ဘာ မောင်မောင်ဆောက်လုပ်ရေး လီမိတက်တို့အကျိုးတူ တည်ဆောက်ခဲ့ ရာမှ ရွှေကမ္ဘာမောင်မောင် ဆောက်လုပ်ရေးလီမိတက်မှ အကျိုးခံစားခွင့်ရရှိခဲ့သော တိုက်ခန်းဖြစ်ပါသည်။ ရွှေကမ္ဘာမောင်မောင် ဆောက်လုပ်ရေးလီမိတက်၏ အုပ်ချုပ်မှု ဒါရိုက်တာဦးမောင်မောင် ၁၂/ပဘတ(နိုင်)၀၂၂၅၂၆ထံမှ ဒေါ်နီလာမြင့် ၁/မမန(နိုင်) ၀၀၀၁၄၉က (၃၀-၇-၂၀၁၃)ရက်တွင် တရားဝင် ဝယ်ယူပြီးလက်ရှိပိုင် ဆိုင်လျက်ရှိပါ သည်။ ဒေါ်နီလာမြင့်ထံမှ ဦးခွန်ကျော်ဝင်းမြင့် ၁၃/တကန(နိုင်)၂၄၉၉၆၅က ဝယ်ယူရန် အတွက် စရန်ငွေပေးချေထားပြီးဖြစ်ရာ အဆိုပါတိုက်ခန်းနှင့် ပတ်သက်၍ ကန့်ကွက် လိုသူများရှိပါက တရားဝင်ခိုင်လုံသော အထောက်အထား စာချုပ်မူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင် ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါက တိုက်ခန်းအရောင်း အဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

**ဦးခွန်ကျော်ဝင်းမြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်မာလာ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၅၂၀)**
**တိုက်(၅)၊ အခန်း(၀၀၈)၊ အေးရိပ်မွန်(၉)လမ်း၊ (၅)ရပ်ကွက်၊ လှိုင်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၅၁၈၁၈၂၀၊ ၀၁-၅၃၀၁၉၀**

## ကန့်ကွက်နိုင်ပါသည်

မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်၊ အုံးဖုံးကျေးရွာအုပ်စု၊ လိပ်ကျကျေးရွာနေ ဦးအောင်နိုင် ၉/စကန(နိုင်)၀၀၆၆၄၂ ပိုင်ဆိုင်သော မြေကွက်ပေါ်တွင် အဆောက်အအုံ ဆောက်လုပ်မည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှ ရက်ပေါင်း ၃၀ အတွင်း အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဦးအောင်နိုင်**
**လိပ်ကျကျေးရွာ**

## ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို မူပိုင်ဖြစ်ကြောင်း အများသိစေရန် ကြေညာခြင်း

ပျဉ်းမနားမြို့၊ ရွာကောက်အုပ်စု၊ပေါင်းလောင်း(၁) ရပ်ကွက်၊ ရန်ကုန်-မန္တလေး လမ်းဟောင်းဘေး၊ အမှတ် (၁၄/၅၈၄) တွင်တည်ရှိသော ကျွန်ုပ်၏မိတ်ဆွေ ကုမ္ပဏီဖြစ်သည့် Rocket T.Z Group Co .,Ltd ဦးသိန်းဇော် ၉/ ပမန(နိုင်)၁၄၆၂၁၀ သည် အောက်ဖော်ပြပါအမည်နှင့် တံဆိပ်အမှတ်အသားများ မူပိုင်အဖြစ် အသုံးပြုရန်အတွက် နေပြည်တော်စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် စာချုပ်အမှတ် ၂-၂-၆/၂၀၁၈ ဖြင့် မှတ်ပုံတင်တင်သွင်းပြီးဖြစ်ပါသည်။

Sindoh

Rocket T.Z Group Company Limited သည် အထက်အမည်ပါ တံဆိပ်အမှတ်အသားဖြင့် Sindoh International Brand အမှတ်တံဆိပ်ပါ Copier, Printer, Scanner, Projector စသည်ဖြင့် စက်နှင့်အပိုပစ္စည်းအမျိုးမျိုးကို မြန်မာနိုင်ငံအတွင်းတွင် မူပိုင်အဖြစ် လုပ်ကိုင်သွားမည်ဖြစ် ပါသည်။ သို့ဖြစ်ပါ၍ ဖော်ပြပါ အမည်နှင့် တံဆိပ် အမှတ်အသားများကို မည်သူမျှ သံတူကြောင်းကွဲ၊ ပုံတူပုံမှား၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှား ဖြစ်အောင်တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ပြုလုပ်သုံးစွဲခြင်း မပြုရန်နှင့် ထိုသို့ပြုလုပ်သုံးစွဲသည်ကို တွေ့ရှိပါက တည်ဆဲဥပဒေအရထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**လွှဲပြောင်းညွှန်ကြားချက်အရ-**
**ဒေါ်သရဖီမြင့်ဆွေ LL.B(ဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၁၈၇၆)**
**မိုးဝေ ၄၂လမ်း၊ ဒက္ခိဏသီရိမြို့နယ်၊နေပြည်တော်၊ ဖုန်း- ၀၉- ၉၅၃၀၁၆၅၉၇**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 15W/81027 , Honda Dream M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်မာရင် ၁၃/ကတန(နိုင်)၀၀၀၁၃၇ က(ကမ-၃) ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ (၁)လ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တွဲဖက် ပြည်နယ်ရုံး(ကျိုင်းတုံ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9P/6851, Ford Fiesta Sport ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းလှအောင် ၁၃/နစန(နိုင်)၀၇၆၉၀၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး(တာချီလိတ်)**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးကျော်စိုး ၁/မကန(နိုင်)၀၉၀၃၈၃ ၏ PassPort No (မမှတ်မိ)သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။

**ဖုန်း- ၀၉- ၄၁၀၀၀၇၁၈၂**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၆ယ/၆၆၈၈၅ ယာဉ်လက်ဝယ်ရှိသူ ဦးခင်စိုး ၁၀/ခဆန(နိုင်)၀၇၁၇၀၇က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး**
**(မော်လမြိုင်မြို့)**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်
## ၂၀၂၀ပြည့်နှစ် တရားမကြီးမှုအမှတ်-၃၉၀

ဒေါ်သန်းငွေး **နှင့်** ဒေါ်ခင်ပြုံးထွေး
**တရားလို** **တရားပြိုင်**


ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဖိနပ်စက်ရုံ(ခဲခြံ) ဝန်ထမ်းအိမ်ရာ နေ ဒေါ်ခင်ပြုံးထွေး(ယခု နေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက ပေးအပ်ထားသည့်ငွေကျပ် သိန်း(၃၅၀၀)နှင့် နစ်နာကြေးငွေကျပ်သိန်း(၅၀၀) စုစုပေါင်းငွေကျပ်သိန်း(၄၀၀၀)တိတိ ရလိုကြောင်း လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၁ခုနှစ် ဇွန် ၂၂ ရက် (၁၃၈၃ခုနှစ် နယုန်လဆန်း ၁၃ရက်) မွန်းမတည့် မီ ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှု မဆိုင်မီလေးရက် တင်သွင်းရမည်။

၂၀၂၁ခုနှစ် မေ ၂၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(လှလှသောင်း)**
**ဒုတိယခရိုင်တရားသူကြီး(၁၄)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

# အမှန်နဲ့အမှား၊ ဓမ္မနဲ့အဓမ္မ
## ပြည်သူတွေကွဲပြားကြဖို့လိုပါပြီ
နှင့်
## အခြားဆောင်းပါးများ



စာအုပ်

# ထွက်ရှိပါပြီ

**ရရှိနိုင်သောနေရာများ**

- **သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင်**
  အမှတ်(၁၇၃/၁၇၅)၊ ပန်းဆိုးတန်းလမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
  ဖုန်း ၀၁-၈၂၄၈၁၀၂
- **စာပေဗိမာန်စာအုပ်ဆိုင် (နေပြည်တော်)**
  အမှတ်(တ-၅၅)၊ သပြေကုန်းဈေး၊ ဇဗ္ဗူသီရိမြို့နယ်၊ နေပြည်တော်။ ဖုန်း ၀၆၇-၃၄၁၄၆၈၁
- **စာပေဗိမာန်စာအုပ်ဆိုင် (ရန်ကုန်)**
  အမှတ်(၅၂၉/၅၃၁)၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၈၃၈၁၄၄၈
- **စာပေဗိမာန်စာအုပ်ဆိုင် (မန္တလေး)**
  ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂လမ်းကြား၊ အောင်မြေသာဇံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၂-၄၀၃၀၁၈၆


## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဒဂုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၄)၊ ပုဂံလမ်း၊ မြေကွက်အမှတ်-၁၁၂၈(က)ဟုခေါ်တွင်သော မြေအကျယ်အဝန်း(၂၀x၆၀)ပေရှိ (ဦးအောင်မြင့်-SPY-070402)အမည်ဖြင့် မှတ်သားတည်ရှိသော ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နှစ်ထပ်နေအိမ်အဆောက်အအုံ၊ ရေ၊ မီးအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးအောင်သိန်း ၁၄/ဝခမ(နိုင်)၀၀၂၅၅၆ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးခိုင်လင်း ၁၂/လမန(နိုင်)၀၄၇၆၂၁က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေများအနက်မှ စရန် ငွေပေးချေပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်းမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးလွင်ကိုကိုဦး(ဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၁၆၂)**
**(ရုံး)ရှေ့နေများရုံးခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊**
**ဖုန်း-၀၉-၂၅၀၆၅၃၂၁၈**

## ဦးမင်းဇော်၁၂/တမန(နိုင်) ၀၀၃၉၉၁နှင့်စပ်လျဉ်း၍အများသိစေရန်

ကျွန်ုပ်မိတ်ဆွေ ဒေါ်စန္ဒာဝင်း ၁၂/စခန(နိုင်)၀၈၂၉၁၇သည်ဦးမင်းဇော်၏ ခယ်မတော်စပ်သူတစ်ဦးသာဖြစ်ပြီး တစ်အိမ်တည်း နေထိုင်သူမဟုတ်၍ ဦးမင်းဇော်ပြုမူဆောင်ရွက်ခဲ့မှုများအား သိရှိနိုင်သူတစ်ဦး မဟုတ်သကဲ့သို့ သက်ဆိုင်သူလည်းမဟုတ်ပါ။ ထို့အပြင်ဒေါ်စန္ဒာဝင်း၏ဖခင်ဦးဘော်ဆင်ဒရောသည်လည်းစရီစရီဒူဂါဘာရီ ဘုရားကျောင်းမှ ဂုဏ်သရေရှိ ပရောဟိတ်တစ်ဦးဖြစ်ပြီးယခုအခါ လူပုဂ္ဂိုလ်အချို့မှ ဦးမင်းဇော်နှင့်စပ်လျဉ်း၍ ကျွန်ုပ်မိတ်ဆွေ ဒေါ်စန္ဒာဝင်းထံသို့လည်းကောင်း၊ ၎င်းဖခင် အလုပ်လုပ်ကိုင်သော စရီစရီဒူဂါဘာရီ ဘုရားကျောင်းသို့လည်းကောင်း လာရောက်၍ ဥပဒေဘောင်ကျော်ပြီးသိက္ခာကျစေရန်ရည်ရွယ်ချက်ဖြင့် ပြောဆိုပြုမူဆောင်ရွက်ခြင်း၊ ခြိမ်းခြောက်ခြင်းများပြုလုပ်နေသဖြင့် ကျွန်ုပ်မိတ်ဆွေတွင်များစွာနစ်နာလျက်ရှိနေသည့်အတွက် ကျွန်ုပ်မိတ်ဆွေ၏မိသားစုနှင့်စပ်လျဉ်းပြီး ဂုဏ်သရေပျက်ပြားစေ ခြင်း၊ ခြိမ်းခြောက်ခြင်းတစ်စုံတစ်ရာထပ်မံပြုမူပါက တည်ဆဲဥပဒေများနှင့်အညီ ပြင်းထန်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးနေလင်းအောင်**
**အထက်တန်းရှေ့နေ (စဉ်-၂၆၆၇၃/၀၇)**
**အခန်း(E-14)၊ ပထမထပ်၊အမှတ်(၅၀)၊ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး**

## ဂရန်ပျောက်ဆုံးခြင်းနှင့်ကန့်ကွက်နိုင်ပါကြောင်း

တာချီလိတ်မြို့နယ်၊ မကာဟိုခမ်းရပ်ကွက်၊ ကွင်းအမှတ်(၃)၊ ကွင်းအမည် မြို့ကွက်သစ်အပိုင်း(င)၊ မေဖလားဝါးအိမ်ရာမြေကွက်၊ ဦးပိုင်အမှတ်(၁၉၃)၊ ဂရန်အမှတ်တွဲအမှတ်(၁၄၅/၉၈)၊ ဧရိယာ (၀ဒသမ ၀၅၅)ဧက၊ ဦးပိုင်အမှတ်(၁၉၄)၊ ဂရန်အမှတ်တွဲ အမှတ် (၁၄၆/၉၈)၊ ဧရိယာ (၀ဒသမ ၀၅၅)ဧက၊ ဦးပိုင်အမှတ်(၁၉၅)၊ ဂရန်အမှတ်တွဲ အမှတ် (၁၄၇/၉၈)၊ ဧရိယာ (၀ဒသမ ၀၅၅)ဧကရှိ ဒေါ်နန်းဟိန်း ၁၃/ကတန(နိုင်)၀၁၇၃၈၆ အမည်ပေါက် နှစ်(၃၀) ကျေးရွာမြေငှားဂရန်မူရင်း ပျောက်ဆုံးသွားပါသဖြင့် ယခု ကျွန်မ ဒေါ်နန်းဖောင်း ၁၃/ကတန(နိုင်)၀၀၀၇၈၃ အမည်ဖြင့် ကျေးရွာမြေငှားဂရန် ပြန်လျှောက်ထားရာတွင် ပြန်လည်တင်ပြနိုင်ရန်အတွက် တွေ့ရှိသူနှင့် ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှစ၍ ရက်(၃၀) အတွင်း လာရောက် ဆက်သွယ်ပေးအပ်နိုင်ပါရန် ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းများနှင့်အတူ ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**ဒေါ်နန်းဖောင်း**
**၁၃/ကတန(နိုင်)၀၀၀၇၈၃၊**
**မကာဟိုခမ်းရပ်၊ တာချီလိတ်မြို့**

## ပညာရေးဝန်ကြီးဌာန
## မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကားဦးစီးဌာန
## ရုံးအမှတ် ၅၂၊ နေပြည်တော်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကားဦးစီးဌာနက ထုတ်ဝေမည့် အောက်ဖော်ပြပါ စာအုပ်များကို ပုံနှိပ်လိုပါသဖြင့် စိတ်ပါဝင်စားသော ပုံနှိပ်တိုက်များကို အိတ်ဖွင့်တင်ဒါခေါ်အပ်ပါသည်-

(၁) မြန်မာ-အင်္ဂလိပ်-တိုင်းရင်းသား ပုံပြအဘိဓာန်များ
(၂) မြန်မာ-အင်္ဂလိပ်ဝေါဟာရပုံပြကားချပ်များ
(၃) စိတ်စွမ်းအားဖြည့် နှလုံးသားအာဟာရစာစုများ
(၄) မြန်မာစာမြန်မာစကား

၂။ တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ၁-၆-၂၀၂၁ရက်မှစတင်၍ မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကားဦးစီးဌာန၊ ရုံးအမှတ် ၅၂၊ နေပြည်တော်နှင့် မြန်မာစာအဖွဲ့ရုံး၊ အင်းလျားလမ်းနှင့် ဇော်ဂျီလမ်းထောင့်၊ ကမာရွတ်မြို့နယ်တို့တွင် ရောင်းချမည်ဖြစ်ပြီး ချိတ်ပိတ်ထားသော တင်ဒါဈေးနှုန်းတင်သွင်းလွှာများကို စာအိတ် A နှင့် စာအိတ် B ဖြင့် ထည့်သွင်းလျက် ၃၀-၆-၂၀၂၁ရက် ညနေ ၄:၃၀နာရီ နောက်ဆုံးထား၍ မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကားဦးစီးဌာန၊ ရုံးအမှတ် ၅၂၊ နေပြည်တော်သို့ ပြန်လည်တင်သွင်းရပါမည်။

၃။ အသေးစိတ် သိရှိလိုသောအချက်များကို dmnl.gov.mmတွင်ကြည့်ရှုနိုင်ပါသည်။ ရုံးအမှတ်-၅၂၊ နေပြည်တော်သို့ လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်း-၀၆၇-၃၄၃၀၁၅၂ သို့လည်းကောင်း ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ တာချီလိတ်မြို့၊ ဆန်ဆိုင်း(ခ) ရပ်ကွက်၊(၄)လမ်း၊အိမ်အမှတ်(၅/၉၂)နေ(ဘ) ဦးကျဖူး၏သမီးဖြစ်သူ မရီရှင်း၊ အသက်(၂၇/၂၀၂၁)နှစ်၊ ၁၃/ကတန(နိုင်)၀၈၁၈၂၅၊ လီရှောလူမျိုး၊ ဗုဒ္ဓဘာသာကိုးကွယ်သူ အလုပ်အကိုင် ဈေးရောင်းသည် ၁၀-၃-၂၀၁၈ ရက်တွင် ဦးလီထိုက်ယုံ(ဘ) ဦးလီကျိန်းယုံ ၁၃/လကန(နိုင်)၀၀၉၄၄၆ ကိုင်ဆောင်သူနှင့် အကြင်လင်မယားအဖြစ် လက်ထပ်ပေါင်းသင်းနေထိုင်ခဲ့ပြီး သမီးတစ်ဦးနှင့် သားတစ်ဦးထွန်းကားခဲ့ပါသည်။ ခင်ပွန်းဖြစ်သူ ဦးလီထိုက်ယုံသည် ၁၃-၂-၂၀၂၀ ရက်တွင် ရုတ်တရက် ကွယ်လွန်သွားခဲ့ပါသည်။ ကျွန်မ မရီရှင်းသည် ကွယ်လွန်သူ ဦးလီထိုက်ယုံ၏ တစ်ဦးတည်းသော တရားဝင်ဇနီးမယားဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသိန်းထွန်း(LL.B)**
**အထက်တန်းရှေ့နေ**
**စဉ်-၂၀၉၅၆ (၈-၇-၁၉၉၉)**
**အမှတ်(၄၂၄)၊ မယ်ခေါင်ရပ်ကွက်၊ တာချီလိတ်မြို့၊**
**ဖုန်း-၀၉-၄၂၉၀၃၂၉၁၄၊ ၀၉-၄၄၄၂၉၆၄၁၁**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၉ယ/၅၇၁၇၇ ယာဉ်လက်ဝယ်ရှိသူ ဦးစိုးသူ ၁၀/မလမ(နိုင်) ၂၇၆၁၀၇က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်မြို့)**

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါ ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည် -

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် |
|---|---|---|
| ၁ | ၁၇၀/မမ/CE | (1"x1½")အရွယ် (စက်ခွဲ)လမ်းခင်းကျောက် (၇၆၅၀)ကျင်းအား အောက်ပါဘူတာများအရောက် ဝယ်ယူရန် -<br>(က) တောင်ကြီးဘူတာ - ၂၅၅၀ ကျင်း<br>(ခ) နောင်ကားဘူတာ - ၂၅၅၀ ကျင်း<br>(ဂ) ကတ္တူဘူတာ - ၂၅၅၀ ကျင်း |

တင်ဒါပိတ်မည့် နေ့/အချိန် - (၁၄.၆.၂၀၂၁) (၁၄:၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၃၁.၅.၂၀၂၁)ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့မေးမြန်းနိုင်ပါသည်။

ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း 294352, 291985, 291994

## ဦးသစ်လွင်ဦး ၇/ပခန(နိုင်)၀၄၂၂၈၀၊ ဦးကြည်သိန်း ၁၂/ဥကတ(နိုင်)၀၃၉၁၉၁၊ ဒေါ်သက်သက်မော် ၁၂/ဥကတ(နိုင်)၀၀၆၈၆၀၊ ဦးစိန်လှ(ခ)ဦးပြည်သူ (တရားလွှတ်တော်ရှေ့နေ)တို့၏ ၂၈-၅-၂၀၂၁ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၊ စာမျက်နှာ-၃၀ပါ ကြေညာချက်အပေါ် ပြန်လည်ဖြေရှင်းခြင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၁၅)ရပ်ကွက်၊ မဟာဗန္ဓုလ လမ်း၊ အမှတ်(၉၆၅)နေ ဦးကျိန်းချိုင် ၁၃/လရန(နိုင်)၁၀၃၀၇၈၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းပြန်လည်ဖြေရှင်း၍ အများသိစေရန်ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (သကမ/၁၅)၊ မြေကွက်အမှတ်(၃၆/ခ)၊ မြေဧရိယာ ၀ ဒသမ ၀၂၇၅ဧကရှိ နှစ်(၆၀)ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (BN)အမျိုးအစားနှစ်ထပ်တိုက်တစ်လုံးနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးသစ်လွင်ဦးနှင့် ဦးသစ်လွင်ဦး၏ အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ ဦးကြည်သိန်းတို့က ကျွန်ုပ်တို့၏အမှုသည်ဖြစ်သူ ဦးကျိန်းချိုင်သို့ ငွေကျပ် ၁၁၂၅၀၀၀၀၀/-(ငွေကျပ်တစ်ထောင့်တစ်ရာနှစ်ဆယ့်ငါးသိန်းတိတိ)ဖြင့် ရောင်းချရန်သဘောတူညီခဲ့ကြရာ ကျွန်ုပ်တို့၏အမှုသည်မှ ၃၀-၁-၂၀၂၁ရက်တွင် မြေနှင့် အဆောက်အအုံအရောင်းအဝယ် စရန်ပေးကတိစာချုပ်ချုပ်ဆိုကာ စရန်ငွေကျပ် ၇၀၀၀၀၀၀၀/-(ငွေကျပ်သိန်းခုနစ်ဆယ်တိတိ)ကိုလည်းကောင်း၊ ၂-၂-၂၀၂၁ရက်တွင် ဒုတိယအရစ်စရန်ငွေကျပ် ၂၃၀၀၀၀၀၀/-(ငွေကျပ်သိန်းနှစ်ရာ့သုံးဆယ်တိတိ)ကိုလည်း ကောင်း ကျွန်ုပ်တို့၏အမှုသည်မှ ရောင်းချသူများအားပေးချေခဲ့ရာ ရောင်းချသူများဖြစ်ကြသည့် ဦးသစ်လွင်ဦးနှင့် ဦးသစ်လွင်ဦး၏ အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ ဦးကြည်သိန်းတို့က လက်ခံရယူခဲ့ပြီးဖြစ်ပါသည်။

ထိုစရန်ပေးကတိစာချုပ်၏ အပိုဒ်ခွဲ(၈)တွင် သဘောတူထားသည့် အတိုင်း ရောင်းချသူများဘက်မှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ မြေရာဇဝင်ကူးယူခြင်းနှင့် အထူးကိုယ်စားလှယ်လွှဲစာအားလုပ်ဆောင်ရန် သက်ဆိုင်ရာရုံးများတွင် လျှောက်ထားခဲ့ပြီးဖြစ်သော်လည်း ၁-၂-၂၀၂၁ရက်တွင် နိုင်ငံတော်၏အရေးပေါ်အခြေအနေများအရ သက်ဆိုင်ရာရုံးဌာနများ ခေတ္တပိတ်ထားသည့်အတွက် အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန် မြေပုံမြေရာဇဝင်ကူးယူခြင်းနှင့် အထူးကိုယ်စားလှယ်လွှဲစာတို့အား ပြုလုပ်ဆောင်ရွက်နိုင်ခြင်းမရှိခဲ့ပါ။ ထိုကဲ့သို့ရောင်းသူများဘက်မှ အစိုးရရုံးများပိတ်နေ၍ အခက်အခဲများဖြစ်ခဲ့ရပြီး စရန်ပေးစာချုပ်၏အပိုဒ်ခွဲ(၈)တွင် ဖော်ပြထားသောသဘော တူညီမှုအား လုပ်ဆောင်နိုင်ခြင်းမရှိခဲ့ပါ။

ဦးသစ်လွင်ဦးနှင့် ဦးသစ်လွင်ဦး၏ အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ ဦးကြည်သိန်းတို့က ၃၁-၁-၂၀၂၁ရက်စွဲပါ စရန်ပေးကတိစာချုပ်အရ ရောင်းချထားသော မြေနှင့်အိမ်အား အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ ထပ်မံရောင်းချခြင်း၊ ပေးကမ်းခြင်း၊ ပေါင်နှံခြင်း၊ လှူဒါန်းခြင်းအပါအဝင် မည်သည့်လွှဲပြောင်းမှုမျိုးကိုမျှမပြုလုပ်ရန် ဝယ်သူကျွန်ုပ်တို့၏အမှုသည် ဦးကျိန်းချိုင်မှ အများသိစေရန် ကြေညာအပ်ပါသည်။

ယခုအချိန်တွင် အစိုးရရုံးဌာနများပြန်လည်ဖွင့်လှစ်လာပြီဖြစ်၍ ရောင်းသူများမှ ရောင်းချသည့်မြေကွက်နှင့်ပတ်သက်သည့် မြေပုံမြေရာဇဝင်နှင့်အတူ ကျွန်ုပ်တို့၏အမှုသည်ထံသို့ အထူးကိုယ်စားလှယ်လွှဲစာပေးအပ်ပြီး စာချုပ်စာတမ်းမူရင်းများနှင့်အတူ ရောင်းချသည့်မြေနှင့် အဆောက်အအုံကို ကျွန်ုပ်တို့၏အမှုသည်ထံသို့ လာရောက်ပေးအပ်သွားရန်တာဝန်ရှိနေပါသည်။ ကျွန်ုပ်တို့၏အမှုသည်မှလည်း စရန်ပေးစာချုပ်၏ အပိုဒ်ခွဲ(၈)ပါ သဘောတူညီမှုအတိုင်း ရောင်းချသည့်မြေကွက်နှင့်ပတ်သက် သည့် မြေပုံမြေရာဇဝင်နှင့်အတူ ကျွန်ုပ်တို့၏အမှုသည်ထံသို့ အထူးကိုယ်စားလှယ်လွှဲစာပေးအပ်ပြီး စာချုပ်စာတမ်းမူရင်းများနှင့်အတူ ရောင်းချသည့်မြေနှင့် အဆောက်အအုံကို လက်ရောက်ပေးအပ်ပါက ရောင်းဖိုးကျန်ငွေကျပ် ၈၂၅၀၀၀၀၀/-(ငွေကျပ်ရှစ်ရာနှစ်ဆယ့်ငါးသိန်းတိတိ)ကို ကျွန်ုပ်တို့၏အမှုသည်မှ ပေးချေရန်အဆင်သင့်ရှိနေပြီဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဦးသစ်လွင်ဦးနှင့် ဦးသစ်လွင်ဦး၏ အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ ဦးကြည်သိန်းတို့အနေဖြင့် စရန်ပေးစာချုပ်၏ အပိုဒ်ခွဲ(၈)ပါ သဘောတူညီမှုအတိုင်း အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံမြေရာဇဝင်နှင့် အထူးကိုယ်စားလှယ်လွှဲစာတို့အား ပြုလုပ်ဆောင်ရွက်နိုင်ရန် ၁၄-၆-၂၀၂၁ရက်နောက်ဆုံးထား၍ ကျွန်ုပ်တို့၏အမှုသည်ထံ ဆက်သွယ်ဆောင်ရွက်ပေးရန်နှင့် အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်ရန် အသိပေးအကြောင်းကြားအပ်ပါသည်။ အကယ်၍အကြောင်းကြားသည့်အတိုင်း ဆောင်ရွက်ပေးခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်ပေးရန် ကျွန်ုပ်တို့အား လွှဲအပ်ညွှန်ကြားထားပြီးဖြစ်ကြောင်း ဦးသစ်လွင်ဦး၊ ဦးကြည်သိန်း၊ ဒေါ်သက်သက်မော်နှင့် ဦးစိန်လှ(ခ)ဦးပြည်သူတို့နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

| | | |
|---|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** | |
| **ဦးကျိန်းချိုင်** | **ဦးတင်ထွန်း(LL.B,)** | **ဦးဝေယံဦး(LL.B,WIPO(Switzerland))** |
| **၁၃/လရန(နိုင်)၁၀၃၀၇၈** | **(တရားလွှတ်တော်ရှေ့နေ)** | **(တရားလွှတ်တော်ရှေ့နေ)** |
| | **စဉ်-၄၂၉၆(၂၉-၁၀-၁၉၈၇)** | **စဉ်-၁၄၁၃၆(၁၆-၁-၂၀၁၈)** |

**အမှတ်(၄၆)၊ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၄၃၁၆၃၅၂၉၊ ၀၉-၇၅၅၃၈၁၆၅၁၊ ၀၉-၄၂၀၀၁၁၅၇၂၊ ၀၉-၇၉၁၆၆၂၇၅၅**

## အမည်ပြောင်း

မကွေးမြို့နယ်၊ စမ်းမကြီးကျေးရွာ၊ အမှတ်(၄၂)၊ အထက(ခွဲ)မှ Grade-6 (စနစ်ဟောင်း)အောင်မြင်ခဲ့သော ဦးသက်ခိုင် ၈/မကန(နိုင်) ၁၃၉၂၈၁၏သမီး မပိုးဇာခြည်အောင်အား မကြည်နူးခေတ်ဟု ပြောင်းလဲခေါ်ပါရန်။

**မကြည်နူးခေတ်**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၃၇ယ/၁၇၈၂၉၊ Honda Scoopyi-110 ယာဉ်လက်ဝယ်ရှိသူ ဦးညွန့်ဝင်း ၈/မကန(နိုင်)၀၇၉၇၅၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ဆက်သွယ် ဆောင်ရွက်ပါရန်။

**ကညန၊ တိုင်းရုံး(မကွေး)**

## အများသိစေရန်ကြေညာခြင်း

ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်၊ ရွှေကူမြို့နယ်၊ အမှတ်(၂)ရပ်ကွက် မော်လမြိုင်မြို့၊ အကွက်အမှတ်(၁၈)၊ ဦးပိုင်အမှတ်(၈၀)၊မြေဧရိယာ ၀ဒသမ ၀၅၀ ဧကရှိ ဒေါ်လှသိန်း ၁/ရကန(နိုင်) ၀၀၇၀၃၂ပိုင်မြေနေရာအား ဒေါ်လှသိန်းက ဒေါ်ခင်ရွှေထံမှအပြီး အပိုင်ဝယ်ယူခဲ့ပြီး လွန်ခဲ့သော နှစ်၆၀မှစတင်၍ ပိုင်ဆိုင်နေထိုင်ခဲ့ပြီး ဖြစ်ပါသည်။ ၎င်းမြေနေရာနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဒေါ်စန်းစန်းအေး၊ အမှတ်(၄) ရပ်ကွက်၊ စက်ကုန်းနေအိမ်သို့ အထောက်အထားခိုင်လုံစွာဖြင့် ကြော်ငြာသည့်ရက်မှစ၍ (၁)လအတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်စန်းစန်းအေး**
**၁/ရကန(နိုင်)၀၄၇၁၂၈**
**အမှတ်(၄)၊ စက်ကုန်း**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 6L/8027, Toyota Wish ZGE-20 ယာဉ်လက်ဝယ်ရှိသူ ဦးညီညီနိုင် ၈/မကန(နိုင်)၁၂၃၅၅၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ဆက်သွယ် ဆောင်ရွက်ပါရန်။

**ကညန၊ တိုင်းရုံး(မကွေး)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1L/7005 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မုံရွာမြို့၊ စက်မှုဇုန်ရပ်ကွက်နေ ဒေါ်နိုင်နိုင်မော် ၅/မရန(နိုင်)၁၆၅၆၉၆ မှ အောက်ဖော်ပြပါဝင်းမြေများအား အမည်ပြောင်း စက်မှုစီးပွား လျှောက်ထားလာပါသည်-

| စဉ် | အမည် | အမှုတွဲအမှတ် | ဦးပိုင်အမှတ် | ဧရိယာ | သက်တမ်း |
|---|---|---|---|---|---|
| ၁ | ဒေါ်ခင်စန်း | ၃၈၀၇/၁၉၉၅-၁၉၉၆ | ဇီဇဝါလမ်း-၁၁၈ | ၀.၁၁၀ | (၃၀-၁-၁၉၉၅) မှ (၂၉-၁-၂၀၂၅)ထိ |
| ၂ | ဒေါ်စန်းဦး | ၃၉၆၆/၁၉၉၅-၁၉၉၆ | ဇီဇဝါလမ်း-၁၂၀ | ၀.၁၁၀ | (၁၇-၃-၁၉၉၅) မှ (၁၆-၃-၂၀၂၅)ထိ |
| ၃ | ဒေါ်ဝင်းမော် | ၃၈၀၆/၁၉၉၅-၁၉၉၆ | ဇီဇဝါလမ်း-၁၂၁ | ၀.၁၁၀ | (၃၀-၁-၁၉၉၅) မှ (၂၉-၁-၂၀၂၅)ထိ |
| ၄ | ဒေါ်မြင့်မြင့်တင် | ၃၈၀၅/၁၉၉၅-၁၉၉၆ | ၄၃လမ်း-၆၀ | ၀.၁၁၀ | (၃၀-၁-၁၉၉၅) မှ (၂၉-၁-၂၀၂၅)ထိ |
| ၅ | ဦးမြင့်ဝင်း | ၃၇၇၈/၁၉၉၅-၁၉၉၆ | ၄၃လမ်း-၆၁ | ၀.၁၁၀ | (၃၀-၁-၁၉၉၅) မှ (၂၉-၁-၂၀၂၅)ထိ |
| ၆ | ဦးတိုး | ၃၇၇၄/၁၉၉၄-၁၉၉၅ | ၄၃လမ်း-၆၂ | ၀.၁၁၀ | (၃၀-၁-၁၉၉၅) မှ (၂၉-၁-၂၀၂၅)ထိ |
| ၇ | ဦးကိုကိုအောင် | ၈၉/၂၀၁၃-၂၀၁၄ | ၄၀ လမ်း-(၉၈-ခ) | ၀.၄၁၀ | (၁၄-၁၁-၁၉၉၄) မှ (၁၃-၁၁-၂၀၂၄)ထိ |
| ၈ | ဦးကိုကိုအောင် | ၈၈/၂၀၁၃-၂၀၁၄ | ၄၁ လမ်း-(၁၁၁-ခ) | ၀.၄၁၀ | (၁၄-၁၁-၁၉၉၄) မှ (၁၃-၁၁-၂၀၂၄)ထိ |

အထက်ပါဖော်ပြပါ နှစ်(၃၀)မြေငှားဂရန် ရရှိထားသော ဝင်းမြေဧရိယာ စုစုပေါင်း(၁ဒသမ၄၈)ဧကရှိမြေအား ဒေါ်နိုင်နိုင်မော် အမည်ဖြင့် မြေငှားစာချုပ် (အမည်ပြောင်း၊ စက်မှုစီးပွား)နှင့် (အမည်ပြောင်း) လျှောက်ထားရာ ကျိုးကြောင်းဖော်ပြပါချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း(၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ် (အမည်ပြောင်း၊ စက်မှုစီးပွား) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လီတွေ့ာ်အရာရှိ**

**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မုံရွာမြို့၊ စက်မှုဇုန်ရပ်ကွက်နေ ဦးပြည့်ဖြိုးလှိုင် ၅/မရန(နိုင်)၁၅၁၆၈၀ မှ အောက်ဖော်ပြပါဝင်းမြေများအား အမည်ပြောင်း စက်မှုစီးပွား လျှောက်ထားလာပါသည်-

| စဉ် | အမည် | အမှုတွဲအမှတ် | ဦးပိုင်အမှတ် | ဧရိယာ | သက်တမ်း |
|---|---|---|---|---|---|
| ၁ | ဦးမျိုးမြင့် | ၂၆၆၇/၁၉၉၄-၉၅ | ဇီဇဝါလမ်း-၂ | ၀.၁၁၀ | (၉-၃-၁၉၉၄) မှ (၈-၃-၂၀၂၄)ထိ |
| ၂ | ဒေါ်အေးအေးမော် | ၂၆၆၆/၁၉၉၄-၉၅ | ဇီဇဝါလမ်း-၄ | ၀.၁၁၀ | (၉-၃-၁၉၉၄) မှ (၈-၃-၂၀၂၄)ထိ |
| ၃ | ဦးလှဦး | ၃၀၄၄/၁၉၉၄-၉၅ | ဇီဇဝါလမ်း-၆ | ၀.၁၁၀ | (၁၅-၃-၁၉၉၆) မှ (၁၄-၃-၂၀၂၆)ထိ |
| ၄ | ဦးခင်မောင် | ၃၄၇၅/၁၉၉၄-၉၅ | ဇီဇဝါလမ်း-၈ | ၀.၁၁၀ | (၉-၁၁-၁၉၉၄) မှ (၈-၁၁-၂၀၂၄)ထိ |
| ၅ | ဦးအောင်ကြည် | ၃၄၆၄/၁၉၉၄-၉၅ | ဇီဇဝါလမ်း-၁၀ | ၀.၁၁၀ | (၉-၁၁-၁၉၉၄) မှ (၈-၁၁-၂၀၂၄)ထိ |
| ၆ | တပ်သားအုန်းထွန်း | ၁၇၂၇/၁၉၉၂-၉၃ | ၄၃ လမ်း-၁ | ၀.၁၁၀ | (၂၅-၁၀-၁၉၉၃) မှ (၂၄-၁၀-၂၀၂၃)ထိ |
| ၇ | ဒေါ်ရီရီဆွေ | ၁၇၆၇/၁၉၉၂-၉၃ | ၄၃ လမ်း-၂ | ၀.၁၁၀ | (၂၅-၁၀-၁၉၉၃) မှ (၂၄-၁၀-၂၀၂၃)ထိ |
| ၈ | ဦးကျော်ဆွေ | ၂၂၀၈/၁၉၉၃-၉၄ | ၄၃ လမ်း-၃ | ၀.၁၁၀ | (၄-၁၂-၁၉၉၃) မှ (၃-၁၂-၂၀၂၃)ထိ |
| ၉ | ဦးချစ်တီး | ၂၂၁၇/၁၉၉၂-၉၃ | ၄၃ လမ်း-၄ | ၀.၁၁၀ | (၉-၁၂-၁၉၉၃) မှ (၈-၁၂-၂၀၂၃)ထိ |
| ၁၀ | ဦးသန်းဋ္ဌေး | ၂၂၁၄/၁၉၉၂-၉၃ | ၄၃ လမ်း-၅ | ၀.၁၁၀ | (၁-၁၂-၁၉၉၃) မှ (၃၀-၁၁-၂၀၂၃)ထိ |
| ၁၁ | ဒေါ်ခင်အေး | ၃၇၈၉/၁၉၉၅-၉၆ | စွယ်တော်လမ်း-၇၂<br>၄၀ လမ်း-၉၉ | ၀.၂၂၀ | (၃၀-၁-၁၉၉၅) မှ (၂၉-၁-၂၀၂၅)ထိ |
| ၁၂ | ဦးတူး | ၃၇၉၁/၁၉၉၅-၉၆ | စွယ်တော်လမ်း-၇၀<br>၄၀ လမ်း-၉၇ | ၀.၂၂၀ | (၃၀-၁-၁၉၉၅) မှ (၂၉-၁-၂၀၂၅)ထိ |
| ၁၃ | ဦးလန်ခန်စွမ်း | ၃၅၂၁/၁၉၉၄-၉၅ | ၄၁ လမ်း-၁၁၂ | ၀.၅၅၀ | (၁၄-၁၁-၁၉၉၄) မှ (၁၃-၁၁-၂၀၂၄)ထိ |
| ၁၄ | ဒေါ်လျှံခန့်ဝှန် | ၃၅၂၉/၁၉၉၄-၉၅ | ၄၂ လမ်း-၁၁၃ | ၀.၅၅၀ | (၁၄-၁၁-၁၉၉၄) မှ (၁၃-၁၁-၂၀၂၄)ထိ |

အထက်ပါဖော်ပြပါ နှစ်(၃၀)မြေငှားဂရန် ရရှိထားသော ဝင်းမြေဧရိယာ စုစုပေါင်း(၂ဒသမ၆၄)ဧကရှိမြေအား ဦးပြည့်ဖြိုးလှိုင် အမည်ဖြင့် မြေငှားစာချုပ် (အမည်ပြောင်း၊ စက်မှုစီးပွား) လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း(၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ် (အမည်ပြောင်း၊ စက်မှုစီးပွားပြောင်း) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လီတွေ့ာ်အရာရှိ**

**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

### ဖခင်အမည်မှန်

လားရှိုးမြို့၊ အလက(၉)၊ မောင်ဖွဲ့ထက်အောင်(ခ)စိုင်းအောင် (သတ္တမတန်း)၏ ဖခင်အမည်မှန်မှာ မှတ်ပုံတင်အရ ဦးရဲလင်း ၁၃/လရန(နိုင်)၁၄၂၇၂၉ ဖြစ်ပါကြောင်း။

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် EE/2747၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ ဖြဟ္မစိုရ်လမ်း၊ အိမ်အမှတ်(၇၉၀-ခ+၇၉၁-က) ရွှေဘုံစံမြန်မာဆောက်လုပ်ရေးမှ ဆောက်လုပ်သော Mini Condo မီနီကွန်ဒို၏ ပထမထပ်(နှစ်လွှာ) 1A တိုက်ခန်းကို ဒေါ်မူမူကျော်(ဘ)ဦးတင့်ဆွေထံမှ ဦးမျိုးသူ ၁၂/တတန(နိုင်)၁၈၅၇၅၉က ဝယ်ယူရန် ၃၀-၅-၂၀၂၁ ရက်တွင် စရန်ငွေပေးချေစာချုပ်ချုပ်ဆိုပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကိစ္စ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံ ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း လာရောက်၍ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်များအတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမျိုးနိုင်ဦး**
**အထက်တန်းရှေ့နေ(စဉ်-၄၄၈၆၂)**
**တိုက်(၁၀/၂၃)၊ စံပြဖဆပလရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း- ၀၉-၂၆၂၁၇၃၀၆၁**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန
## အထက်တန်းပြ၊ အလယ်တန်းပြနှင့် မူလတန်းပြဆရာ/မများ ခန့်ထားရေးအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနတွင် ဆရာလိုအပ်သည့် ကျောင်းများတွင် အထက်တန်းပြ၊ အလယ်တန်းပြနှင့် မူလတန်းပြရာထူးနေရာများ လစ်လပ်လျက်ရှိပါသဖြင့် လျှောက်လွှာခေါ်ယူပါသည်။

၂။ အထက်ဖော်ပြပါရာထူးများအတွက် လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) Ph.Dဘွဲ့(သို့မဟုတ်)မဟာဘွဲ့ရရှိသူများအား အထက်တန်းပြဆရာ၊ ဆရာမများအဖြစ်ခန့်ထားမည်။
(Ph.Dဘွဲ့အတွက် အသက် ၄၀နှင့်အောက်၊ မဟာဘွဲ့အတွက် အသက် ၃၅နှစ်နှင့်အောက်ရှိသူများ)

(ဂ) B.A(Hons:)(သို့မဟုတ်) B.Sc(Hons:) ဘွဲ့ရရှိသူများအား အလယ်တန်းပြ ဆရာ၊ ဆရာမများအဖြစ်ခန့်ထားမည်။
(Hons: ဘွဲ့အတွက် အသက် ၃၂နှစ်နှင့်အောက်ရှိသူများ)

(ဃ) B.A, B.Sc ဘွဲ့ရရှိသူများအား မူလတန်းပြဆရာ၊ ဆရာမများအဖြစ် ခန့်ထားမည်။
(B.A, B.Scဘွဲ့နှင့် PPTT, DTEd သင်တန်းဆင်းများအတွက် အသက် ၃၀နှင့်အောက်ရှိသူများ)

(င) ဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ ပညာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသူများသည် ဆရာအဖြစ်ပြောင်းလဲတာဝန်ထမ်းဆောင်လိုပါက လျှောက်လွှာတင်သွင်း၍ စာမေးပွဲဝင်ရောက်ဖြေဆိုနိုင်ပါသည်။ (ဝန်ထမ်းဖြစ်ပါက အသက် ၄၀အထိ လျှော့ပေါ့စဉ်းစားမည်)

၄။ အခြားဝန်ကြီးဌာနများမှ နိုင်ငံ့ဝန်ထမ်းများသည် သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီမှုရှိပါက မိမိတာဝန်ထမ်းဆောင်နေသည့်ဌာနမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူ၍ မိမိတာဝန်ထမ်းဆောင်လိုသည့် တိုင်းဒေသကြီး/ပြည်နယ် ပညာရေးမှူးရုံးများသို့ တိုက်ရိုက်လျှောက်ထား၍ စာမေးပွဲဝင်ရောက်ဖြေဆိုနိုင်ပါသည်။ (ဝန်ထမ်းဖြစ်ပါက အသက် ၄၀အထိ လျှော့ပေါ့စဉ်းစားမည်)

၅။ အထက်ဖော်ပြပါအရည်အချင်းသတ်မှတ်ချက်များနှင့် ပြည့်စုံသူများသည် သတ်မှတ်လျှောက်လွှာပုံစံကို သက်ဆိုင်ရာမြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး/ပြည်နယ် ပညာရေးမှူးရုံးများ၌ ၂၆-၅-၂၀၂၁ရက်နေ့မှစ၍ ရုံးချိန်အတွင်း အခမဲ့ထုတ်ယူနိုင်သည်။

၆။ အသက်ကန့်သတ်ချက်ကို ၂၀၂၁ခုနှစ် ဇွန်လ ၃၀ရက်နေ့ဖြင့် တွက်ချက်သည်။

၇။ လျှောက်လွှာပုံစံနှင့်အတူ အောက်ပါစာရွက်စာတမ်းများ ပူးတွဲတင်ပြရမည်-

(က) ပညာအရည်အချင်းအထောက်အထားအတွက် ဘွဲ့လက်မှတ်နှင့် အသက် အထောက်အထားအတွက် တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်မိတ္တူ (လျှောက်လွှာတင်သွင်းချိန်တွင် မူရင်းများတင်ပြရမည်)

(ခ) ကိုယ်တိုင်ကတိခံဝန်ချက်

(ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)

၈။ သက်ဆိုင်ရာမြို့နယ်ပညာရေးမှူးရုံးများသို့ ပူးတွဲပါလျှောက်လွှာပုံစံ၊ အထောက်အထားများနှင့်အတူ ၁၅-၆-၂၀၂၁ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားနိုင်သည်။

၉။ လျှောက်ထားသူများသည် ယှဉ်ပြိုင်စနစ်ဖြင့်ရွေးချယ်ခံရမည်ဖြစ်ပြီး ရေးဖြေ/နှုတ်ဖြေ ဖြေဆိုရမည့် အစီအစဉ်နှင့် အသေးစိတ်အချက်အလက်များကို လျှောက်လွှာထုတ်ယူခဲ့သည့် မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး/ပြည်နယ်ပညာရေးမှူးရုံးများတွင် ဆက်သွယ်စုံစမ်း၍ အစီအစဉ်အတိုင်း ဝင်ရောက်ဖြေဆိုရမည်။

**အခြေခံပညာဦးစီးဌာန**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)
## မုံရွာခရိုင်တရားရုံး
## ၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် - ၁၁၂

| | | |
|---|---|---|
| ကိုထက်ထက်ဝင်း | **နှင့်** | မနုယဉ်စိုး |
| **တရားလို** | | **တရားပြိုင်** |

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ မှန်တန်းရပ်ကွက်၊ မြန်မာ့သစ်လုပ်ငန်း၊ အာရှဘဏ်(၂)ဝင်းအတွင်းနေ မနုယဉ်စိုး (ဘ)ဦးမြင့်စိုး (ယခုနေရပ်လိပ်စာ မသိသူ) သိစေရမည်။

သင့်အပေါ်တွင် တရားလို ကိုထက်ထက်ဝင်းက လင်မယားကွာရှင်းပြတ်စဲပေးစေလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်ရုံးတော်အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ၊ ၂၀၂၁ ခုနှစ် ဇွန် ၂၈ ရက် (၁၃၈၃ ခုနှစ် နယုန်လပြည့်ကျော် ၄ ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်ကအမည်ပါသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၁ ခုနှစ် မေလ ၂၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဇော်မင်းအောင်)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**မုံရွာခရိုင်တရားရုံး**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၉)၊ နယ်မြေ(၁)၊ ဖြူန်းတောင်လမ်း၊ အိမ်အမှတ်(၁/၇၂၅) နေ ဦးအိုက်မောင် ၁၃/လရန(နိုင်)၀၂၅၈၇၁-ဒေါ်သန်း ၁၃/လရန(နိုင်)၀၂၅၈၇၂ တို့၏ ပဉ္စမမြောက်သမီး ဒေါ်လေးလေးဖြူ ၁၃/လရန(နိုင်)၁၂၃၀၄၁ သည် မိဘများ၏ ဆိုဆုံးမမှုကို မနာခံဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ် ပြုလုပ်နေပါသဖြင့် ၎င်းအား သမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ မိဘများက ခွင့်ပြုထားသည့် ဦးမင်းမင်း-ဒေါ်လေးလေးဖြူတို့ နေထိုင်ခဲ့သော အိမ်အမှတ်(၁/၇၂၆) သည် ၎င်းနှင့် မသက်ဆိုင်တော့ပါကြောင်းနှင့် ၎င်းနှင့် ပတ်သက်သမျှ ကိစ္စအဝဝကို တာဝန်မယူပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**

**ဦးအိုက်မောင်-ဒေါ်သန်း**

## အများသိစေရန် ကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁)၊ နယ်မြေ(၇)၊ အကွက်အမှတ် (ထင်းရှူးမြိုင်တိုးချဲ့)၊ ဦးပိုင်အမှတ်(၁၃၀) မြေချိန်ဧရိယာ(၀ဒသမ၀၉၆)ဧက မြေဂရန်အမှုတွဲအမှတ် ၂၈၀-၅/၂၀၁၆-၂၀၁၇(စီ)အရ ဦးမိုးမြင့်ဇော် အမည်ပေါက်မြေကွက်အား SP လွှဲစာရရှိထားသူ ဒေါ်သိန်းဋ္ဌေးဦးထံမှ ၂၃-၁၂-၂၀၁၉ ရက်တွင် အရောင်းအဝယ်စာချုပ်အမှတ်(၅၅၇၊/၂၀၁၉)ဖြင့် ဦးကျော်မိုးဦး ၅/ဝလရ(နိုင်)၁၁၁၃၈၀က ချုပ်ဆိုပိုင်ဆိုင်ထားပြီးဖြစ်၍ အမည်ပြောင်းထပ်မံ အသစ်လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက အထောက်အထားခိုင်လုံစွာဖြင့် ခရိုင်အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနသို့ ရက်ပေါင်း(၂၀)အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)
## ရွှေဘိုခရိုင်တရားရုံးတော်
## ၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် - ၆၄

| | | |
|---|---|---|
| ဦးစိုးဝင်း<br>(၎င်း၏အထွေထွေ<br>ကိုယ်စားလှယ်စာရရှိသူ<br>မဖြူနှင်းထွေး) | **နှင့်** | ၁။ မနေနွယ်လှိုင်<br>၂။ ဒေါ်ဝင်းမြင့် |
| **တရားလို** | | **တရားပြိုင်များ** |

မနေနွယ်လှိုင် (ဘ)ဦးအောင်ဝင်း အရောင်းအဝယ်၊ မဟာမြိုင်ရပ်ကွက်၊ တန့်ဆည်မြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

တရားလိုမှ ချေးငွေ (၁၅၀၀၀၀၀၀/-)နှင့် ကတိပျက်လျော်ကြေးငွေ (၁၀၀၀၀၀၀၀/-)စုစုပေါင်း(၂၅၀၀၀၀၀၀/-)ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၁ ခုနှစ် ဇွန်လ ၂၄ ရက် (၁၃၈၃ ခုနှစ် နယုန်လပြည့်နေ့) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၁ ခုနှစ် မေလ ၂၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ကျော်ဝေလင်း)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**ရွှေဘိုခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်

နေပြည်တော်၊ဥတ္တရသီရိမြို့နယ်၊ဇဝနသိဒ္ဓိရပ်ကွက်၊ လားရှိုး(၄)လမ်းနှင့် မြတ်လေး(၅)လမ်းထောင့်၊ဧရိယာ ၀ ဒသမ ၂၂၉၊ ပေ(၁၀၀x၁၀၀)၊မြေကွက်အမှတ်(ဥ-၅၂၁၅)၊ မြေတိုင်းရပ်ကွက်အမှတ်၁/ဥတ္တရသီရိမြောက်ရပ်၊မြေကွက်နှင့်မြေကွက်ပေါ်ရှိတွယ်ကပ်နေသောနှစ်ထပ်တိုက်နေအိမ် အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချခွင့်ရှိသူ မူလအမည်ပေါက်ဦးမောင်မောင် ၁၂/မဂဒ(နိုင်)၀၀၅၇၉၉ထံမှ ကျွန်ုပ်၏ မိတ်ဆွေကအပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသဖြင့် အဆိုပါမြေကွက်နှင့်စပ်လျဉ်း၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆိုအရောင်းအဝယ်ကိုကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်းခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထား(မူရင်း) စာရွက်စာတမ်းများနှင့်တကွ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

**ဦးမျိုးညွန့် (LL.B)အထက်တန်းရှေ့နေ (စဉ်-၃၉၉၇၃)**
**၅/၉(ခ) တောင်သာအုပ်စု၊ ကျော်ညီနောင်၊နေပြည်တော်၊**
**ဖုန်း-၀၉-၄၀၀၀၉၆၅၆၃၊၀၉-၉၆၃၂၇၅၉၀၄**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂)၊ လူနေရပ်ကွက် အမှတ်(၁၂)၊မာဃ(၁၂)လမ်း၊ မြေကွက်အမှတ်(၉၁၀/က)၊ အကျယ်အဝန်းပေ(၂၀x၆၀)ပေ၊နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၂)ထပ်နေအိမ်အဆောက်အဦအပါအဝင်အကျိုးခံစားခွင့်အားလုံးတို့ကို မြေအမည်ပေါက်ပိုင်ရှင်ဦးဝင်းရိုန် (Ec-၀၄၄၀၈၀) (ကွယ်လွန်)၏သားသမီးများထံမှ ဝယ်ယူထားသော ဒေါ်အေးသီတာအောင် ၁၂/သဃက(နိုင်)၀၄၄၄၃၄ထံမှ ဒေါ်ခင်မာမာဦး ၁၂/ဥကတ(နိုင်)၀၆၁၉၆၉နှင့် ဒေါ်ခိုင်မာဦး၁၂/ဥကတ(နိုင်)၁၆၄၉၃၇တို့က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုပါက ဤသတင်းစာကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်နေ့ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်ခင်မာမာဦး၊ဒေါ်ခိုင်မာဦး**
**အမှတ်(၉၅/၂)၊ ၅လွှာ(ဝဲ)၊မြင်သာ(၈)လမ်း၊**
**(၁၄/၁)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး**

## အသိပေးကြေညာခြင်း

ကသာမြို့၊ ရပ်ကွက်(၉)၊ အပိုင်း(၁)နေ ဦးစိန်မော်၏ ဦးပိုင်အမှတ်(N/4) အကွက်အမည် ပတ္တမြား၊ ကွင်းအမှတ်(၂၅)၊ အရှေ့ ၅၀ပေ၊ အနောက်အရှည် ၉၀ပေရှိ ခြံဝင်း(၁)နှင့် ခြံဝင်းအတွင်းရှိ ၂x၃ခန်း၊ ပျဉ်ထောင်၊ ပျဉ်ခင်း၊ သွပ်မိုး၊ နှစ်ထပ်၊ ခြေတံရှည်အိမ်နှင့် ၁x၁ခန်း၊ ပျဉ်ကာ၊ သွပ်မိုး၊ ဆိုင်ခန်းတစ်ခုတို့အား ရောင်းချမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ကြေညာသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း စာရွက်စာတမ်းများ ယူဆောင်လာပြီး ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးစိန်မော်**
**၅/ကသန(နိုင်)၀၀၇၅၁၄**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ကိုဓဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)
## မြောင်းမြခရိုင်တရားရုံး
## ၂၀၂၁ ခုနှစ် တရားမကြီးမှုအမှတ် - ၃

| | | |
|---|---|---|
| နော်ထူးဖော | **နှင့်** | ၁။ ဒေါ်ယုယုဝင်း<br>၂။ ဒေါ်နွယ်နွယ်ထွန်း |
| **တရားလို** | | **တရားပြိုင်များ** |

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့၊ မြဟေမာရပ်ကွက်၊ ဂုန်နီစက်ရုံအနီးနေ ဒေါ်ယုယုဝင်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ဆန်နှင့်အဝတ်အထည်ဖိုးငွေ (၁၀၉၄၄၄၀၀/-)ကျပ်ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ၊ ၂၀၂၁ ခုနှစ် မေလ ၃၁ ရက် (၁၃၈၃ ခုနှစ် ကဆုန်လပြည့်ကျော် ၆ ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားစွဲချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုများက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၁ ခုနှစ် ဧပြီလ ၂၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(လေးလေးနွယ်)**
**ဒုတိယခရိုင်တရားသူကြီး**
**မြောင်းမြခရိုင်တရားရုံး**

# COVID-19 ကာကွယ်ထိန်းချုပ်ရေးနှင့် စပ်လျဉ်းသည့် ကြိုတင်ကာကွယ်ရေးဆိုင်ရာ ကန့်သတ်ချက်များအား ၂၀၂၁ ခုနှစ်၊ ဇွန် ၃၀ ရက်နေ့အထိ တိုးမြှင့်သတ်မှတ်ကြောင်း ကြေညာချက်

၁။ COVID- 19 ကပ်ရောဂါ ကူးစက်ပြန့်ပွားမှုကို ကာကွယ်ထိန်းချုပ်သည့် အစီအမံများအား ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန် ရေးရှုလျက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် ကမ္ဘာ့နိုင်ငံအသီးသီးမှ မြန်မာနိုင်ငံသို့ လာရောက်ကြမည့် ခရီးသွားများအပေါ် ပြည်ဝင်ခွင့် ယာယီကန့်သတ်ချက်များအား ထုတ်ပြန်ထားခဲ့ပြီး၊ အဆိုပါကန့်သတ်ချက်များ အားလုံးကို ၃၁-၅-၂၀၂၁ ရက်နေ့အထိ ဆက်လက်တိုးမြှင့် သတ်မှတ်ကြောင်း ၃၀-၄-၂၀၂၁ ရက်စွဲပါ ကြေညာချက်ဖြင့် ထုတ်ပြန်ထားခဲ့ပြီး ဖြစ်ပါသည်-

(က) မြန်မာနိုင်ငံသို့ လာရောက်ကြသည့် ခရီးသွားများအပေါ် ကြိုတင်ကာကွယ်ရေး ကန့်သတ်ချက်များနှင့် စပ်လျဉ်း၍ ၁၅-၃-၂၀၂၀ ရက်စွဲပါ ကြေညာချက်၊

(ခ) မြန်မာနိုင်ငံသို့ လာရောက်ကြသည့် ခရီးသွားများအပေါ် ကြိုတင်ကာကွယ်ရေး ထပ်တိုးကန့်သတ်ချက်များနှင့် ဆိုက်ရောက်ဗီဇာနှင့် အီလက်ထရောနစ် ဗီဇာထုတ်ပေးခြင်းများအား ယာယီရပ်ဆိုင်းမှုတို့နှင့် စပ်လျဉ်း၍ ၂၀-၃-၂၀၂၀ ရက်စွဲပါ ကြေညာချက်၊

(ဂ) ကမ္ဘာ့နိုင်ငံအသီးသီးမှ မြန်မာနိုင်ငံသို့ လာရောက်ကြသည့် ခရီးသွားများအပေါ် ကြိုတင်ကာကွယ်ရေး ထပ်တိုးကန့်သတ်ချက်များနှင့် စပ်လျဉ်း၍ ၂၄-၃-၂၀၂၀ ရက်စွဲပါ ကြေညာချက်၊

(ဃ) ကမ္ဘာ့နိုင်ငံအသီးသီးမှ မြန်မာနိုင်ငံသို့ လာရောက်ကြမည့် နိုင်ငံခြားသားများအား ဗီဇာကင်းလွတ်ခွင့်နှင့် လူမှုရေးဗီဇာအပါအဝင် မည်သည့်ပြည်ဝင်ဗီဇာ အမျိုးအစားကိုမဆို ယာယီရပ်ဆိုင်းမှုနှင့် စပ်လျဉ်း၍ ၂၈-၃-၂၀၂၀ ရက်စွဲပါကြေညာချက်။

စာမျက်နှာ ၉ ကော်လံ ၁ ❐

# တရားမဝင် ငွေလွှဲ/ ငွေထုတ် အိမ်တိုင်ရာရောက် ဝန်ဆောင်ခလျှော့နည်းနှုန်းများယူ၍ ငွေသားပေးဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်နေသူကို ဖော်ထုတ်ဖမ်းဆီးရမိ

**နေပြည်တော် မေ ၃၁**

ရန်ကုန်မြို့နှင့် အချို့မြို့နယ်များ၌ တရားမဝင် ငွေလွှဲ/ ငွေထုတ် အိမ်တိုင်ရာရောက် ဝန်ဆောင်ခလျှော့နည်းနှုန်းများယူ၍ ငွေသားပေး ဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်မှုသည် ငွေရေးကြေးရေးအဖွဲ့စည်းများဥပဒေနှင့် တည်ဆဲဥပဒေများအပေါ် ဖောက်ဖျက်ကျူးလွန်နေသည့်အတွက် ကျူးလွန်နေသူများကို ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ရေးဆောင်ရွက်ခဲ့ရာ မေ ၂၀ ရက် ည ၁၀ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် (က) ရပ်ကွက်နေ မချိုချိုလှိုင် (၂၉ နှစ်)(ဘ) ဦးသိန်းဝင်းကို သတင်းအရစစ်ဆေးရာ ၎င်းသည် Online Shopping လုပ်ငန်းလုပ်ကိုင်ကာ အစိုးရဘဏ်၊ ပုဂ္ဂလိကဘဏ်များမှ ငွေထုတ်သူများ တန်းစီငွေထုတ်နေမှုအပေါ် အခွင့်ကောင်းယူ၍ ဝန်ဆောင်ခယူကာ အိမ်တိုင်ရာရောက် ငွေသားလိုက်လံထုတ်ပေးသည့် လုပ်ငန်းကို လုပ်ကိုင်ခဲ့ကြောင်း၊ ဝန်ဆောင်ခအနေဖြင့် ၁ သိန်းကျပ်လျှင် ၅ ရာခိုင်နှုန်း၊ ၄ ရာခိုင်နှုန်း၊ ၈ ရာခိုင်နှုန်းဖြင့် လိုအပ်သည့် ငွေသားအပေါ်မူတည်၍ ပေးဆောင်ရမည့် ဝန်ဆောင်ခရာခိုင်နှုန်းကို ကြိုတင်သတ်မှတ်ထားခြင်း မရှိဘဲ ညှိနှိုင်းဈေးဖြင့်သာ ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ ၎င်း၏ ဖုန်းအမှတ် ၀၉၇၀၅၅၅၅၆၁၀ ဖြင့် ဖွင့်လှစ်ခဲ့သည့် Cho Cho Hlaing ( Shilly Shally) အကောင့်ဖြင့်

စာမျက်နှာ ၈ ကော်လံ ၆ ◆

# ၂၀၂၁ ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာအမျိုးသမီးဘောလုံးအသင်း ယှဉ်ပြိုင်မည်

**ရန်ကုန် မေ ၃၁**

၂၀၂၁ ခုနှစ် (၃၁) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ၏ အမျိုးသား၊ အမျိုးသမီးဘောလုံးနှင့် ဖူဆယ်ပြိုင်ပွဲများတွင် မြန်မာအသင်းများ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ ဆီးဂိမ်းပြိုင်ပွဲကို နိုဝင်ဘာ ၂၁ ရက်မှ ဒီဇင်ဘာ ၂ ရက်အထိ ဗီယက်နမ်နိုင်ငံ၌ ကျင်းပသွားမည်ဖြစ်သည်။

အမျိုးသားဘောလုံးပြိုင်ပွဲတွင် အရှေ့တောင်အာရှ ၁၁ နိုင်ငံလုံး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သော်လည်း အမျိုးသမီးဘောလုံးနှင့် ဖူဆယ်ပြိုင်ပွဲများတွင်မူ အသင်းအရေအတွက် လျော့ကျဖွယ် ရှိနေသည်။ ဆီးဂိမ်းပြိုင်ပွဲတွင် အမျိုးသား ဘောလုံးပြိုင်ပွဲသာ ပုံမှန်ပါဝင်သော်လည်း အမျိုးသမီး ဘောလုံးနှင့် ဖူဆယ်ပြိုင်ပွဲများမှာမူ အိမ်ရှင်နိုင်ငံအပေါ် မူတည်၍ ပါဝင်ခြင်းဖြစ်သည်။ ယခုနှစ် ဆီးဂိမ်းပြိုင်ပွဲတွင် ဘောလုံးအားကစားနည်း၌ ဖူဆယ်နှင့် သဲသောင်ပြင်ဘောလုံးပြိုင်ပွဲကိုပါ ထည့်သွင်းကျင်းပမည်ဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့် သဲသောင်ပြင် ဘောလုံးပြိုင်ပွဲမှလွဲ၍ ဘောလုံးနှင့် ဖူဆယ်ပြိုင်ပွဲတွင် ယှဉ်ပြိုင်မည်ဖြစ်သည်။

စာမျက်နှာ ၁၁ ကော်လံ ၁ ●

# ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်းရှေ့၌ လက်လုပ်မိုင်းထောင်ရန် ပြုလုပ်စဉ် ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး မိုင်းထောင်သူအမျိုးသားတစ်ဦး ထိခိုက်ဒဏ်ရာရရှိ

စာ ၂၃





# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

## ရှမ်းပြည်နယ်၊ လားရှိုးမြို့နယ်၊ လင်းခေးမြို့နယ်၊ လဲချားမြို့နယ်၊ ဟိုပန်မြို့နယ်၊ နမ့်ခမ်းမြို့နယ်၊ လောက်ကိုင်မြို့နယ်နှင့် မိုင်းယောင်းမြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေး

စာ ၁၅

# လာမည့်နွေရာသီ အပြောင်းအရွှေ့တွင် တိုက်စစ်မှူး လူကာကူကို ခေါ်ယူဖွယ်ရှိနေသည့် ချယ်ဆီး



ပရီမီယာလိဂ်ကလပ် ချယ်ဆီးအသင်းသည် လာမည့်နှစ်တွင် ပရီမီယာလိဂ်ဖလားကို ဆွတ်ခူးနိုင်ရန်အတွက် စီးရီးအေချန်ပီယံ အင်တာမီလန်အသင်းမှ တိုက်စစ်ကစားသမား လူကာကူကို ယခုနှစ်နွေရာသီ အပြောင်းအရွှေ့ကာလတွင် ပြန်လည်ခေါ်ယူလိုနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။ အင်တာမီလန်အသင်းကလည်း အသင်းမှ အသက် (၂၈ နှစ်)အရွယ်တိုက်စစ်ကစားသမားကို ရောင်းထုတ်သွားဖွယ်ရှိနေသည့်အတွက် အဆိုပါ အပြောင်းအရွှေ့မှာ ဖြစ်မြောက်လာဖွယ်ရှိနေသည်။

ချန်ပီယံလိဂ်ဖလားကို မေ ၃၀ ရက်က ဆွတ်ခူးထားသည့် ချယ်ဆီးအသင်းသည် နည်းပြ တူချယ်လက်ထက်တွင် အသင်းလိုက်စုဖွဲ့မှု အားကောင်းလာသော်လည်း ခံစစ်ကိုအဓိကထား ပြုပြင်လုပ်ဆောင်ခဲ့သည့်အတွက် တိုက်စစ်ပိုင်း စွမ်းဆောင်ရည်တွင် နှစ်ဂိုးနှင့်အထက် သွင်းယူနိုင်သည့်ပွဲမှာ အနည်းငယ်သာ ရှိခဲ့သည်။ ထို့ကြောင့် နည်းပြတူချယ်အနေဖြင့် လာမည့်နှစ်တွင် ပရီမီယာလိဂ်ဖလားကို ဆွတ်ခူးနိုင်ရန်အတွက် အသင်း၏ တိုက်စစ်ပိုင်းကို အဓိကထား လုပ်ဆောင်ရန် ဆန္ဒရှိနေခြင်းဖြစ်သည်။

စာမျက်နှာ ၁၁ ကော်လံ ၁ ✻